www.burmeseclassic.com

for

ps. i love u



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# PS. I Love You

## မိုးစက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | မေလ၊ ၂၀၁၄ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | ရဲလေး |
| အဖုံးဖလင် | – | KABAOO |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ခင်မမ |
| မျက်နှာဖုံးပုံနှိပ် | | Happy Colour Printing<br>အမှတ် ၁၂၂၊ ၅၁ လမ်း(အလယ်)၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဦးသန့်ဇင်ထွန်း<br>ကြယ်ပွင့်စာပေ (မြဲ–၀၄၆၆၅)<br>အမှတ် ၄၄–ဘီ၊ မြေညီထပ်၊<br>ရေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

မိုးစက်ဝိုင်

PS. I Love You / မိုးစက်ဝိုင် – ရန်ကုန်၊

ကြယ်ပွင့်စာပေ၊ ၂၀၁၄။

၁၄၄ – စ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ

## မာတိကာ

၁။ PS. I Love You

၂။ ဒေဝင်ရဲ့ တိုးချဲ့ဥယျာဉ်

၃။ ကျွန်တော်နှင့် သကြာန်အမှိုက်စလေး

၄။ ကျွန်တော်နှင့် ပန်းပုရုပ်ကလေး

၅။ အပြစ်မမြင်သော အချစ်ဝတ္ထု

၆။ ကျွန်တော်နှင့် မီးတောင်ပျိုများ

၇။ ထိုးဇာတ်

၈။ အဖြေမရလိုက်သော အချစ်ဝတ္ထု

၉။ နွေရာသီအတွက် မိုးညဒိုင်ယာရီ

၁၀။ လာရာလမ်းအတိုင်း ပြန်ထွက်သွားတဲ့ အချစ်ဝတ္ထု

၁၁။ ကောင်လေးရဲ့ အိပ်မက်ဖြူ

၁၂။ သူငယ်ချင်းဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

## အမှာစကား

ကျွန်တော့်ရဲ့ အပိုင်းပိုင်းအစစသော လွမ်းမှုလွမ်းရာများကို ဆက်စပ်ပြီး တင်ဆက်လိုက်ခြင်း ဖြစ်ပါတယ်။

ဒါတွေဟာ ကျွန်တော်ရောက်တတ်ရာရာ ဆိုက်ကပ်ခဲ့တဲ့ ဆိပ်ကမ်းတွေဆိုရင်လည်း မမှားပါဘူး။

ပြောချင်တာကတော့ လူတစ်ယောက်ဟာ ဆင်ခြင်တုံတရားရဲ့ အပြင်ဘက်မှာရော၊ အတွင်းဘက်ကပါ တစ်ခြားလူတစ်ယောက်ကို ချစ်မိနေနိုင်တယ် မဟုတ်ပါလား။

သေချာတာကတော့ ဒီဝတ္ထုတိုတွေထဲက တစ်ချို့ဟာ ကျွန်တော် အဲဒီအချိန်တုန်းက ဖြစ်ပေါ်နေခဲ့တဲ့ ခံစားချက်အတိုင်း (ကျွန်တော့်အတ္တကိုသာ ရှေ့တန်းတင်ပြီး) လိပ်ပြာလုံလုံနဲ့ ရေးဖွဲ့ခြင်း

ကာဆုမိမြို့

www.burmeseclassic.com



သာ ဖြစ်ပါတယ်။

နောက်တစ်ခုပြောချင်တာကတော့ ကျွန်တော့်အစ်ကိုလို ခင်ရတဲ့ ကိုဝေမှူး (ကိုဝေမှူးသွင်) က သူ့ဝတ္ထုတစ်ပုဒ်ထဲမှာ အမှာစာရေးခဲ့သလို အမှန်တရားဆိုတိုင်း ရမ်းပြီး မယုံမိလိုက်ကြဖို့ပါပဲ။

ကျွန်တော်
**မိုးစက်ဝိုင်**



# PS. I Love You

## (၁)

ဖွဲဖွဲဖျောက်ဖျောက် ရွာကျနေတဲ့ မိုးရေစက်တွေကို ကျွန်တော်ရပ်ကြည့်နေမိရင်း ဖတ်ဖူးတဲ့ ကဗျာတစ်ပုဒ်ထဲက စာသားအချို့ကို တိုးတိုးလေး ရေရွတ်မိတယ်။

မိုးကလွဲရင် အားလုံးနဲ့လွဲခဲ့ပေါ့ . . . တဲ့။ ဒါဟာ ကျွန်တော့်အတွက် အချိုရှဆုံး အမှန်တရားဆိုတာ ကြွင်းကျန်နေတဲ့ စကားလုံးတစ်ချို့နဲ့ သူသိအောင် ပြောခွင့်ရရင် တစ်ကယ်ပဲ ပြောပြချင်သေးတယ်။

ကောင်မလေးရေ . . .

ဟောဒီကောင် ရင်ဘတ်ထဲမှာလည်း အချစ်ဆိုတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တည်ဖူးခဲ့ပါရဲ့ကွယ်။

(၁)

အဲဒီနေ့ကတော့ မိုးဟာ ကလေးငယ်တစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးနေခဲ့တယ်။ ကျွန်တော်လည်း အတန်းတက်စရာရှိသေးတာမို့ မိုးကိုစောင့်မနေတော့ဘဲ ထီးဖွင့်ဆောင်းပြီး ကွင်တင်းထဲက ထထွက်လာခဲ့တာပေါ့။

ကိုယ့်အတွေးနဲ့ကိုယ် ကျောင်းလမ်းလေးအတိုင်း လျှောက်လာတုန်းမှာပဲ . . .

"ဟော့ . . . ရှတ် . . . ရှတ် . . . ဒီမှာ . . . ဒီမှာ . . ."

လှမ်းခေါ်သံလေး ကြားလိုက်ရလို့ စူးစမ်းကြည့်မိတယ်။ အံ့လည်း အံ့ဩသွားရတယ်။ ကောင်မလေးတစ်ယောက် ကျောင်းလမ်းဘေးက မလေးရှားပိတောက်ပင်အောက်မှာ မိုးခိုရင်း ကျွန်တော့်ကို လှမ်းခေါ်နေတာပါ။

အူတူတူနဲ့ ကျွန်တော်သွားလိုက်တော့ သူက ကျွန်တော့်ထီးထဲ ဆတ်ခနဲ ဝင်ခိုရင်း . . .

"ဟိုလေ . . . ကျွန်မ ရှင့်ထီးနဲ့ စာသင်ဆောင်ဘက် လိုက်ခဲ့လို့ ရမလား"

ထီးထဲတောင် ရောက်နေပြီ။ သူ့အပြောလေးကြောင့် ကျွန်တော်က ပြုံးစိစိလုပ်ရင်း ပြန်ပြောမိတယ်။

"ဪ . . . အင်း . . . ရပါတယ်"

"ကျေးဇူးပဲ"

သူ့အပြောလေးတွေကြောင့် ကျွန်တော် ပိုရယ်ချင်သွားပြီး-

"မရလို့လည်း မဖြစ်ဘူးလေ။ ခင်ဗျားလေးက ထီးထဲတောင် ရောက်နေမှကိုး"

"အံမယ် . . . ရှင်က စျေးကိုင်တာလား"

ပြောရင်း မျက်စောင်းလေးက နီးနီးကပ်ကပ် ရောက်လာပါတော့တယ်။ ရေစိုနေတဲ့ သူ့အလှကိုလည်း ကျွန်တော်မရည်ရွယ်ဘဲ စူးစမ်းမိသွားတယ်။ ထီးတစ်လက်အောက်မှာ ခုလို မိန်းကလေးတစ်ယောက်နဲ့ အတူရှိနေဖို့ဆိုတာ ကျွန်တော်ဘယ်တုန်းကမှ မတွေးမိခဲ့ပါဘူး။

ရင်တဒိတ်ဒိတ်နဲ့ အတူလျှောက်လာရင်း ကျွန်တော့် အဆောင်ဘက်ရောက်တော့ ကော်ရစ်တာဆီ လှမ်းတက်မိတယ်။ သူက ကျွန်တော်နဲ့အတူ လိုက်ဝင်လာရင်း . . .

"ရှင်က ဒီအဆောင်မှာ တက်တာလား"

"အင်းလေ . . . ဘာဖြစ်လို့လဲ"

"ကျွတ်(စ်) . . . ဒုက္ခပါပဲ။ ကျွန်မက ဟိုဘက်က (ဒီ)ဆောင်မှာ တက်တာ။ မိုးကလည်း မစဲတော့ဘူး။ ဒီနေ့ကျမှပဲ ထီးက မေ့

www.burmeseclassic.com



ကျန်ခဲ့တာ”

“ဘာလဲ . . . တိုဘက်အထိ လိုက်ပို့ပေးရဦးမှာလား”

ကျွန်တော့်အပြောကြောင့် ရေစိုနေတဲ့ ဆံနွယ်စလေးတွေ ဘယ်ထင်ရင်း ပြန်ကြည့်လာရဲ့။ ပြီး . . . အားနာဟန်လေးနဲ့ပဲ . . .

“အာ . . . မဟုတ်ပါဘူး။ ဒီလောက်လိုက်လာရတာတောင် လွန်လှပြီ၊ ကျွန်မ မိုးစဲအောင်ပဲ စောင့်လိုက်ပါ့မယ်”

သူ့အပြောကြောင့် ကျွန်တော်နည်းနည်းတော့ ညစ်သွားတယ်။ လိုက်ပို့ချင်ပါတယ်ဆိုမှ သူက အရိုးခံလေးနဲ့ အားနာနေလို့လေ။ ခက်တော့နေပါပြီ။

ဒါပေမယ့် သူနဲ့ဆက်ပတ်သက်ရမယ့် အခြေအနေလေးကို ကျွန်တော်ချက်ချင်းတွေးမိသွားတယ်။ ဒါနဲ့ပဲ ထီးကို လှမ်းပေးရင်း-

“ကဲ . . . ရော့၊ ကျွန်တော့်ထီးပဲ ယူသွားတော့”

ပထမတော့ အံ့ဩသလို ကြည့်နေသေးရဲ့။ ပြီးမှ မိုးကို တစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ပြန်ကြည့်ပြီး . . .

“ဒီလိုဆိုလည်း ကျေးဇူးပါပဲ။ နောက်နေ့ ဒီအဆောင်ကို လာပြန်ပေးပါ့မယ်။ ဒါနဲ့ ရှင်က . . .”

ဒီအခွင့်အရေးကို စောင့်နေတဲ့ ကျွန်တော်က အားရဝမ်းသာစွာနဲ့ပဲ . . .

“ကျွန်တော်က ဟိုက F3 အခန်းက၊ ဆက်မော်လို့ မေး





လိုက်ရင် ရပါတယ်”

“အင်း . . . ကျွန်မ ဆက်ဆက်လာပြန်ပို့မယ်နော်၊ သွားပြီ”

မိုးစက်တွေကြားထဲ တိုးဝင်ပျောက်ကွယ်သွားတဲ့ သူ့ကို ကြည့်ရင်း ကျွန်တော့်နှလုံးသားမှာ အသံသစ်တစ်သံ ကြားနေမိပါတော့တယ်။

အဲဒီလို . . . မိုးထဲလေထဲမှာမှ အချစ်ကို ကျွန်တော်ကြိုးဆွဲမိခဲ့တဲ့ကောင်ပါ။

(၂)

နောက်နေ့မှာ မျှော်နေမိပေမယ့်လည်း သူရောက်မလာခဲ့ပါဘူး။ ထီးတစ်ချောင်းထက် သူ့ကို ထပ်မတွေ့ရတော့လို့ ကျွန်တော်နှမြောမိတာ တကယ်ပါ။ သူတက်တယ်ဆိုတဲ့ D ဆောင်ဘက်မှာ သွားကြည့်တော့လည်း အရိပ်အယောင်တောင် မတွေ့ရဘူး။

သုံးရက်အထိ မျှော်နေမိပေမယ့် ရောက်မလာတော့လို့ ကျွန်တော်စိတ်ကို လျှော့လိုက်ပါတော့တယ်။ အတန်းထဲမှာ ငူငူငိုင်ငိုင် ထိုင်နေတုန်းမှာပဲ . . .

“ကိုဆက်မော်ဆိုတာ ရှင်လား”

ကြည့်လိုက်တော့ သူစိမ်းကောင်မလေးတစ်ယောက်ပါ။ ကျွန်တော်က အလိုက်သင့်ပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"ရော့ . . . ဒီမှာ ရှင့်ထီး။ မိုးယုက ပေးခိုင်းလိုက်တာ"

လက်ထဲကို ထီးထိုးထည့်ပေးရင်း အဲဒီကောင်မလေးပြန်လှည့်ထွက်သွားလေရဲ့။ ကျွန်တော့်မှာ မေးချိန်တောင် မရလိုက်ဘူး။ ထီးကတော့ ကျွန်တော့်ထီးပဲ။ ဟိုကောင်မလေး ပြောသွားတဲ့အတိုင်းဆိုရင် သူ့နာမည်က မိုးယုတဲ့။ ဘာဖြစ်လို့များ ကိုယ်တိုင်လာမပေးတာလဲလို့တွေးရင်း ကျွန်တော့်မှာ မချင့်မရဲဖြစ်ရတယ်။ အကြောင်းတော့ ရှိမှာပေါ့လေ။

ညနေကျောင်းဆင်းတော့ မိုးရွာလို့ ကျွန်တော်ထီးဖွင့်ဆောင်းရတယ်။ ပါးစပ်ကလည်း ထီးကိုကြည့်ရင်း ဟာခနဲ ရေရွတ်မိရဲ့။ ကျွန်တော့်ထီးအနက်ရဲ့ အတွင်းဘက်မှာ ကော်ရရှင်ပန်နဲ့ ရေးထားတဲ့ စာကြောင်းလေးကို တွေ့လိုက်ရလို့ပါ။

PS. Thank You. တဲ့။

သူ့သူငယ်ချင်းကတစ်ဆင့် မပြောခိုင်းချင်လို့ ခုလိုရေးပေးလိုက်တာလို့ ကျွန်တော်တစ်ဖက်သတ် တွေးလိုက်မိတယ်။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကျွန်တော်ပျော်သွားမိတာတော့ အမှန်ပါပဲ။





(၃)

"အဲဒီနေ့က မိုးမိပြီး နေမကောင်းလို့ နောက်နေ့မှ သူငယ်ချင်းနဲ့ ထီးပြန်ပေးခိုင်းလိုက်တာ"

အဲဒီစကားလေးနဲ့စပြီး ကျွန်တော်တို့နှစ်ယောက်ဟာ သူငယ်ချင်းလို့ စာတန်းထိုးပြီး မိုးရာသီမြင်ကွင်းကျယ်ရုပ်ရှင်ပိတ်ကားထက်မှာ သရုပ်ဆောင်ခဲ့ကြတယ်။ မိုးယုနဲ့ပတ်သက်ပြီး ဘာမှမစုံစမ်းခဲ့သလို ကျွန်တော်ချဲ့ထွင်ခဲ့တဲ့ ဆက်ဆံရေးနယ်ပယ်ဟာလည်း အတိတ်အကြောင်းတွေမပါဘဲ အနာဂတ်သက်သက်အတွက်ပဲလို့ ယုံကြည်ခဲ့တယ်။

တစ်လနီးပါးကြာလာတဲ့အချိန်မှာ မိုးယုက ကျွန်တော့်ကို 'ကိုဆက်' လို့ ခေါ်တတ်လာသလို 'အချစ်' ဆိုတဲ့အရာတစ်ခုအတွက်လည်း ကျွန်တော်ရှေ့ဆက်တိုးဖို့ အသင့်နီးပါးဖြစ်ရခဲ့ပါပြီ။ ခုချိန်ထိ ကျွန်တော့်ထီးနဲ့ မိုးလိုက်ခိုနေတဲ့ ကောင်မလေးကို တစ်ဘဝလုံး သိမ်းမိုးစောင့်ရှောက်ချင်တာ ဘယ်သူမှ မပေးတဲ့ ကျွန်တော့်ရဲ့ ပီတိဝင်ရွှကြေးပါပဲလေ။

ကျွန်တော်ယုံကြည်ထားတယ်။ သူ့မျက်ဝန်းတွေကို အချိန်ပြည့်စူးစမ်းနေတဲ့ ကျွန်တော့်အကြည့်ကို သူဘာသာပြန်တတ်နေမှာပဲလို့လေ။ ကျွန်တော်စွန့်စားဖို့ ဆုံးဖြတ်တာ စွန့်လွှတ်ဖို့ လုံးဝမဟုတ်ခဲ့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၄)

"မိုးယုနဲ့ ကျွန်တော်သိတာ တစ်လပြည့်တော့မယ်နော်"

"ဟင် . . . ဘာဖြစ်လို့လဲ"

"ဩော် . . . ဘာဖြစ်ရမှာလဲ၊ ကျွန်တော်တို့ ခုလိုတွဲသွားတွဲလာ လုပ်နေတာ လူတွေလည်း စပ်စုကုန်ကြပြီ။ အနေအထိုင်တွေ ဆင်ခြင်ရမှာပေါ့"

"ဘာ . . . ကိုဆက်နော်။ တစ်ပြန်ကြီး . . . ဟွန်း"

မျက်နှာနီဝါးဝါးလေးနဲ့ အော်တော့တယ်။ တကယ်တော့ ဒါဟာ အသားယူတာမဟုတ်ဘဲ ကျွန်တော့်လှည့်ကွက်ထဲ သူမျောသွားတာပါ။

"အဟဲ . . . ဒီလိုလေ၊ အနေအထိုင် ဆင်ခြင်ရမယ်ဆိုတာ နောက်ခုလိုမနေဖို့ မဟုတ်ဘူး။ လူတွေထင်သလိုပဲ နေလိုက်ရအောင်လို့ ပြောတာ"

မိုးယု ခေါင်းလေးငုံ့ပြီး ငြိမ်သက်သွားလို့ ကျွန်တော့်ပင့်သက်ရှိုက်ပြီး . . .

"မိုးယု . . . မိုးယုကို ကျွန်တော် . . . "

"ကိုဆက် . . . မပြောပါနဲ့"

စကားနှစ်ခုဟာ မပြည့်စုံပေမယ့် လုံလောက်သွားသလိုပဲ။ မှားယွင်းမှုရနံ့တစ်ခုနဲ့ ကျွန်တော်ရင်တွေ မူးနောက်လာတယ်။





"မိုးယု . . . မိုးယု"

"ကိုဆက်ရာ . . . ဒီနေ့ မပြောနဲ့တော့နော်"

ဒီတစ်ခါတော့ ဦးနှောက်ထဲ လင်းပွင့်သွားရတယ်။ အို . . မနက်ဖြန်ဆိုတာ မိုးယုနဲ့ ကျွန်တော်သိတာ တစ်လတိတိပြည့်တဲ့နေ့ပဲ။ ဒါဆို မနက်ဖြန်မှာ သူငယ်ချင်းစာရင်း မျဉ်းပိတ်ပြီး ချစ်သူစာရင်း အကွရာသွင်းကြတာပေါ့ ခွေးစုတ်မလေးရယ်။

"မိုးယု မှတ်မိသေးလား။ မိုးယု ကျွန်တော့်ထီးမှာ ရေးပေးလိုက်သလိုလေ။ ကျွန်တော်လည်း PS. အနေနဲ့ စာကြွင်းကို မနက်ဖြန်မှ ပြောတော့မယ်"

အဲဒီစာကြွင်းကို ဘာလဲလို့ မိုးယု ထပ်မမေးတော့ပါဘူး။ သက်ပြင်းချသံလေးပဲ ကြားလိုက်ရပါတယ်။

(၅)

နောက်နေ့ ကျွန်တော့်ဆီရောက်လာခဲ့တာ မိုးယုမဟုတ်ခဲ့ဘူး။ ကျွန်တော်မျှော်လင့်မထားတဲ့အဖြစ်ဟာ ဒီနှစ်မိုးလို အလာစောခဲ့ပါတယ်။

"ဘာ . . . ဘယ်လို၊ ခင် . . . ခင်ဗျားက မိုးယုရဲ့ချစ်သူဟုတ်လား"

ကျွန်တော့်ရဲ့ သတိလက်လွှတ်အမေးကို အဲဒီလူက အား



www.burmeseclassic.com

www.burmeseclassic.com



နာဟာန်နဲ့ပဲ . . .

"ဟုတ်တယ် ကိုဆက်မော်။ ကျွန်တော်နဲ့ ကောင်မလေး တစ်ယောက်ကို အထင်လွဲပြီး မိုးယုနဲ့ စကားများခဲ့ကြတယ်။ ကျွန်တော့်ကို စိတ်ဆိုးပြီး သူလည်း ယောကျ်ားတစ်ယောက်ကို ကောက်တွဲပြနိုင်တယ်လို့ ပြောလာတယ်။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်နဲ့ ဒါဆိုလည်း မင်းငါပြတဲ့ ယောကျ်ားကို တစ်လအတွင်း ဖြားယောင်းပြစမ်းပါလို့ ပြောလိုက်မိတယ်။ ဒါပေမယ့် ကျွန်တော်လှမ်းပြလိုက်တဲ့ ယောကျ်ားဟာ ခင်ဗျားဖြစ်နေလို့ပဲ"

"ဗျာ"

မိုးယုနဲ့ကျွန်တော် ကျန်ခဲ့တဲ့တစ်လက 'စ'တွေ့ခဲ့တဲ့နေ့ကို ပြန်မြင်ယောင်နေမိတယ်။ အရာအားလုံးဟာ စနစ်တကျ စော်ကားခံလိုက်ရတာလား။ ကံကြမ္မာကိုက ဆိုးလွန်းတာပါလေ။

"ဒီနေ့ဟာ သူနဲ့ကျွန်တော် လောင်းထားတဲ့နေ့ပဲ။ ခင်ဗျား ဒီနေ့ မိုးယုကို Propose လုပ်တော့မယ်လို့ သိရတယ်။ ကိုဆက်မော် . . . သူ့ကိုဖွင့်ပြောလိုက်ရင် ကျွန်တော်ရှုံးမှာပါ။ ဒါပေမယ့် ကျွန်တော်ရှုံးသလို ကိုဆက်မော်ကိုလည်း မနာကျင်စေချင်ဘူး။ သူငယ်ချင်းတွေလည်း သိကြတော့ ကျွန်တော်တို့ရဲ့မာနတွေ မကျိုးကြေစေချင်လို့ပါ"

ဘာတွေလဲ . . . ဘာတွေလဲ။ ကျွန်တော့်စိတ်ထဲက အော်





နေမိတယ်။ မိုးယုဟာ ဒီလိုပဲ တကယ်လုပ်ခဲ့တာလား။ မနေ့ကအထိ သူ့မျက်ဝန်းတွေထဲမှာ ကျွန်တော်ဖတ်မိခဲ့တာက 'အချစ်' ဆိုတဲ့ အက္ခရာပါ။ သူ ကျွန်တော့်ကို နည်းနည်းလေးမှ မချစ်ခဲ့ဘူးလား။ ကျွန်တော်မယုံချင်ဘူး။

ရွာကျနေတဲ့ မိုးရေစက်တွေကြားထဲ မတုန်မလှုပ် ကျွန်တော် ရပ်နေမိတယ်။ ဘယ်လောက်စိုစို ကျွန်တော့်ရင်ထဲကို အေးမြစေတော့မှာ မဟုတ်ပါဘူး။ နောက်ကျောဆီက အသံကလေးကြားလိုက်ရမှပဲ ကျွန်တော့်အာရုံတွေ တုန်ခါသွားရတယ်။

"ကိုဆက် . . . ကျွန်မ ရှင်းပြပါရစေ။ ဒီကိစ္စဟာ လောင်းခဲ့တယ်ဆိုပေမယ့် ကျွန်မ . . . ကျွန်မ ကိုဆက်ကို . . . "

ဘုရားရေ . . . မိုးယုပါလား။ ကျွန်တော် လှည့်ကြည့်လိုက်ရမှာလား။ ပြီးတော့ ဘာများပြောရဦးမှာလဲ။ ရိုးရိုးဖြူဖြူနဲ့ ချစ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ကိုတော့ လက်ညှိုးထိုးပြီး နင့်နင့်သီးသီး ကျွန်တော်ပြောမထွက်ဘူး။

လှည့်မကြည့်ဘဲ နာနာကျင်ကျင်ပဲ ပြောလိုက်မိတယ်။

"သွားပါတော့ မိုးယု၊ ဇာတ်လမ်းက ပြီးသွားပြီပဲ။ ကျွန်တော်တို့ နွေးနွေးထွေးထွေးပဲ လမ်းခွဲရအောင်နော်။ သွားပါတော့ဗျာ"

ရှိုက်သံသဲ့သဲ့နဲ့အတူ မိုးယုပြေးထွက်သွားတဲ့ အသံကိုပဲ ကျွန်တော်ကြားနေရပါတယ်။ ဒါဟာ မိုးရာသီမြင်ကွင်းကျယ်ကြီးပဲ ရှင်



www.burmeseclassic.com

www.burmeseclassic.com



ကားရဲ့ အဆုံးသတ်တဲ့လားကွယ်။ အားလုံးကို 'အလွမ်း' လို့ စာတန်း ထိုးပြီးရင်တော့ ကျွန်တော်ရေးပြချင်တဲ့ စာကြွင်းလေးက ကျန်နေပါ သေးတယ်။

မိုးယုရေ . . . PS. I Love You ဆိုတာကတော့ ငါ့ရင်ထဲ မှာ ကြွင်းကျန်ရစ်နေတဲ့ ကျောက်ဖြစ်စာကြွင်းတစ်ခုပါပဲကွာ။

* * * *



# ဒေင်ရဲ့ တိုးရဲ့ဥယျာဉ်

အချစ်ဆိုတာ . . .

ဆန့်ကျင်ဘက် လူသားနှစ်ယောက်နဲ့ ပန်းသီးလေးတစ်လုံး ရယ်၊ ပြီးတော့ ဥယျာဉ်ကျယ်ကြီးတစ်ခုထဲမှာပေ့ါ။

အဲဒီမှာတင် ဖူးပွင့်၊ နူးညံ့၊ မြင့်မြတ်၊ သက်ဝင်လာခဲ့တယ် လို့ ကမ္ဘာဦးကျမ်းအရ ကျွန်တော်ကြားဖူးခဲ့ပါတယ်။

အာဒံနဲ့ ဧဝဆိုတာကို ကျွန်တော်မမြင်ဖူးဘူး။ ဒါပေမယ့် သူတို့ရဲ့အချစ်ကိုတော့ ကြားနာခွင့်ရခဲ့တယ်။ ပြီးတော့ ဧဒင်ဥယျာဉ် ဆိုတာလည်း ကျွန်တော်မသိဘူး။ ဒါပေမယ့် ချစ်တတ်သူတွေအတွက် တော့ နေ့တိုင်းဟာ ချစ်သူများနေ့ဖြစ်နိုင်သလို နေရာတိုင်းဟာလည်း ဧဒင်ဥယျာဉ်ပါပဲလို့ ကျွန်တော်က တစ်ဖက်သတ် တစ်ကိုယ်စာ



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ထားပါတယ်။

အဲဒီလို ခံယူထားတဲ့ ကျွန်တော်နဲ့ သူမဟာ ပြာလွင်နေတဲ့ ကောင်းကင်ကြီးအောက်က သာမန်နေ့တစ်နေ့မှာပဲ ဆုံတွေ့ခဲ့ကြတယ်။

ဒါဟာ ရိုးစင်းလှတဲ့ တွေ့ဆုံမှုလား။ ဒါမှမဟုတ် ကံကြမ္မာရဲ့ အထူးပြုလုပ်ထားတဲ့ လက်ဆောင်တစ်ခုလားဆိုတာ မသိရိုးအမှန်ပါ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ တိုက်ဆိုင်မှုတစ်ခုဆိုရင်လည်း အဲဒီမတော်တဆ နတ်သမီးကို ကျွန်တော်ဦးညွတ်လိုက်ပါတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ အဲဒီခေတ်သစ်ဒေဝင်ရဲ့ တိုးချဲ့ဥယျာဉ်ထဲမှာပဲ မရိုးမဆန်းတွေ့ခဲ့ကြတယ်။ တစ်ယောက်မျက်ဝန်းတွေဆီ တစ်ယောက်က စူးစမ်းခဲ့ကြ။ အကြည့်တွေ ခုန်ကူးရင်း ဝတ်မှုန်ကူးခဲ့ကြပြီး အနုးညံ့ဆုံး ဝင်သက်ထွက်သက်တွေကလည်း ဖွဖွ . . .။ အရာရာကို နားလည်မှုရှိစွာနဲ့ တဒင်္ဂလေးတွေကို ကိုင်းဆက်ပြီး 'အချစ်' လို့ အမည်တပ်ခဲ့ကြတယ်။

ကျွန်တော်ထင်တယ်လေ . . .။

**<u>တစ်ခါတလေမှာ တစ်ယောက်ရဲ့ရင်ထဲကို တစ်ယောက်က ခဏလေးဖြစ်ဖြစ် တိုးလျှိုပေါက် မြင်ခွင့်ရလိုက်တာဟာလည်း အချစ်ပဲ မဟုတ်ပါလား။</u>**





(၂)

မှတ်မိနေပါသေးတယ်။ အဲဒီနေ့ မနက်စောစော ကျွန်တော်အိပ်ယာကထတော့ ညက မက်ခဲ့တဲ့ အိပ်မက်ကိုပေါ့။ ပြန်တွေးရင်းနဲ့ ရင်ထဲမှာ ဘာလိုလိုနဲ့ ရယ်ချင်ပက်ကျိဖြစ်ရတယ်။

အိပ်မက်ထဲမှာ သူ့ကိုယ်သူ ကျူးပစ် (Cupid) လို့ပြောတဲ့ နတ်ရုပ်လေးနဲ့ တွေ့ပါတယ်။ သူက ကျွန်တော့်ကို မေးတယ်။ မင်းမှာ ဘာဖြစ်လို့ ချစ်သူမရှိသေးတာလဲတဲ့။ အရွယ်လည်း ရောက်နေပြီလို့ ပြောတယ်။ ကျွန်တော်က အမြီးမပေါက်သေးလို့ပါလို့ ပြောင်စပ်စပ် ပြန်ဖြေလိုက်တယ်။ အဲဒါကို သူက တင်းသွားတယ်နဲ့ တူပါတယ်။ မင်းကို ငါက ကူညီမလို့ လာခဲ့တာ။ ခုတော့ မင်းကို အပြစ်ပေးရတော့မယ်လို့ ပြောတယ်။ ပြီး . . . မပြောမဆိုနဲ့ ကျွန်တော့်ရင်ဘတ်ထဲက ဘယ်ဘက်နံရိုးတစ်ချောင်းကို ဆတ်ခနဲ ထုတ်ယူသွားတော့တာပဲ။ ကျွန်တော် အလန့်တကြား အော်လိုက်တော့ အိပ်ယာက လန့်နိုးနေပါပြီ။ ဘယ်လိုအိပ်မက်ကြီးလည်း မသိဘူးနော်။

ကျွန်တော်ကတော့ ကိုယ့်ဘက်ကိုယ်ယက်ပြီးတော့ပဲ မညှာမတာ တွေးမိပါတယ်။ ငါတော့ ချစ်သူတစ်ယောက် ရတော့မှာပဲလို့ပါ။ ဟုတ်တယ်လေ . . . ကျူးပစ် (Cupid) က ဒီတစ်ခါ မြားနဲ့မပစ်ဘဲ ကျွန်တော့်ဘယ်ဘက်နံရိုးနဲ့ ချစ်သူတစ်ယောက် မဖန်ဆင်းပေးနိုင်ဘူးလို့ ဘယ်သူက ပြောနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်တယ်ပဲဆိုဆို ရူးတယ်လို့ပဲ ပြောပြော ကျွန်တော် လက်ခံပါတယ်။ လူတိုင်းမှာ ကိုယ်ပိုင်ရူးသွပ်ခွင့်တွေ ရှိကြတာပဲလေ။ ရူးချင်ယောင်ဆောင်တာမျိုးကိုပဲ ကျွန်တော်က မုန်းတာပါ။ ပြီးတော့ ဘယ်တုန်းကမှ ချစ်စိတ်မမွေးဖူးခဲ့တဲ့ ကျွန်တော့်နှလုံးသားကိုလည်း ကျွန်တော်တကယ်ချစ်တဲ့သူတစ်ယောက် တွေ့လိမ့်နိုးနိုးနဲ့ ကြိုးဖြည် ထားခဲ့တာ အတော်ကြာခဲ့ပါပြီ။ ဒါပေမယ့် ခုထိတော့ နှလုံးသား ရေးရာမှာ ကျွန်တော်က စုန်းပြူးတစ်ယောက် ဖြစ်နေဆဲပါ။ ဒီတော့ လည်း ကျူးပစ် (Cupid) ပေးမယ့်အပြစ်ကိုပဲ အရသာရှိရှိ မျှော်လင့် ရူးသွပ်ရတော့မှာပဲ။

ကဲ . . . ကံတရားရေ . . .။

တစ်ကြိမ်တစ်ခါလောက်တော့ ငါ့အတွက် ပန်းတစ်ပွင့် ပွင့်ပေးပါဦး။

(၃)

ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကူးတွေယဉ်ရင်း ကရဝိတ်ဥယျာဉ် ကမ္ဘာလို့ခေါ်တဲ့ မျှော်စင်ကျွန်းရှိရာကို ကျွန်တော်ရောက်သွားခဲ့တယ်။ စိတ်ကူးယဉ်တယ်လို့ ဆိုခဲ့ပြီးပါပြီ။ ဒါကြောင့် ကျွန်တော့်အတွက် ချစ်သူလေးတစ်ယောက်လောက် ကောက်ရပါစေဆိုတဲ့ မဟာမျှော် လင့်ချက်ကြီးလည်း ပါတာပေါ့။





လက်တွေ့ကျတော့ တစ်ယောက်တည်းသွားရတာ ကြောင် တောင်တောင် အတော်နိုင်တာပဲ။ ပိုက်ဆံသုံးရာပေးပြီး ပန်းခြံထဲ ဝင်လာခဲ့တယ်။ ကျွန်တော့်ဘယ်ဘက်ရင်ဘတ်က အကျႌပေါ်မှာ ဝန်ထမ်းကောင်မလေးက စတစ်ကာလေး ကပ်ပေးလိုက်တယ်။ အဲဒီ စတစ်ကာအဝိုင်းလေးမှာ (Happy) ဆိုတဲ့ စာတမ်းလေးနဲ့ (1112) လို့ ရေးထားတာကို ကျွန်တော်ငုံ့ကြည့်ဖြစ်တယ်။ နှလုံးသားပေါ်က ပျော်ရွှင်မှုဆိုတဲ့ စာတမ်းလေးဟာ နမိတ်ကောင်းပဲလို့ ခပ်တည်တည် တွေးပစ်လိုက်တာပေါ့။

ကျွန်တော်က ပန်းခြံတွေဘာတွေကို ခုလိုတစ်ယောက်တည်း သွားလေ့မရှိပါဘူး။ စိတ်အပြောင်းအလဲ တစ်ခုခုဖြစ်မလားဆိုပြီး လာခဲ့တာ။ ကျွန်တော့်ရဲ့ ရူးကြောင်ကြောင်နိုင်တဲ့ အစီအစဉ်လေး လည်း ပါတာပေါ့လေ။ ပိုက်ဆံလေးသုံးရာပေးရုံနဲ့ အာရုံတွေလန်း နိုင်မယ့် ဒီလိုနေရာမျိုးရှိနေတာကိုက ဝမ်းသာစရာပါ။ ဒါကြောင့် လည်း ထင်ပါရဲ့။ ပန်းခြံထဲမှာ တွေ့နေရတဲ့ လူတွေအားလုံးဟာ ပေါ့ပါးလွတ်လပ်နေကြတယ်။ ပြုံးပျော်လှုပ်ရှားနေကြတယ်။ အများစု ဖြစ်တဲ့ ချစ်သူတွေအတွက်တော့ ဧဒင်ရဲ့ တိုးချဲ့ဥယျာဉ်ကြီးပဲလို့ ကျွန်တော်တွေးမိပါသေးတယ်။

ဟိုဟိုဒီဒီငေးရင်း ကျွန်တော် လျှောက်သွားနေမိတယ်။ တစ်ခြားသူတွေလို ဦးတည်ချက်တစ်ခုခုမှ ရှိမနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com


တွေးရင်း၊ ငေးရင်း လျှောက်လာရင်း လမ်းချိုးလေးတစ်ခုထဲကို ကွေ့ဝင်လိုက်တဲ့အချိန်မှာတော့ ကျွန်တော့်ခန္ဓာကိုယ်ဟာ အထိအတွေ့တစ်ခုနဲ့ တုန့်ခနဲ၊ ကျွန်တော့်ပါးစပ်ကလည်း အင့်ကနဲ အာမေဋိတ်တစ်ခွန်း ထွက်ကျသွားလေရဲ့။

ဘာကိုမှ မမြင်ရခင်လေးအပြီး ပထမဆုံး မြင်ကွင်းထဲမှာ တွေ့လိုက်ရတာကတော့ လမ်းမပေါ် လိမ့်ဆင်းသွားတဲ့ စားလက်စ ပန်းသီးလေးတစ်လုံးပါပဲ။

အားနာစိတ်တွေနဲ့ ဝင်တိုက်မိသူကို ကျွန်တော် မော်ကြည့်လိုက်မိတယ်။

တစ်စက္ကန့်၊ နှစ်စက္ကန့် ဘုရားရေ . . . ကျွန်တော့်နှလုံးသားတစ်ခုလုံး တဒင်္ဂနတ်ပူးလို့ သွားလေရဲ့။ ဒါဟာ စနစ်တကျနဲ့ နှလုံးသားလုပ်ကြံခံရတာများပဲလားကွယ်။

ကျွန်တော် အာရုံတွေ တုန်ခါနေတုန်းမှာပဲ အကြည့်စူးစူးလေးနဲ့အတူ . . .

“ဒီမှာ ရှင်လူတစ်ယောက်လုံးလာနေတာကို မမြင်ဘူးလား”

ကျွန်တော် မဖြေမိသေးဘူး။ ကျွန်တော့်ကို မိုက်မဲစေဖို့ သူ့ကိုယ်မှာ ဖြစ်တည်နေတဲ့ အလှတရားတွေမှာ နစ်မျောနေမိသေးတယ်။ ကျွန်တော့်အကြည့်ရိုင်းရိုင်းကြောင့် သူလည်း ပိုပြီးစိတ်တိုလာတယ် ထင်ပါရဲ့။





“ဒီမှာ ဒီမှာ ရှင်နားရော ကြားပါတယ်နော်”

ခုမှပဲ ကျွန်တော့်မှာ စိတ်နဲ့ခန္ဓာ ပြန်ကပ်သွားတယ်။

“အင် . . . အဲ ကြားပါတယ်။ ဆောရီးနော်။ ကျွန်တော် ငေးနေမိတာနဲ့”

“သြော် . . . စကားတော့ ပြောတတ်သေးတာကိုး”

မျက်ခုံးလေးအတွန့်ချိုးရင်းနဲ့ ရွဲ့သလို စူပွပွ ပြောလာပါတော့တယ်။ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ။ ဘာပြောရမှန်းမသိတာနဲ့ဘဲ . . .

“တကယ်ပါဗျာ . . . မတော်လို့ပါ။ တောင်းပန်ပါတယ်”

“ပါးစပ်နဲ့ တောင်းပန်ရုံနဲ့ ပြီးမလားရှင့်။ ရှင့်ကြောင့် ဖြစ်သွားတာကို ပြန်လျော်ပေးဦးလေ”

“ဗျာ”

“မဗျာနဲ့လေ။ ခုနက ရှင်နဲ့တိုက်မိလို့ လွတ်ကျသွားတဲ့ ဟိုပန်းသီးကိုပြောတာ။ စားချင်လွန်းလို့ အင်းလျားလမ်းသစ်သီးဆိုင်က ဝယ်လာခဲ့တာကိုမှ”

ဒုက္ခပါပဲ။ ကျွန်တော့်မှာ တရားခံဖြစ်သွားရတယ်။ ပန်းသီးလေးပြန်ကောက်ပြီး ရေဆေးပေးလိုက်ရင်တော့ ဒင်းကလေး ဒေါပွလို့ ဆုံးတော့မှာ မဟုတ်ဘူး။

ဒါနဲ့ပဲ မေးရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ . . . အဲဒီပန်းသီးက ဘယ်လောက်ကျ . . . ကျ"

"အောင်မာ . . . ပိုက်ဆံကို ဘာလုပ်ရမှာလဲ။ ကျွန်မပန်းသီးကိုပဲ ပြန်လိုချင်တယ်"

"ကောင်းပြီလေ"

လို့ ခပ်တည်တည် ပြန်ပြောလိုက်ရတယ်။ မကောင်းဘူးလေလို့ ပြောလို့မှ မဖြစ်တာကိုး။

တန်ခိုးရှင်တစ်ယောက်လို ဒီနေရာမှာပဲ ပန်းသီးတစ်လုံး ဖန်ဆင်းမပြနိုင်လို့ မေးရတော့တယ်။

"ကျွန်တော် ပန်းသီးပဲ ပြန်လျော်ပေးပါ့မယ်"

"အင်းလျားလမ်း သစ်သီးဆိုင်က ပန်းသီးနော်"

ဒါတော့ ဒီကောင်မလေး ရစ်တာပါ။ ကျွန်တော်ကလည်း ဒီအချိန်မှာ အရစ်ခံချင်နေတဲ့အကောင်ဆိုတော့ ရသည်ပေါ့လေ။

"ဒါဆိုလည်း အချိန်နည်းနည်းပေး။ ခင်ဗျားက ဘယ်မှာ စောင့်နေမှာလဲ"

"ဟိုမှာ ဟိုအနားမှာ စောင့်နေမယ်"

သူညွှန်ပြတဲ့ နေရာလေးကို ကြည့်ပြီး၊ ကျွန်တော်လှည့်ထွက်လာခဲ့တယ်။ စိတ်ကူးထဲမှာလည်း ပျော်ရွှင်မှုတွေက မြူးတူးယိမ်းထိုးနေကြပြီ။

အိပ်မက်တစ်ခု၊ ကောင်မလေးတစ်ယောက်နဲ့ ပန်းသီးတစ်





လုံး၊ ပြီးတော့ ဥယျာဉ်တစ်ခုထဲမှာ၊ ကျွန်တော့်နားထဲ ကမ္ဘာဦးဂီတသံတွေ ကြားနေရပါတော့တယ်။

ကားတစ်စီးငှား၊ အင်းလျားလမ်းဆိုင်မှာ ပန်းသီးသွားဝယ်နဲ့ နည်းနည်းတော့ အလုပ်ရှုပ်သွားတာပေါ့။

ပန်းသီးလေးကိုင်ပြီး ပန်းခြံထဲ ပြန်ဝင်လာရင်း တွေးမိတယ်။ ကျွန်တော်ကသာ ကိုယ့်စိတ်ကူးနဲ့ကိုယ် အလေးအနက်ထားပြီး ခုလို လုပ်နေမိတာ။ သူက ကျွန်တော်ဝင်တိုက်မိတာကို မကျေနပ်လို့ ပြန်မောင်းတာလား မသိဘူး။ နောက်ပြီး ကျွန်တော်ပြန်အလာကို မစောင့်နေရင်တော့ဆိုပြီး စိတ်ထဲမှာ စိုးရိမ်ရေမှတ်ရောက်သွားတယ်။

သူဘယ်သူလဲ။ ဘယ်မှာနေလဲ ဆိုတာလည်း ကျွန်တော် မသိသေးဘူးလေ။ ပြန်မတွေ့တော့ရင် ဆိုတဲ့အတွေးက ကျွန်တော့်ရဲ့ တွေ့ချင်စိတ်ကို ဖိစီးလာပါတော့တယ်။ ဒါဟာ ကျူးပစ် (Cupid) ပေးတဲ့ အပြစ်ဆိုရင်တော့ ကျွန်တော့်နှလုံးသား စုံလုံးကန်းပါပြီ။

စိုးရိမ်ဆူဝေနေတဲ့ စိတ်တွေက ကျွန်တော့်ခြေလှမ်းကို မြန်စေပါတော့တယ်။ လမ်းကလေးကို ချိုးဝင်ပြီး သူရှိနေမယ်လို့ ညွှန်ပြခဲ့တဲ့ နေရာလေးကို မဝံ့မရဲနဲ့ မျှော်လင့်တကြီး လှမ်းကြည့်မိလိုက်တယ်။

"ဟင်"

ကျွန်တော်ဝင်တိုက်မိလို့ သူ့လက်ထဲက ပန်းသီးလေးလွှတ်



www.burmeseclassic.com

www.burmeseclassic.com



ကျသွားခဲ့သလိုမျိုး သူဝင်တိုက်ခဲ့တဲ့ ကျွန်တော့်နှလုံးသားဟာ အစိမ်းလိုက်ကျကွဲ၊ မျှော်လင့်ချက်တွေဟာ သွေးစိမ်းရဲကုန်ပါတော့တယ်။

အဲဒီနေရာလေးမှာ သူရှိနေခဲ့ပါတယ်။ တစ်ခြားကောင်လေး တစ်ယောက်နဲ့ပါ။ ရယ်လို့၊ မောလို့၊ စကားတွေ ပြောလို့။ ဒါ . . . ဒါဆို သူပန်းခြံထဲလာတာ တစ်ယောက်တည်း မဟုတ်ဘူးပေါ့။ အဲဒီကောင်လေးနဲ့ သူဟာ . . . ဟင့်အင်း . . . ကျွန်တော်မတွေးရဲတော့ပါဘူး။

စနစ်တကျ အရှုံးလုပ်ခံရပြီဆိုတဲ့ ဝမ်းနည်းစိတ်တွေနဲ့အတူ ကျွန်တော်နာကျင်ခံစားရပါတော့တယ်။

ဒါဟာ မိန်းကလေးတစ်ယောက်ကို တဒင်္ဂလေးမှာ နင့်နင့်သည်းသည်း ချစ်မိသွားပြီး တစ်ချိန်ထဲမှာ ဆုံးရှုံးရပြီဆိုတဲ့ ဆို့နင့်စရာ ဇာတ်လမ်းတစ်ပုဒ်ပေါ့။

အဲဒီအချိန်မှာပဲ . . .

ဖျတ်ကနဲ၊ သူ ကျွန်တော့်ဘက် လှမ်းကြည့်လိုက်တယ်။ ကျွန်တော်ပုန်းကွယ်ချိန် မရခင်လေးမှာပဲ သူက လက်ကလေးနဲ့ လှမ်းခေါ်ပါတော့တယ်။

ဘာလုပ်ဦးမှာလဲ။ ကျွန်တော့်လက်ထဲက ပန်းသီးကိုယူပြီး ကျွန်တော့်ကို သူတို့ဟားတိုက်ဦးကြမှာလား။ ရပါတယ်လေ။ သူ့အပေါ် နာကျည်းစိတ် မြူတစ်မှုန်မှ ထားလို့မရတဲ့ ကျွန်တော့်နှလုံး





သားက ခြေထောက်တွေကို သူရှိရာသွားဖို့ စေညွှန်တော့တယ်။

အနားရောက်တော့ ကျွန်တော်ဘယ်လိုမှ မျှော်လင့်မထားတဲ့ စကားသံဟာ သူ့ဘေးကောင်လေးဆီက ထွက်လာပါတယ်။ (ကောင်လေးဆိုပေမယ့် ကျွန်တော်နဲ့ ရွယ်တူလောက်ပါပဲ)

"မိမိုးရာ . . . နင်တော်တော် မလွယ်တာပဲ။ အင်းလျားလမ်းထိ ပန်းသီးဝယ်ခိုင်းရတယ်လို့။ ဝယ်တဲ့လူကလည်း ဝယ်တာ အံ့ဩတယ်။ ငါသာဆို ဆောရီးပဲ။ လစ်ပြေးပြီ"

ရယ်ကျဲကျဲနဲ့ ကျွန်တော့်ကိုကြည့်ပြီး ပြောတာပါ။ ပြီး လှည့်ထွက်သွားလေရဲ့။

ဒီတစ်ခါ အံ့ဩမှုတွေနဲ့ ဆွတ်ဆွတ်ဖြူသွားရတာ ကျွန်တော်ပါပဲ။ အိုး . . . ရင်ထဲမှာ ပျော်လိုက်တာ။

မိမိုးလို့ သိလိုက်ရတဲ့ ကောင်မလေးရဲ့ မျက်ဝန်းတွေထဲအထိ စိုက်ကြည့်ပြီး လက်ထဲက ပန်းသီးလေးကို လှမ်းပေးလိုက်တယ်။

သူက ခပ်တည်တည်နဲ့ ယူတယ်။ ပြီး ပန်းသီးကို လှည့်ပတ်ကြည့်ရင်း . . .

"ဟင် . . . ဒါက ကျွန်မ လွတ်ကျသွားတဲ့ ပန်းသီးမှမဟုတ်ဘဲ"

ဒါမှ တကယ်ဦးနှောက်စားတာပါ။ ကျွန်တော်ကလည်း ဘယ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ အဲဒီဆိုင်ကပါပဲ။ ပန်းသီးဆိုတာက ဘယ်ပန်းသီးမဆို နံပါတ်က တစ်ခုပဲ ရှိတာ"

သူ မျက်ခုံးလေး အတွန့်ချိုးသွားပြန်တယ်။ ပြီး မယုံသလိုနဲ့ ပြန်မေးတယ်။

"ဘယ်လို . . . ပန်းသီးမှာ နံပါတ်ရှိတယ် . . . ဟုတ်လား"

ကျွန်တော့်လှည့်ကွက်မှာ သူနည်းနည်းမျောသွားပုံရတယ်။ ခပ်တည်တည်နဲ့ ကျွန်တော်ဆက်ဖိန့်လိုက်တယ်။

"ဟုတ်တယ် . . . နံပါတ်ရှိတယ်။ ဒါပေမယ့် ပုံပြင်နဲ့ပြောမှ နားလည်မှာ"

"ဆိုစမ်းပါဦး"

"ဒီလိုလေ . . ပန်းသီးဆိုတာ ဟိုးကမ္ဘာဦးအစ ဧဒင်ဥယျာဉ်ထဲက အာဒံနဲ့ ဧဝတို့ရဲ့ အချစ်သင်္ကေတလေ"

"သိသားပဲ။ အဲဒါနဲ့ နံပါတ်က ဘာဆိုင်လို့လဲ"

"ဩော် . . . လောလိုက်တာ။ နားထောင်ပါဦး။ ဘုရားသခင်က ပန်းသီးကို မစားဖို့ တားခဲ့တယ်လေ။ ဒါပေမယ့် စားမိသွားတော့ သူတို့ဟာ အချစ်စိတ်တွေ ဝင်လာပြီး ပေါင်းစည်းသွားကြတယ်။ အဲဒီအချစ်ကြောင့်ပဲ ကျွန်တော်တို့ရဲ့ လူသားမျိုးဆက်တွေ ထွန်းကားလာပြီး အချစ်ဆိုတာလည်း ခုထိရှည်ကြာလာခဲ့တယ်လေ။ အဲဒါကြောင့် အဲဒီပန်းသီးကို နံပါတ်ပေးထားတာ။ သူ့နံပါတ်က





21593 တဲ့။ မှတ်ထား"

"အိုး . . . တစ်ခါမှ မကြားဖူးဘူး"

သူအတင်းပဲ ငြင်းပါတော့တယ်။ ငြင်းမှာပေါ့။ ကျွန်တော်ကလည်း လုပ်ကြံဖန်တီးပြီး ပြောနေတာကိုး။ ဒါပေမယ့် သူ့ရှက်ရွံ့အံ့ဩသွားစေမယ့် အဖြေမျိုး ရှိပြီးသားပါပဲ။

ကျွန်တော်မပြောခင်မှာပဲ သူက ထပ်မေးလာတယ်။

"ပြောပါဦး၊ ပန်းသီးနံပါတ် ဘယ်လို 21593 ဖြစ်သွားလဲဆိုတာ"

"နားထောင်နော်။ လူနှစ်ယောက်ဟာ ကိစ္စတစ်ခုကို ငါးရက်လောက် အာရုံရောက်နေလို့ရှိရင် နောက်ကိုးလအကြာမှာ လူသုံးယောက် ဖြစ်သွားတယ်တဲ့။ အဲဒီ ပန်းသီးစားမိလို့ ဖြစ်သွားတဲ့ ကိစ္စပဲလေ။ ပန်းသီးရဲ့နံပါတ်ပဲပေါ့"

"အို"

မျက်နှာလေး နီထွေးသွားပြီး ခဏနေတော့ တခစ်ခစ်ရယ်တော့တာပဲ။ ကျွန်တော့်ကို မျက်စောင်းထိုးရင်း ဆက်ပြောသေးတယ်။

"အကောင်းမှတ်လို့ နားထောင်နေတာ။ ခီ . . . ရယ်တော့ရယ်ရတယ်နော်"

"မိမိုးလို့ပဲ ခေါ်မယ်နော်။ ကျွန်တော့်နာမည်က လင်းထိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘလိုင်းကြီး မိတ်ဆက်လိုက်တယ်။ ကျွန်တော့် မျက်ဝန်းထဲက အရောင်တွေကို သူရိပ်မိမှာပါ။ မျက်စောင်းလေးတွေက တဖိုင်းဖိုင်းလာစိုက်လေရဲ့။ ကျွန်တော် မူးမေ့မတတ် ထက်ရှလှပတဲ့ မျက်စောင်းလေးတွေပါပဲ။

"အင်း . . . ရှင်နဲ့ စကားပြောရတာ ရယ်ရပါတယ်။ ကျွန်မက စိတ်ရှုပ်နေလို့ ပန်းခြံထဲလာတာလေ။ ရှင်ကော"

"ကျွန်တော်လား အတွဲလာချောင်းတာ"

"ဘယ်လို"

"ဩော် . . . ဒီလိုပါ။ သူများအတွဲတွေကို လာချောင်းတာတော့ မဟုတ်ပါဘူး။ ကျွန်တော့်အတွက် လက်တွဲဖော်လေးများ တွေ့မလားလို့ ပန်းခြံထဲမှာ လာချောင်းကြည့်တာပါ"

ဒီတစ်ခါတော့ တွေ့ပြီလားလို့ သူပြန်မမေးတော့ပါဘူး။ ခေါင်းလေးငုံ့ရင်း ငြိမ်သက်သွားတယ်။ ဒီအခြေအနေကိုတော့ လုံးဝ လက်လွှတ်မခံသင့်ဘူးလို့တွေးရင်း ကျွန်တော်ဆက်တွန်းလိုက်တယ်။

"ကိန်းဂဏန်းတွေမှာ အဲလိုအဓိပ္ပာယ်တွေ ရှိတယ်ဗျ"

မျက်ဝန်းလက်လက်ကလေးက ဖျတ်ကနဲ မော်ကြည့်လာတယ်။ ကျွန်တော်က ပထမတစ်ကြိမ် ပန်းခြံထဲဝင်တုန်းက ကပ်ပေးလိုက်တဲ့ စတစ်ကာလေးကိုပြရင်း . . .

"ဒီမှာ ကြည့်ပါလား။ စာတန်းက ပျော့ရွှင်ခြင်းတဲ့။ အောက်





က (1112) ရဲ့အဓိပ္ပာယ်က ကောင်မလေးတစ်ယောက်နဲ့ တစ်ခါဝင် တိုက်မိရုံနဲ့ တစ်ကြိမ်မှ မကြုံဘူးတဲ့ စိတ်ခံစားမှုတွေ ဝင်လာပြီး နှစ်ကြိမ်မြောက်တွေ့ဆုံမှုတွေ ဖြစ်လာလိမ့်မယ်တဲ့"

"ဟွန်း . . . ဘာမှလည်း မဆိုင်ဘူး။ အဲဒါ ကိုယ့်ဘာက်ကိုယ် ယက်ပြီး ပြောတာလေ။ ဒါဆို ဒီနံပါတ်ကရော"

စူပွပွပြောရင်း သူ့ပခုံးစွန်းက စတစ်ကာလေးကို လက်ညှိုးထိုးပြပြန်တယ်။ ကြည့်လိုက်တော့ (Guest) ဆိုတဲ့ စာတန်းလေးနဲ့ နံပါတ်က (1121) ဆိုပဲ။ ရုတ်တရက် ဘယ်လိုဖြီးရမှန်း မသိပေမယ့် ဉာဏ်နီဉာဏ်နက်က ချက်ချင်းထွက်လာပါတယ်။ မေးတာကိုက သူ့ရဲ့ ချစ်ဖို့ကောင်းတဲ့ အမှားပဲ။

ကျွန်တော်က ရုပ်တည်နဲ့ပဲ သူ့ကိုစိုက်ကြည့်ပြီး . . .

"ဩော် . . . အဲဒါလား။ (Guest) ဆိုတာက ဧည့်သည်လေ။ (1121) ဆိုတာက ဧည့်သည်တစ်ယောက်နဲ့ ပန်းသီးတစ်လုံးကို ကိုယ်စားပြုပြီး နှစ်ကြိမ်ဆုံရပေမယ့် အဲဒီဧည့်သည်ဟာ ဘဝအတွက် တစ်ယောက်သောသူ ဖြစ်လာနိုင်ပါတယ်တဲ့"

"တော်ပြီ . . . တော်ပြီ . . . ဘယ်ဂဏန်းမဆို ရှင်လှည့်ပတ်ပြီး ပြောတော့မှာပဲ"

ရှက်ဝဲဝဲလေးနဲ့ အော်ပါတော့တယ်။ သူ့မျက်ဝန်းတွေက ကျွန်တော်နဲ့ တွေ့စတုန်းကလို အစိမ်းရောင်တွေ မရှိတော့တာ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။

ကျွန်တော်က . . .

"ခုနက မိမိုးစိတ်ရှုပ်နေတယ်ဆိုလို့ ပျော်အောင် ပြောမိတာပါဗျာ။ ခုမှ တွေ့ရပေမယ့်လည်း ကျွန်တော့်ကို ခင်မင်ခွင့်ပြုပါ"

လေးလေးနက်နက် ပြောလိုက်လို့ သူခဏတော့ တွေဝေစဉ်းစားသွားတယ်။ ပြီး လေသံတိုးဖွဖွလေးနဲ့ပဲ . . .

"အင်း . . . ရှင်နဲ့ စကားပြောရတာ စိတ်ရှုပ်စရာတွေ ပေါ့ပါးသွားတာတော့ အမှန်ပါပဲ။ ဒါပေမယ့် . . .

သူ့စကားမဆုံးခင်မှာပဲ ကျွန်တော်ဖြတ်ပြောလိုက်တယ်။

"တွေ့ဆုံကြုံကွဲဆိုတဲ့စကားကို ကျွန်တော်မခံစားချင်ဘူးဗျာ။ ကျွန်တော်နဲ့ စကားပြောရလို့ မိမိုးစိတ်ချမ်းသာတယ်ဆိုရင် ဆန္ဒရှိရင်ပေါ့။ ကျွန်တော် ဂဏန်းလေးကိုးလုံးရေးပေးထားခဲ့မယ်။ အဲဒီ အဓိပ္ပာယ်ကတော့ ပြန်လည်ဆုံတွေ့ခြင်းပဲ"

"လုပ်ပြန်ပြီ၊ ဘာဂဏန်းတွေမို့လို့လဲ"

အိတ်ကပ်ထဲက ပိုက်ဆံတစ်ရွက်ပေါ်မှာ ကျွန်တော်ဂဏန်းလေးကိုးလုံး ရေးလိုက်တယ်။ တစ်ခြားတော့ မဟုတ်ပါဘူး။ 09 နဲ့ စတဲ့ ကျွန်တော့်ရဲ့ ဖုန်းနံပါတ်ကိုပါ။

ကြောင်ငေးနေတဲ့ သူ့လက်ထဲ အဲဒီပိုက်ဆံလေးထည့်ပေးပြီး ကျွန်တော်ထွက်လာခဲ့တယ်။ ဒီအချိန်မှာ ဒီလောက်လေး ပတ်





သက်ခွင့်ရတာကိုက ကျွန်တော့်အတွက် ကြည်နူးစရာပါပဲ။ ကျွန်တော် ဒီထက်မက မျှော်လင့်ချင်ပါသေးတယ်။ ချစ်တယ် မိမိုးရေ . . .။

(၄)

တစ်ခါတလေကျရင်လည်း ခက်တယ်နော်။ မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင် ရင်မောရတယ်။ ခုလည်း ကျွန်တော့်မှာ တမ်းတရင်း မောနေရပြီ။

မိမိုးဆိုတဲ့ ကောင်မလေး ကျွန်တော့်ဆီ ဖုန်းမဆက်လာပါဘူး။ တစ်ကြိမ်တစ်ခါပဲ တွေ့ခဲ့ဖူးတဲ့ ကောင်မလေးကို အပြစ်လည်း မတင်ရက်ပါဘူးလေ။

ဒီလိုနဲ့ မနေ့ညက အိပ်မက်မက်ပြန်တယ်။ ကျူးပစ် (Cupid) ဆိုတဲ့ နတ်ရုပ်လေးနဲ့ ပြန်တွေ့တယ်။ သူက ကျွန်တော့်ကိုကြည့်ပြီး ခံစားနေရပြီလားတဲ့။ ကျွန်တော် ဘာမှပြန်မပြောနိုင်ခင်မှာ အဲဒါ အချစ်ပဲလို့ ပြောသွားတယ်။ အိပ်မက်က လန့်နိုးရော တစ်ညလုံး ကျွန်တော်အိပ်လို့ မရတော့ပါဘူး။

မိမိုးကို သတိရစိတ်နဲ့ ကျွန်တော့်ညတွေဟာ မင်ရည်ကျဲရတော့မယ် ထင်ပါရဲ့နော်။

အဲဒီလို နေ့နဲ့ညများပြီး မနက်မိုးလင်းမှ ကျွန်တော်အိပ်ပျော်သွားတော့တယ်။ တစ်ညလုံး အိပ်မပျော်ခဲ့လို့ ဘယ်လောက်အိပ်မော



www.burmeseclassic.com

www.burmeseclassic.com



ကျသွားလဲ မသိဘူး။ ကျွန်တော့်ဖုန်းက စူးစူးဝါးဝါး ထမြည်တော့မှ လန့်နိုးသွားတယ်။

ဖုန်းဖွင့်ကိုင်လိုက်တော့ ကမ္ဘာဦးက ဂီတသံဟာ ကျွန်တော့်ထံ လွင့်ပျံ့ရောက်ရှိလာပါတော့တယ်။

"ကိုလင်းထိုက်လား။ မိမိုးပါ။ ခုစိတ်တွေ ရှုပ်နေလို့ လာခဲ့နိုင်မလားဟင်"

ဘယ်နေရာလဲလို့ ကျွန်တော် မမေးတော့ပါဘူး။ ကျွန်တော် ပြောခဲ့ဖူးပါတယ်။ ချစ်တတ်သူတွေအတွက် နေ့တိုင်းဟာ ချစ်သူများနေ့ဖြစ်သလို နေရာတိုင်းဟာလည်း ဒေဝဥယျာဉ်ကြီးပါပဲဆိုတာလေ။

ခုလည်း ကျွန်တော့်ရဲ့ ပျောက်ဆုံးနေတဲ့ ဘယ်ဘက်နံရိုးနဲ့ သွန်းဆစ်ထားတဲ့ လူသားမလေးရှိနေမယ့် နေရာကတော့ ဒေဝရဲ့ တိုးချဲ့ဥယျာဉ်ထဲမှာပေါ့ဗျာ။

အာဒံနဲ့ ဧဝကစလို့ လူတိုင်းလူတိုင်းအတွက်ရှိနေတဲ့ ဒေဝရဲ့ တိုးချဲ့ဥယျာဉ်များကို ရည်ညွှန်းလိုက်ပါတယ်။

* * * *



## ကျွန်တော်နှင့် သကြန်အမှိုက်စလေး

*ရင်ဘတ်ထဲအထိ လာရှုပ်ဖွသွားတဲ့ ငါ့ရဲ့သကြန်အမှိုက်စလေးရေ၊ လွမ်းတယ်။*

(၁)

နှစ်သစ်တစ်ခုဆီ ရောက်ခဲ့ပြန်ပြီပေါ့။ စိတ်ခံစားမှုအရဆိုရင်တော့ ပြာလွင်နေတဲ့ မိုးကောင်းကင်ကြီးဟာ အသစ်၊ ခရမ်းနုရောင်လေပြည်တွေဟာ အသစ်၊ ပိတောက်ပန်းဝါဝါလေးတွေဟာ အသစ်၊ ငှက်တွေရဲ့ သီချင်းတွေကလည်း အသစ်၊ လူတိုင်းလူတိုင်းရဲ့ စိတ်ကူးတွေ၊ ခံစားမှုတွေဟာလည်း လတ်ဆတ်စိုသစ်တဲ့ အသစ်အသစ်တွေပေါ့ကွယ်။ ကိုယ်လည်း ဒီလိုနှစ်သစ်မှာ ဘာအသစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



များ ထွန်းကားခဲ့လေသလဲလို့ ကိုယ့်ကိုယ်ကို မေးကြည့်မိတယ်။ မေးခွန်းအဆုံးမှာ ကိုယ့်နှလုံးသားဟာ တဆတ်ဆတ်တုန်လာလေရဲ့။ သေချာပါတယ်။ ကိုယ်ကျေကျေနပ်နပ် လက်ခံရရှိထားတာဟာ ရတနာကိုးပါး စီခြယ်ထားတဲ့ အလွှမ်းသစ်တစ်ခုပါပဲ။ ကျန်ခဲ့တဲ့ သကြ်န်ရက်တွေဆီ ကိုယ်အာခေါင်ခြစ်ပြီး အော်ခေါ်လိုက်မိတယ်။

ကောင်မလေးရေ

ကောင်မလေးရေ

ငါ့ရဲ့သင်္ကြန်အမှိုက်စလေးရေ

မင်းဆီမှာရော ဘာအသစ်တွေ ဖွံ့ဖြိုးနေပြီလဲကွယ်။

(၂)

နှစ်တစ်နှစ်ကို ပျော်ပျော်ရွှင်ရွှင် နှုတ်ဆက်ကြတဲ့ အဲဒီသင်္ကြန်သုံးရက်ဟာ ရင်ဘတ်တစ်ခုလုံး ပြောင်းဆန်ရမယ်လို့ ကျွန်တော်အိပ်မက်တောင် မမက်ခဲ့ဖူးပါဘူး။ အရင်နှစ်တွေလိုပဲ အစွမ်းကုန်လန်းပစ်လိုက်မယ်ဆိုပြီး သွေးပူနေခဲ့တာပါ။ လတ်ဆတ်တဲ့ အစီအစဉ်တွေဆွဲပြီး ကျွန်တော်တို့ သူငယ်ချင်းတွေ တက်ကြွနေခဲ့တယ်။ ကားငှားကြ၊ အဝတ်အစားတွေကို သူများထက် လန်းအောင်၊ ဆန်းအောင် ဘယ်လိုဝတ်ကြမလဲ၊ ဆံပင်ပုံစံတွေကို ဘယ်လိုပြင်ကြမလဲ၊ ဒါမျိုးတွေပေါ့။ ပြီးတော့ ကျွန်တော်တို့ လည်ကြမယ့်ကားမှာ ထုံးစံ





အတိုင်း ဘယ်မိန်းကလေးမှ မပါဘူး။ သူငယ်ချင်းကောင်မလေးတွေ ရှိပေမယ့်လည်း သူတို့ကိုခေါ်ရင် ပြဿနာရှုပ်တယ်လို့ အကုန်လုံးက လက်ခံထားကြတာ။

သိတဲ့အတိုင်းပဲလေ။ နှစ်ဆယ့်တစ်ရာစု ခေတ်သမီးတွေက ထိန်းရတာ ခက်တယ်။ ဒီလိုနဲ့ မိုးဖွဲဖွဲကျနေတဲ့ သင်္ကြန်အကျနေ့မှာပဲ ကျွန်တော်တို့ စလည်ကြတယ်။ မိုးနည်းနည်းရွာနေတာကို စိတ်ပျက်မိပေမယ့်လည်း ရင်ထဲက အပျော်က အဲဒီခံစားမှုကို ပျက်ပြယ်သွားစေတယ်။

သင်္ကြန်သီချင်းတွေ စည်ဝေနေတဲ့ လမ်းမတွေ၊ မဏ္ဍပ်တွေ ပေါက်ရောက်နေတဲ့ လမ်းတွေထဲ အပျော်တွေ ယိမ်းထိုးရင်း ရောက်ခဲ့တယ်။ မဏ္ဍပ်တစ်ခုရှေ့အရောက်မှာတော့ ရေပက်ခံရင်း အဲဒီအသံလေးကို ကြားလိုက်ရတာပဲ။

"ဟေး . . . ကက်ကိုဘိန်းတီရှပ်အနက်နဲ့ ဇော်လတ်ဆိုတဲ့ ကောင်လေး"

ကျွန်တော် ဆတ်ခနဲ ဖြစ်သွားရတယ်။ မဏ္ဍပ်ရှေ့မှာလည်း ကျွန်တော်တို့ကားက တစ်စီးတည်း။ ပြီးတော့ ဇော်လတ်ဆိုပြီး ကျွန်တော့်နာမည်ကို ထပ်ခေါ်နေတာ။

ဘာလဲဟဆိုပြီး ကြောင်တောင်တောင်နဲ့ မော့ကြည့်မိတယ်။ သွေးပူရှိန်းကြွနေတဲ့ ကျွန်တော့်စိတ်ခန္ဓာတစ်ခုလုံး အေးခဲ။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



အတွေးတွေ ဝုန်းဒိုင်းကြဲကုန်တယ်။ ရေစိုနေတဲ့ ဆံနွယ်ခွေခွေလေးတွေနဲ့ ရှင်းသန့်လှပနေတဲ့ ကောင်မလေးတစ်ယောက်ပါ။ သေချာတာက သူ့ကို ကျွန်တော်မသိဘူး။ ဘာလို့ ကျွန်တော့်ကို သူသိနေရတာလဲ။ ပြီးတော့ သူက ကျွန်တော့်ကို ပြုံးပြနေတယ်။ နောက်ထပ်သေချာသွားတာကတော့ ကျွန်တော့်နှလုံးသားဟာ တစ်ခုခုကို ဆာလောင်လာတာပဲဆိုတာပါ။ ပခုံးတွန့်ရင်း ဘာလဲလို့ အမူအရာနဲ့ ပြန်မေးလိုက်တယ်။ သူက လက်ထဲက တစ်စုံတစ်ခုလှမ်းပစ်ပေးရင်း အသံစာစာလေးနဲ့ လှမ်းအော်ပြန်တယ်။ ကြားလိုက်ရတာကတော့ ဇော်လတ်အတွက် သင်္ကြန်လက်ဆောင်ဆိုပဲ။ ပြီးတော့ ကျွန်တော်ဖမ်းမိလိုက်တာက လည်ပင်းမှာ ဆွဲလို့ရပြီး အဖုံးဖွင့်လို့ရတဲ့ ဘီယာဘူးအသေးစားလေးပါ။ တကယ့် ဘီယာဘူးတော့ မဟုတ်ဘူး။ သင်္ကြန်တွင်း ပိုက်ဆံတို့၊ ဖုန်းတို့ ဘာတို့ ရေမစိုအောင် ထည့်လို့ရတဲ့ ဘူးသေးသေးလေးပေါ့။

မဏ္ဍပ်ရှေ့က ကားပြန်အထွက်မှာပဲ အဲဒီဘူးလေးကို အဖုံးဖွင့်ကြည့်လိုက်မိတယ်။ အံ့ဩမှုတွေက ဆွတ်ဆွတ်ဖြူသွားလေရဲ့။ အဲဒီဘူးလေးထဲမှာ ဘာတစ်ခုမှ ရှိမနေခဲ့လို့ပါ။ တစ်ဆက်တည်း ကျွန်တော်ပြုံးမိသွားတယ်။ ကျူးပစ်ကတော့ သင်္ကြန်အမြောက်နဲ့ ကျွန်တော့်ကို ပစ်ပြီထင်ပါရဲ့။ ဒီအခွင့်အရေးကို လက်လွှတ်ခံလို့ မဖြစ်ပါဘူး။ သင်္ကြန်ဆိုတာက ရက်တိုတိုလေး။ ပြီးတော့ ကျွန်တော့်





နှလုံးသားက လှမ်းပြောလာတယ်။ မင်း ဒိုးသာ ဒိုးလိုက်ပါတော့တဲ့။

လမ်းထိပ်အရောက်မှာ ကားပေါ်က ဆတ်ခနဲ ဆင်းလိုက်တော့ သူငယ်ချင်းတွေက လှမ်းမေးကြတယ်။ ခဏလေးစောင့်လို့ အော်ပြောပြီး ကျွန်တော်ပြေးထွက်လာခဲ့တယ်။ နှလုံးသားကို ဒုန်းစိုင်းစီးပြီး ကျွန်တော့်ကို အရူးလုပ်တဲ့ ကောင်မလေးဆီကိုပေါ့။

မဏ္ဍပ်ပေါ်ရောက်တော့ အဆင်သင့်ပဲ တွေ့ရပါတယ်။ ရင်တဒိတ်ဒိတ်ခုန်နေပေမယ့် ကျွန်တော်ခပ်တည်တည်ဟန်လုပ်ပြီး မေးနိုင်ခဲ့တယ်။ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မိချိန်မှာ သူကလေးကလည်း ပြုံးထေ့ထေ့နဲ့ပါပဲ။ သူ့ရင်ထဲမှာရော ဘယ်လိုဖြစ်နေမှာလဲ မသိဘူးနော်။

"အဲဘူးလေးက ဘာအတွက်ပေးတာလဲဟင်"

သူ့မျက်ခုံးတွေ အတွန့်ချိုးသွားတယ်။ ပြီး . . .

"ပြောပြီးပြီလေ၊ လက်ဆောင်ပါလို့"

"လက်ဆောင်ကလည်း ဘူးအခွံကြီး"

လိုချင်လို့ လာမေးနေတာ မဟုတ်ဘူး။ ကျွန်တော်ကလည်း ဇာတ်လမ်းရှာနေတာပါပဲ။ သိတယ်ဟုတ်။

သူကလည်း ခပ်တည်တည်လေးနဲ့ပဲ ပြန်ပြောလာတယ်။

"တမင်သက်သက် ဘူးအခွံကို ပေးတာလေ"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု ရှင်ထည့်ချင်တာ ထည့်လို့ရတာပေါ့။ ဗလာနယ်ဆိုတာ ဘယ်လောက်တန်ဖိုးရှိမှန်း ရှင်မသိဘူးလား"

ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားရတယ်။ ပြီး နည်းနည်းသဘောပေါက်လာရတယ်။

"ဪ . . . ဒီလိုလား။ ဒါနဲ့ ကျွန်တော့်ကို ဘယ်လိုသိတာလဲ"

ဒီတစ်ခါတော့ သူ့မျက်နှာလေးက အပြုံးပန်းပွင့်လာတယ်။ မျက်စောင်းလေးထိုးရင်း . . .

"မပြောပြဘူး၊ ရေပက်ချင် ပက်"

သူ့စကားကြောင့် ကျွန်တော်အရမ်းပျော်သွားတယ်။ သူမပြောပြတော့လည်း ကျွန်တော်က သူ့နာမည်မေးရတော့တာပေါ့။ သူက မဖြေဘဲ လည်ဆွဲကတ်လေးကို ပြပါတယ်။ နာမည်မပါဘူး။ နံပါတ် (7) ဆိုပဲ။ ကျွန်တော်က ဒိုလေးပေါ့လို့ နောက်လိုက်တယ်။ သိတယ်မလား။ စီရော်နယ်ဒိုဆိုတဲ့ ဒိုလေးက မန်ယူမှာတုန်းက နံပါတ် (7) ဂျာစီကို ဝတ်ခဲ့တာလေ။ သူကတော့ ရယ်ကျဲကျဲကလေးပဲ လုပ်နေတယ်။

မနက်ဖြန် ဒီမှာပဲ ရှိမှာလားလို့မေးတော့ အင်းဆိုပြီး ခပ်တိုးတိုးဖြေတယ်။ သိပ်အချိန်မရလို့ See you လို့ပြောရင်း ကျွန်တော်ပြေးထွက်လာခဲ့ရတယ်။





တကယ်ပါ။ သင်္ကြန်အကျနေ့ကပဲ ကျွန်တော့်နှလုံးသားကို ဘူးခွံလေးထဲထည့်ရင်း အသင့်ပြင်ထားလိုက်ပါတော့တယ်။

(၃)

သင်္ကြန်အကြတ်နေ့မှာတော့ ကျွန်တော့်မှာ ခက်ခက်ခဲခဲ ရှုန်းကန်ခဲ့ရတယ်။ ဖြစ်ပုံက ဒီလိုပါ။ အဲဒီနေ့က ကျွန်တော်တို့ ကားနဲ့မလည်ကြဘူးလေ။ အငှားကားတစ်စီးနဲ့ ကျွန်တော်တစ်ယောက်တည်း သူရှိနေမယ်ဆိုတဲ့ မဏ္ဍပ်ရှေ့ကို ရောက်ခဲ့ရတယ်။ လိုက်ရှာကြည့်တော့ ကျွန်တော့်ရဲ့ လပ်ကီး (7) လေးက မရှိဘူး။

နီးစပ်ရာ ကောင်မလေးတွေဆီ မေးကြည့်ရတော့တယ်။ တစ်ချို့ကျတော့လည်း ဘယ်သိပါ့မလဲ။ လူတွေက အများကြီးလေ။ အဲဒီအချိန်မှာပဲ ကောင်မလေးတစ်ယောက်က ကျွန်တော့်ကို လာပြောတယ်။

"နံပါတ် (7) က မှာခဲ့တယ်။ သူ့ကိုတွေ့ချင်ရင် မိုးကောင်းကင်အောက်က ဖေဖော်ဝါရီလမှာ စုံစမ်းပါတဲ့"

ပြောပြီး လှည့်ထွက်သွားတယ်။ ဘာလဲဟလို့တွေးရင်း ကျွန်တော့်မှာ အူတူတူနဲ့ ကျန်ခဲ့ရတယ်။ ပြီးမှ စဉ်းစားမိတာကတော့ ဒီဟာမလေး ကျွန်တော့်ကို ဦးနှောက်စားပြီ ဆိုတာပါပဲ။

ဘယ်က ဘယ်လိုလိုက်ရှာရမှန်းလည်း မသိသေးဘူး။ မိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်က အကျယ်ကြီးပဲ။ ဖေဖော်ဝါရီလဆိုတာကလည်း ကျန်ခဲ့ပြီ။ ကျွန်တော်က ဘာတန်ခိုးရှင်မှမဟုတ်သလို အချိန်ကို နောက်ပြန်ရွှေ့ပစ်နိုင်တဲ့ စွမ်းအားလည်း မရှိဘူးလေ။

ဒီလိုနဲ့ နံပါတ် (7) လေးကို တွေ့ချင်တဲ့ ကျွန်တော်ဟာ ရေစိုစိုနဲ့ လမ်းပေါ်မှာ ယောင်လည်လည်လျှောက်နေရတော့တယ်။

မတွေ့ရဘူးဆိုမှ တွေ့ချင်တာအရမ်းပါပဲ။ ဘာမှမလုပ်တတ်လို့ ဆိုင်တစ်ဆိုင်ထဲဝင်ပြီး လမ်းပေါ်က လူတွေကို လိုက်ကြည့်ရင်း ရှာဖို့ပဲ အကြံရတော့တယ်။

ဆိုင်တစ်ဆိုင်ထဲဝင်ထိုင်ပြီး စားစရာမှာဖို့ မီနူးကတ်ကို ကြည့်လိုက်မိတယ်။ ကျွန်တော့်စိတ်ထဲမှာ ဟာခနဲ လင်းပွင့်သွားလေရဲ့။ Sky Restaurant တဲ့။

Sky ဆိုတာက မိုးကောင်းကင်ပေါ့။ ကျွန်တော် ပျော်သွားမိတယ်။ ဒါပေမယ့် ခက်တာက ဖေဖော်ဝါရီကိုတော့ ဘယ်မှာရှာရမှန်း မသိသေးဘူးလေ။

ဆိုင်ထဲဝေ့ကြည့်ရင်း စားပွဲတိုင်းကို လိုက်ကြည့်မိတယ်။ အဲဒီမှာတင် ထူးခြားတာကို တွေ့ရတော့တာပဲ။ စားပွဲတိုင်းရဲ့ထိပ်မှာ ကတ်ပြားလေးတွေ ရှိပါတယ်။ အဲဒီမှာ အင်္ဂလိပ်လို 'လ' နာမည်လေးတွေ ရေးထားတယ်။ တစ်ခုက ဇိုဝင်ဘာ၊ နောက်တစ်ခုကြည့်တော့ ဇွန် အဲဒါမျိုးတွေပေါ့။ ကိုယ်ထိုင်နေတဲ့ စားပွဲကို ဆန်းစစ်ကြည့်





မိတော့မှပဲ ကျွန်တော်ဟာ ဒီဇင်ဘာကို ရောက်နေပါလားလို့တွေးရင်း ရယ်မိတော့တယ်။

ဒီဆိုင်ရဲ့ ထူးထူးခြားခြား စားပွဲနာမည်တပ်တာလေးနဲ့ လပ်ကီး (7) လေးက ဦးနှောက်စားထားတယ်ပေါ့။ ဖေဖော်ဝါရီဆိုတဲ့ စားပွဲကို အမြန်သွားလိုက်တော့မှပဲ နောက်ကျောပေးထိုင်နေတဲ့ သင်းကလေးကို တွေ့လိုက်ရတော့တာပဲ။

ကျွန်တော်က ကျောရရုံကြဲချင်တဲ့ ကောင်မဟုတ်လို့ သူ့နဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ မျက်နှာကိုလည်း ကံကောင်းလို့ တွေ့ရတယ်ဆိုတဲ့ ပုံစံမျိုးမဟုတ်ဘဲ ဉာဏ်ကောင်းလို့ လာတွေ့နိုင်သလို မျက်ခုံးကို ပင့်ပြမိသေးရဲ့။

သူက ကျွန်တော့်ကို နှုတ်ခမ်းလေး ကွေးညွတ်ပြုံးပြရင်း-

"ရှင်မဆိုးပါဘူး။ ကျွန်မကို ရှာနိုင်သားပဲ"

"တွေ့ချင်တော့လည်း ရောက်အောင် လာရတာပေါ့လေ"

"ဆိုပါဦး။ ဘာကိစ္စရှိလို့လဲ"

အဲဒီမေးခွန်းက ကျွန်တော့်ကို ကြောင်အမ်းသွားစေတယ်။ မထူးတော့ဘူးဆိုပြီး ကျွန်တော်ပြောချလိုက်တယ်။

"ကိစ္စက သတိရပြီး တွေ့ချင်နေတဲ့ ကိစ္စပါ"

"အိုး . . . မနေ့က တစ်ရက်တည်း တွေ့ဖူးတာကိုများ"

"ဒါပေမယ့် အဲဒီစိတ်တွေ ဖြစ်လာအောင်လို့ ဖန်တီးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူရှိတာကိုး"

ဒီတစ်ခါတော့ သူအငိုက်မိသွားပါတော့တယ်။ သွားဖြူဖြူလေးတွေပေါ်အောင် ရယ်တော့တာပဲ။ ပြီး . . .

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ကျွန်မ အပြစ်ပေါ့။ ကျွန်မလည်း ရှင့်ကို ခင်ပါတယ်။ ဒါဆို လုံလောက်ပြီပေါ့။ တစ်ချို့မေးခွန်းတွေ မမေးကြေးနော်"

သူ ကျွန်တော့်ကို ကြိုပိတ်လိုက်တာပါ။ ကျွန်တော့်ကို ဘယ်လိုသိတာလဲ၊ ဘာညာနဲ့ မေးမှာစိုးလို့ နေမှာပေါ့။ ရပါတယ်လို့ တွေးရင်း . . .

"အင်း . . . မမေးတော့ပါဘူး။ ဒါပေမယ့် မင်းပေးထားတဲ့ ဘူးထဲမှာ ကိုယ်တစ်ခုထည့်ထားတယ်။ အဲဒါ ပြန်ပေးချင်တယ်"

"ပေးလေ၊ ဘာထည့်တာမို့လဲ"

"ဟင့်အင်း . . . မနက်ဖြန် အတက်နေ့မှ ပေးမယ်"

ကျွန်တော့်စကားကြောင့် သူမျက်စောင်းထိုးတော့တယ်။ ဒါဟာ သူနဲ့ ထပ်တွေ့ချင်လို့ ကျွန်တော်အကွက်ရွှေ့နေတယ်ဆိုတာ သူမသိဘဲ ဘယ်နေပါ့မလဲ။

ခဏလေးစဉ်းစားနေပြီးမှ သူက . . .

"ဒီနေ့ ရှင် Sky ဆိုတဲ့စကားကို မိုးကောင်းကင်လို့ စဉ်းစားမိသွားတာ မဟုတ်လား"





"ဟုတ်ပါတယ်"

"အဲဒီ Sky လိုလေ a,e,i,o,u မပါတဲ့ စကားလုံး စဉ်းစားကြည့်ပါလား"

"ဟင် . . . ဘာဖြစ်လို့လဲ"

"စဉ်းစားကြည့်ပါ။ ရရင် မနက်ဖြန် ရှင်နဲ့တွေ့မယ်"

ဒုက္ခပါပဲ။ ဘာလေးမှန်းကို မသိဘူး။ သူနဲ့ စတွေ့ကတည်းက ကျွန်တော့်မှာ ခေါင်းစားနေရတာ။ အခုလည်း စဉ်းစားရပြန်ပြီ။

အသည်းအသန် စဉ်းစားတော့ တစ်လုံးထွက်လာပါတယ်။ ပျော်ရွှင်စွာနဲ့ပဲ . . .

"ဟဲ . . . ဟဲ . . . ရပြီဗျ။ TRY ပေါ့။ ဟုတ်တယ်နော်"

သူ လက်ခုန် ပြုံးပါတယ်။ ကျွန်တော့်ကိုလည်း . . .

"TRY ဆိုတာ ကြိုးစားတာလေ။ အခုပဲ ရှင်ကြိုးစားလို့ ဒီစကားလုံးရတာပေါ့။ မနက်ဖြန် မဏ္ဍပ်ကို လာခဲ့လေ။ ရှင်ပြန်ပေးမယ်ဆိုတဲ့ ဘူးလေးလည်း ယူလာခဲ့ပေါ့"

ဒီလိုနဲ့ ကျွန်တော်ပြန်လာခဲ့ရတယ်။ ဒီကောင်မလေးကို နားမလည်နိုင်သေးပေမယ့် ကျွန်တော့်ကိုယ် ကျွန်တော်တော့ အပြည့်အဝ နားလည်လိုက်ပါတယ်။

အဲဒါ ဘာလဲဆိုတော့ သူ့ကိုမှ ကျွန်တော်စူးစူးအက်အက် ချစ်မိသွားတယ်ဆိုတဲ့ နားလည်ခြင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

မနက်ဖြန်မှ ဆုံမယ် ပုစ္ဆာမလေးရေ။

(၄)

သင်္ကြန်အတက်နေ့ဟာ တန်ခူးလေပြည်ထဲမှာ မျှောပါနေတယ်။ ပြာလဲ့နေတဲ့ မိုးသားအောက်မှာ လျှောက်ရင်း ကျွန်တော့်အချစ်ကို ရွှေနားတော်သွင်းဖို့ အသင့်ဖြစ်နေပါပြီ။ ခဏလေးပဲ တွေ့ခဲ့ရပြီး သူ့အကြောင်း ဘာမှမသိသေးဘဲနဲ့ သူ့ကို ဘာကြောင့်ချစ်မိသွားတယ်ဆိုတာ ကျွန်တော်စဉ်းစားလို့ မရသေးပါဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ချစ်ပါတယ်။ လူတစ်ယောက်အကြောင်း ဘာမှမသိရသေးဘဲနဲ့ ချစ်တယ်ဆိုတာက ပိုဖြူတယ်လို့ထင်တယ်လေ။ အခုလည်း ကျွန်တော့်လက်ထဲမှာ သူပေးခဲ့တဲ့အတိုင်းပဲ ဘူးကလေးရှိနေတယ်။ အဲဒီအထဲက ဗလာနယ်ထဲမှာလည်း ကျွန်တော့်အချစ်တွေ ရှိနေတယ်။ အဲဒါလေး ပြန်ပေးပြီး သူ့ကို ဘယ်လောက်ချစ်ကြောင်း စာလုံးပေါင်းပြလိုက်ဦးမယ်။ ဗလာနယ်ရဲ့အင်အားကို ကျွန်တော်ယုံထားလိုက်ပါပြီ။

ဒါပေမယ့် ကျွန်တော့်မျှော်လင့်ချက်တွေဟာ နှုတ်ဆက်သင်္ကြန်ရေနဲ့အတူ မျှောပါသွားခဲ့ပါတယ်။ မဏ္ဍပ်ကို သူမရောက်လာခဲ့ပါဘူးတဲ့။ ကြွင်းကျန်နေတဲ့ မျှော်လင့်စရာလေးကတော့ သူကျွန်တော့်ကို ဖုန်းနံပါတ်တစ်ခုပေးထားခဲ့တယ်။ အတက်နေ့ညနေ ခြောက်





နာရီမှ ဆက်လို့လည်း မှာထားခဲ့တယ်။

ညနေခြောက်နာရီဆိုတဲ့ အချိန်ကိုစောင့်ရင်း ကျွန်တော့်စိတ်တွေ မရေမရာ လောင်ကျွမ်းနေမိတယ်။ တဖြည်းဖြည်း ဆုတ်ခွာနေတဲ့ သင်္ကြန်ချိန်တွေထဲမှာ ကျွန်တော့်ဆီက တစ်စုံတစ်ခုရောပါသွားသလိုပဲ။ ကံကြမ္မာဆိုတဲ့အရာကို စပြီး ကျွန်တော်စဉ်းစားမိလာပြန်ရဲ့။ တစ်ခုခုဆိုရင် ဟင့်အင်း၊ ကျွန်တော်မတွေးရဲတော့ဘူး။

ဖုန်းလိုင်းထဲမှာ သူ့အသံလေးကြားလိုက်ရရချင်း ကျွန်တော်ပြောလိုက်မိတော့တယ်။

"ကိုယ် မင်းကို ချစ်တယ်။ ကိုယ့်အချစ်တွေ ထည့်ထားတဲ့ဘူးလေးကိုလည်း ပြန်ပေးဖို့ဆိုပြီး လာခဲ့တယ်။ မင်း ဘာဖြစ်လို့"

"ကျွန်မ လာဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ရှေ့ဆက်တိုးဖို့ဆိုတာက . . ."

တိုးဝင်သွားတဲ့ အသံလေးအဆုံးမှာ သက်ပြင်းတွေ ရောပါသွားသလိုပဲ။ တစ်ခုခုတော့ မှားနေပါပြီ။ သူကပဲ . . .

"ရှင့်ကို ဘယ်လိုသိခဲ့တယ်ဆိုတာတွေ မပြောချင်တော့ပါဘူး။ ပေါ့ပေါ့ပါးပါးပဲ အဆုံးသတ်ရအောင်နော်"

"ဟာကွာ . . . ဒါ မင်း ကိုယ့်ကို လှည့်စားတာပဲ"

ကျွန်တော့်အသံထဲမှာ ဒေါသရောပါသွားလောက်တယ်။

"ရှင်ထင်ချင်သလို ထင်နိုင်ပါတယ်။ ရှင့်အပေါ် သာယာ


www.burmeseclassic.com

www.burmeseclassic.com



မိခဲ့တယ်ဆိုတာကိုလည်း ကျွန်မဝန်ခံပါတယ်။ ထားပါတော့လေ။ ရှင့်ကို စဉ်းစားခိုင်းတဲ့ စကားလုံးကိုပဲ ထပ်ပြောပြမယ်။ အဲဒါက FLY တဲ့”

“FLY ဟုတ်လား။ အဲဒါ ဘာဖြစ်လဲ”

“ပျံသန်းတာလေ။ ကျွန်မ မကြာခင်မှာပဲ တစ်ခြားနိုင်ငံတစ်နိုင်ငံကို ပျံသန်းခြင်းနဲ့ သွားရတော့မယ်။ ရှင်နဲ့ ထပ်မတွေ့ချင်တော့ဘူး။ ကျွန်မကို နားလည်ပေးပါ”

ကျွန်တော့်ရင်ထဲမှာ ဆို့ကျင်သွားရတယ်။ ပြောဖို့စကားလုံးလည်း ရှာမတွေ့တော့ပါဘူး။ လိုက်လိုက်မောမောနဲ့ မျက်ရည်လည် လာမိတယ်။

“ထပ်ပြောပါရစေ၊ ကိုယ် မင်းကို ချစ်တယ်”

“ဟင့်အင်း . . . မပြောနဲ့တော့”

မျက်ရည်တွေ ဝဲနေရင်းကကို ခြောက်ကပ်ကပ် ရယ်မိသေးတယ်။

“အခု ကိုယ် စကားတစ်လုံး ထပ်စဉ်းစားမိတယ်။ သိလား။ အဲဒါက CRY တဲ့”

“CRY ဟုတ်လား”

“ဟုတ်တယ်၊ a,e,i,o,u ထဲမပါတဲ့ စကားလုံးထဲကပဲပေါ့။ မင်းကို Sky ဆိုတဲ့ ကောင်းကင်အောက်မှာ ရှာတွေ့ခဲ့တယ်။ ပြီးတော့





Try ဆိုတဲ့အတိုင်း ကိုယ်ကြိုးစားခဲ့တယ်။ ဒါပေမယ့် မင်းဘက်က အခု Fly ဆိုပြီး ပျံသန်းသွားတော့မယ်။ နောက်ဆုံး ကိုယ့်ဆီမှာ ကျန်ခဲ့တာဟာ Cry ပဲပေါ့။ ဒါဟာ a,e,i,o,u မပါတဲ့ ပုံပြင်တစ်ပုဒ်ပေါ့။ ကောင်မလေးရေ Good Bye”

“ကျွန်မ သတိရနေပါ့မယ်။ တကယ်ပါ၊ သတိရနေဦးမှာပါ”

ဖုန်းလိုင်းထဲမှာ ကျွန်တော်တို့ ခံစားချက်တွေ မရှိတော့ပါဘူး။ ကျွန်တော့်ရင်ထဲမှာတော့ ပြည့်သိပ်ကျန်နေတုန်းပါပဲ။ အဲဒီနေ့ညက သူနဲ့ဆုံခဲ့တဲ့ မဏ္ဍပ်ရှေ့ကို ကျွန်တော်သွားကြည့်ခဲ့ပါသေးတယ်။ ပြီးဆုံးခဲ့တဲ့ သင်္ကြန်နဲ့ အမှိုက်တွေဟာ လမ်းမပေါ် ကျဲပြန့်နေတုန်းပဲ။ ဒီအချိန် ကျွန်တော့်ရင်ဘတ်ထဲမှာ အမှိုက်လာဖွသွားခဲ့တဲ့ ကောင်မလေးတစ်ယောက်တော့ ဘာတွေစဉ်းစားနေမလဲ မသိဘူးနော်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်နှင့် ပန်းပုရုပ်ကလေး

(၁)

အဖြူလွှလွှနဲ့ စာမျက်နှာအသစ်တစ်ခု စတော့မယ်ဆိုရင်လည်း ဒိုင်ယာရီအဟောင်းလေးထဲမှာ ကျွန်တော့်ကို မထင်မရှားပိတ်ဖုံးထားခဲ့ပါ။ လူမသိ၊ သူမသိစွာဘဲ အလွမ်းဆိုတာကို ယဉ်ပါးပွေ့ဖက်ဖို့ ဟောဒီခရီးရှည်ကြီးထဲ ကုတ်ကတ်ရပ်တည်ရဦးမှာကလည်း ကျွန်တော်ရယ်ပါ။ အချစ်ဆိုတာက နောက်ဆုံးမှာ ဖွင့်ဆိုချက်အမျိုးမျိုးနဲ့ သတ်မှတ်ကြတာချည်းပေါ့ နွေမွန်သော်တာရယ်။ ကျွန်တော့်အတွက်ကတော့ ဘာမှရှိုးမယ်ဖွဲ့ခွင့် မရှိလောက်အောင် အိပ်မက်တွေ ဆိတ်သုဉ်းခဲ့ရပြီပေါ့။

ရှိပါစေတော့လေ။ ကိုယ်ပြုတဲ့ကံရဲ့ ပဲ့တင်သံဟာ ကိုယ့်ထံ





ပြန်လာခဲ့ပေမယ့် ကောင်းသောလာခြင်းတော့ မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်လေ။ နွေမွန်သော်တာ ရှေ့ဆက်ဖို့အတွက် ကျွန်တော့်ဘက်က ရှိုးသားဖို့ပဲ လိုတော့မယ် ထင်ပါရဲ့။ ကျွန်တော်ကလည်း ဒီအသက်၊ ဒီအရွယ်မှာ တစ်ချို့ယောက်ျားတွေလိုပဲ တက္ကသိုလ်တက်ဖူးပြီ၊ ပင်လယ်ခရီး ထွက်ခဲ့ဖူးပြီ၊ စစ်မတိုက်ဘူးပေမယ့်လည်း ကျွန်တော်အလုံးအရင်းနဲ့ အသည်းကွဲခဲ့ဖူးပါပြီ။

ကိုယ်စိုက်ပျိုးခဲ့တာကို ကိုယ်ရိတ်သိမ်းရတာချည်းပါ၊ နွေမွန်သော်တာ။ ကျွန်တော့်အလှည့်ကျမှ ဘာဖြစ်လို့ ယိမ်းညွှတ်ရွေ့ပါးသွားရတာလဲ၊ ကျွန်တော် မသိတော့ဘူး။ နွေမွန်သော်တာက နာကျင်မှာစိုးလို့ သိအောင်လည်း မကြိုးစားတော့ဘူး။ ကိုယ့်အသိနဲ့ကိုယ် အဝေးကပဲ ငေးကြည့်နေပါတော့မယ်။ ဒါဟာ ချစ်မိသူပဲပေါ့ နွေမွန်သော်တာရယ်။

ကျွန်တော်ကြားဖူးတာ တစ်ခုရှိတယ်။ ပန်းပုရုပ်တစ်ရုပ်အတွက် သူ့ရဲ့ဘဝဟာ သစ်ရိုင်းတုံးတစ်တုံးက စကောင်းစလိမ့်မယ်။ ပန်းပုဆရာအတွက်တော့ သူဖန်ဆင်းချင်တဲ့ အရုပ်တစ်ရုပ်ဟာ သစ်ရိုင်းတုံးထဲမှာ ရှိနှင့်ပြီးသားပါ။ သူ့ရဲ့အနုပညာခွန်အား၊ ဒါမှမဟုတ် နှလုံးသွေးစက်တွေနဲ့ တစ်စက်ချင်း ဆက်စပ်ခံစားပြီး မလိုအပ်တဲ့ သစ်သားစတွေကို သစ်ရိုင်းတုံးက ဖယ်ထုတ်လိုက်တာပဲ။ အဲဒီသစ်သားစတွေဟာ အမှိုက်ဆိုရင်တောင် ဖွဖွလေး ထုဆစ်ခဲ့တဲ့ ပန်းပု



www.burmeseclassic.com

www.burmeseclassic.com



ဆရာရဲ့ ချစ်ခြင်းတွေပဲ ဖြစ်လိမ့်မယ်။ အချိန်တန်တော့လည်း ပန်းပုရုပ်ကလေးဟာ လှပစွာ အသက်ဝင်လာစမြဲပါ။

ကျွန်တော် အဲ့သည်လိုပဲ နားလည်ခဲ့တယ် နွေမွန်သော်တာ။ ဒါပေမယ့် အနုပညာဆိုတာ ငွေကြေးနဲ့ ထပ်တူမညီနိုင်ပေမယ့်လည်း အနုပညာကို နားလည်ချင်ယောင်ဆောင်သူတွေကို ရောင်းစားရခြင်း မျိုးလား။ ဟင့်အင်း . . . ကျွန်တော်ဆိုရင်တော့ အမြတ်တန်းသိမ်းဆည်းထားမိမှာပဲ။ ကျွန်တော် မမှားပါဘူးနော်။

နွေမွန်သော်တာရယ်။ ကျွန်တော့်ရဲ့ ဖြစ်မလာတဲ့ အနာဂတ်တွေကို ပန်းပုရုပ်ကလေးက ညင်ညင်သာသာပဲ ရုပ်သိမ်းသွားခဲ့ပြီလေ။ ကျွန်တော် ပျော်ဝင်ခဲ့ရတဲ့ နွေဦးကာလတွေဟာ အရှုံးတစ်ယောက်ရဲ့ ရာသီတွေအဖြစ် မှတ်တမ်းတွင်ရစ်တော့မယ်။ အားနည်းချက် မကင်းနိုင်တဲ့ လူ့သဘာဝကို အပြစ်ပုံချင်တာတော့ မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့အကောင်းဆုံးလို့ သတ်မှတ်ပြီးရင် နောက်ပြန်မလှည့်ချင်တဲ့ ရိုးရာက ကျွန်တော့်နောက်ကျောကို ဓားနဲ့ ထိုးသွားတာပါ။

ရင်ကွဲတာထက်စာရင် ရင်လွဲခဲ့တဲ့ အဖြစ်တွေကို ကျွန်တော် လက်ခံနိုင်အောင် ကြိုးစားရဦးမှာပေါ့လေ။ ကျွန်တော်တစ်ခုမေ့သွားတယ်။ လိုရာပုံသွင်း ရေးခြယ်နိုင်ခဲ့ပေမယ့် နွေမွန်သော်တာဆိုတာ သက်ရှိပန်းပုရုပ်ကလေးဆိုတာကိုပေါ့။





ခန်းစက်ရာတစ်ခုခုမှာ၊ ဒါမှမဟုတ် ညှော်ခန်းဆောင်တစ်ခုခုမှာ ကျွန်တော့်ပန်းပုရုပ်ကလေး ချိုလွင်ငြိမ်းချမ်းနေလောက်ပါပြီ။ အနောက်တောင်က မိုးရေတွေကို ရော်ရည်မှန်းဆရင်း မုတ်သုံနဲ့အတူ ကျွန်တော်ပြေးထွက်ရတော့မယ်။ ဖယ်ခွာလို့ မရသေးတဲ့ အလွမ်းတွေဟာ ပန်းပုရုပ်ကလေးနဲ့အတူ ကျန်ခဲ့ပြီလား။ ကျွန်တော့်နောက်ကျောမှာပဲ ဓါးလို တန်းလန်းစိုက်ဝင်နေဆဲလား။ ကိုယ့်ကိုယ်ကို သတိရမိတဲ့အချိန်မှာ ကျွန်တော့်ကောင်းကင်ဟာ နီစင်လဲ့လဲ့တောက်ဖြာလာပြန်ရဲ့။ တစ်ခါတလေတော့လည်း အလွမ်းဆိုတာ မုန်တိုင်းထက် အကျဉ်းတန်လွန်းပါတယ်။ လာခဲ့ပါတော့။ ကျွန်တော်က အတိတ်ကို အချိန်မရွေး ရင်ဖွင့်ချင်နေတဲ့ကောင်ပါ။

ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာပဲလို့ နွေမွန်သော်တာ အပြစ်တင်နေမလား မသိဘူးနော်။ ရယ်ချင်လည်း ရယ်နေမှာပေါ့။ ကျွန်တော့်အတွက်တော့ တစ်ခါပတ်သက်ဖူးတာလေးကပဲ ကျွန်တော့်ရာဇဝင်တစ်ခုလုံးကို ပန်းပုရုပ်ကလေးနဲ့ နွေရာသီကာလများက သိမ်းထုပ်သွားခဲ့တာပါ။

ချစ်တယ်လို့ ပြောခွင့်မရှိခဲ့ပေမယ့် လွမ်းတယ် နွေမွန်သော်တာ။ တစ်ခါကဆိုတဲ့ စကားကို သုံးခွင့်မရှိတဲ့ အဆင့်မြင့်တေလေတစ်ယောက်ရဲ့ ရင်ထဲမှာ ပန်းပုရုပ်ကလေးဆီက ကြွင်းကျန်ခဲ့တဲ့ အမှိုက်စတွေနဲ့ ကိုယ့်ကိုယ်ကို ဖြန့်ခင်းမိတိုင်း အလွမ်းတွေ ရှုပ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



လွန်းတယ်။

ဒီနေ့အတွက်ကတော့ လတ်ဆတ်တဲ့ မနေ့ဟာ အတိတ်ပါပဲ။ အဲဒီမှာ နွေမွှန်သော်တာရှိတယ်။ ကျွန်တော့်ပန်းပုရုပ်ကလေး ရှိတယ်။ နောက်ပြီး . . . ရှိတယ်။ ကျွန်တော့်ကို မေတ္တာဖြင့် သရုပ်ဆောင်ပေးခဲ့တဲ့ အချစ်နဲ့ နွေဦးရာသီလည်း ရှိနေလေရဲ့။ ဒါဟာ ကံတရားဆိုရင် အမှားနက္ခတ်တွေဟာ အရှေ့ကိုမျှော်လေတိုင်း ကျွန်တော့်ရာဇဝင်ရိုင်းနေတော့မယ်။

(၂)

ကံ့ကော်ပန်းတွေ အပြိုင်အရိုင်း ပွင့်ဝေတဲ့ နွေရာသီရက်တစ်ချို့ဟာ ပျင်းရိစရာကောင်းလောက်အောင် သမ်းဝေမှုတွေနဲ့ ကိုယ်စားပြုထားပါတယ်။ အနီရောင်ကို ကိုယ်စားပြုတဲ့ မိဿရာသီမှာမှ နွေမွှန်သော်တာဆိုတဲ့ ကောင်မလေးဟာ ကျွန်တော့်ရဲ့ကိုယ်ရေးကိုယ်တာတွေကို ချဲ့ထွင်ဖို့ ဘယ်လိုများ ရောက်ရှိလာခဲ့ပါသလဲ။ အရိုးသားဆုံး တွေ့ဆုံမှုဟာ တိုက်ဆိုင်ခြင်းလို့ နာမည်တပ်ရလောက်အောင် ကျွန်တော်တို့ရဲ့ဆက်ဆံရေး မညံ့ဖျင်းခဲ့ပါဘူးနော်။ ဒါဟာ နတ်ဖုရားတစ်ပါးပါးရဲ့ မစမှုဆိုရင်လည်း ကျွန်တော်ထာဝရ ဦးညွှတ်လိုက်ပါ့မယ်။

(အရိုင်းဆန်သော နွေမွှန်သော်တာ . . . ဘဝဆိုတာဟာ





နေရာတကာ ဖြတ်သန်းသွားလာခွင့်ရှိတဲ့ နယ်မြေမဟုတ်ဘူး။ ဗေဒါလို မျောချင်ရာ မမျောလိုက်ပါနဲ့။ ဟိုးတောင်ထိပ်မှာ မင်းလက်နဲ့ထိမှ ပွင့်မယ့်ပန်းတွေက ကိုင်းညွှတ်စောင့်စားနေကြတယ်။ သွားရအောင် နွေမွှန်သော်တာ။ ကတ္တီပါလမ်းဆိုတာ ပျော့ညံ့သူတွေကို မီးနီပြထားတယ်။ တစ်ဖက်ကမ်းက ရောင်နီတွေ ညွှတ်ကွေးနေတဲ့ ရာဇဝင်အလီလီထဲ ခပ်ရဲရဲခုန်ဆင်းလိုက်စမ်းပါ။ ဆုတောင်းပေးရုံသက်သက်တော့ မဟုတ်ဘူးနော်။ ငါ့လက်နဲ့ထိတိုင်း ရွှေမဖြစ်ပေမယ့် မင်းလက်ညှိုးညွှန်ရာမှာ မြက်ခင်းလို ငါဖြန့်ခင်းထားပြီးသားပါ။ လိုအပ်တာထက် ပိုယူသွားပါ နွေမွှန်သော်တာ။ မင်းဟာ ငါထုဆစ်ချင်တဲ့ ကိုယ်ရေးကိုယ်တာ ဘုရင်မဖြစ်တယ်။)

ကျွန်တော်နဲ့ နွေမွှန်သော်တာ ပတ်သက်မှုဟာ မီးခိုးငွေ့မဆန်ခဲ့ပါဘူး။ အမိအရ ဖမ်းဆုပ်ပြီး တစ်ယောက်ကိုတစ်ယောက်လေးမြတ်ခဲ့ကြတာပါ။ နွေရာသီတစ်ခုလုံးဟာ ဒီလိုနဲ့ အပျင်းပြေလာခဲ့ရပါတယ်။

(၃)

အလှကို ကိုးကွယ်သူတစ်ယောက်အတွက်ဆိုရင်တော့ နွေမွှန်သော်တာက အနာအဆာ ကင်းလွန်းပါတယ်။ ကျွန်တော်ဟာ အတ္တကြီးသူတစ်ယောက်လည်း မဟုတ်ပါဘူး။ ဒါပေမယ့် နွေမွှန်



www.burmeseclassic.com

www.burmeseclassic.com



သော်တာရယ်။ ဘဝဆိုတာက ရုပ်အလှတစ်ခုတည်းနဲ့ ဖွင့်ဆိုလို့မှ မရတာပဲလေ။

ကျွန်တော်သိသလောက်တော့ နွေမွန်သော်တာက လှတယ်။ အောင်မြင်ချင်တယ်။ ကျော်ကြားချင်တယ်။ ချမ်းသာဖို့အတွက်လည်း ဆုံးတွေလို ချွန်မြတဲ့ အလှတွေနဲ့ ဘဝကို ထိုးထွင်းချင်တယ်။ အယူအဆအမှားတွေနဲ့ ဖျားနာနေတဲ့ နွေမွန်သော်တာကို ကျွန်တော်တုန်လှုပ်မိခဲ့တယ်။ တစ်ခုခုဆိုရင် ဆုံးဖြတ်ဖို့ ဆန္ဒစောလွန်းတတ်တဲ့စိတ်က မနက်ဖြန်တွေကို ခေါင်းစဉ်ပြောင်းနိုင်တယ်ဆိုတာ တကယ်မသိခဲ့တာလား။ နွေမွန်သော်တာ စကားတွေ နားထောင်ရင်း ကျွန်တော်စွန့်စားကြည့်ချင်မိတယ်။ ကလပ် (Club) တက်တတ်တဲ့ နွေမွန်သော်တာကို ဘုရားရှိခိုးပြီး အိပ်တတ်ဖို့။ ရံဖန်ရံခါ စီးကရက်သောက်ချင်သေးတဲ့ သူမကို ရောဂါဆိုးတွေနဲ့ ခြိမ်းခြောက်ဖို့၊ လက်ဖက်ရည်ဆိုင်ထဲက ကျွန်တော်တို့နှစ်ယောက်ကြားမှာ 'ဦးဇောတိက' စာအုပ်လေး ချထားပြီး ဆွေးနွေးဖို့နဲ့ အဆိပ်အတောက် ဝေါဟာရတွေကို ကျွန်တော်ချေမှုန်းနေမိတယ်။

ချစ်လို့ပါ နွေမွန်သော်တာရယ်။ ဒါပေမယ့် မသိစေခဲ့ရပါဘူး။ ကျွန်တော့်မျက်ဝန်းထဲက အရောင်တွေဟာ ကျွန်တော့်ဆန္ဒတွေကို ဆေးမဆိုးရက်ဘူး။ ကျွန်တော်က တစ်ခုခုလိုချင်လို့ တစ်ခုခုရင်းနေတာမှ မဟုတ်တာ။ ဒါဟာ ကစားပွဲမဟုတ်ဘူးလေ။ အနိုင်အရှုံး





မပါဘူး။ ကျွန်တော့်စကားတွေကို တစစလက်ခံလာခဲ့တဲ့ နွေမွန်သော်တာအတွက် ကြည်နူးရှုံသက်သက်ရယ်ပါ။

သူငယ်ချင်းတွေက ပြောကြသေးတယ်။ ကျွန်တော့်ကို နွေမွန်သော်တာနဲ့ပတ်သက်ပြီး နားမလည်နိုင်ကြတော့ဘူးဆိုပဲ။ ကျွန်တော်က သူတို့နားလည်လောက်အောင် မရှင်းပြတတ်ဘူး။ ကျွန်တော့်ကို တစ်မျိုးထင်ကြတယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုပဲ နားလည်တယ်။ ဖြစ်နိုင်မယ်ဆိုရင် နွေမွန်သော်တာလည်း ကျွန်တော့်ကို ကျွန်တော့်လို နားလည်ပေးပါ။ အဲဒါကတော့ နွေမွန်သော်တာ သွားမယ့်လမ်း မကြမ်းတမ်းစေဖို့ပါ။ အဲဒီထက်မပိုမိအောင် ထိန်းချုပ်ခဲ့ရတဲ့ ညတွေထဲမှာ နွေမွန်သော်တာဆိုတာက ကျွန်တော့်အိပ်မက်ထဲက ပန်းပုရုပ်လေးပါပဲလေ။

(၄)

နွေမွန်သော်တာက အလုပ်လုပ်တော့မယ်ပြောလို့ ကျွန်တော့်မှာ ဝမ်းသာရတယ်။ အဲဒါထက် ပိုကြည်နူးမိတာက သူ့ရဲ့အယူအဆတွေကို ပြောင်းလဲပေးခဲ့တဲ့ ကျွန်တော့်ကို ပထမဆုံးရတဲ့ လခနဲ့ မွေးနေ့လက်ဆောင်ပေးချင်လို့တဲ့လေ။ တကယ်ပဲ နွေမွန်သော်တာရဲ့ မလိုအပ်တဲ့ အစိတ်အပိုင်းတွေကို ကျွန်တော်ဖယ်ခွာနိုင်ခဲ့ပြီပေါ့။ ပျော်စရာတွေ ရှုပ်ပါးလွန်းလှတဲ့ ကျွန်တော့်အတွက် မှတ်မှတ်ရရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပါတယ်။

ကျွန်တော့်ရဲ့ချစ်လှစွာသော နွေမွန်သော်တာ။ ခုချိန်ကစပြီး ကျွန်တော့်ကို ချစ်ခြင်းတရားတွေ ပြန်သင်ကြားပေးလှည့်ပါတော့။

(၅)

သူမရဲ့ ပတ်ဝန်းကျင်အသစ်မှာ အောင်မြင်မှုတွေရလာတဲ့ နွေမွန်သော်တာနဲ့ ကျွန်တော်သိပ်မတွေ့ဖြစ်ကြတော့ပါဘူး။ ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးမှာကိုတောင် ကျွန်တော်နဲ့ထိုင်ဖို့ အချိန်မပေးနိုင်တော့တဲ့ သူမကို အပြစ်လည်း မတင်ရက်ပါဘူး။ လမ်းဘေး (P.C.O) ဖုန်းထဲက နွေမွန်သော်တာ အသံလေးကြားရုံနဲ့ကို ကျွန်တော်က ကျေနပ်နေခဲ့တဲ့ကောင်ပါ။ နွေမွန်သော်တာရဲ့ အသီးအပွင့်တွေကို အသင့်စားသုံးဖို့ ကျွန်တော်စိုက်ပျိုးခဲ့တာဆိုရင် ငြင်းရဲပါရဲ့။ အရှည်အချင်းအလှနဲ့ တောက်ပလာတဲ့ ကြယ်ပွင့်လေးကို လမ်းဘေးကပဲ ပီတိဖြစ်နေဆဲပါ။ အဲဒီအောင်မြင်မှုတွေကပဲ ကျွန်တော်နဲ့ ပြန်ဝေးစေခဲ့တာလားဟင်။ နွေမွန်သော်တာရဲ့ စကားမြစ်တွေထဲမှာ ကျွန်တော့်အချစ်တွေက ဆိုက်ကပ်ရာ ကမ်းမမြင်သေးပါဘူး။

တစ်နေ့တော့ ပြောဖြစ်မယ် နွေမွန်သော်တာ။ ချစ်တယ်လို့ပေါ့။ အဲဒီနေ့ဟာ အလုပ်ကိစ္စနဲ့ ခရီးသွားတဲ့ နွေမွန်သော်တာ ပြန်ရောက်လာမယ့်နေ့လို့ ကျွန်တော်သတ်မှတ်လိုက်တယ်။ မစောလွန်း





တော့ပါဘူးနော်။

အဲဒီနေ့ ညနေခင်းဟာ ဝါပြေပြေလေး လှပနေခဲ့တယ်။ ထိုင်ခဲ့ဖူးတဲ့ လက်ဖက်ရည်ဆိုင်လေးမှာ နွေမွန်သော်တာကိုစောင့်ရင်း စကားလုံးတွေ ရွေးချယ်ရင်ခုန်ရင်း ဟော ... အမှောင်ရိပ်က တဖြည်းဖြည်း စွန်းပေလူးလွန့်လာခဲ့ပေါ့။

ကျွန်တော် ရှိနေခဲ့တယ်။ လက်ဖက်ရည်ဆိုင်လေးထဲမှာ မလှုပ်မယှက် ရှိနေခဲ့တယ်။ စကားတစ်ခွန်း လာနားထောင်ဖို့တောင် နွေမွန်သော်တာက ကျွန်တော့်အတွက် အချိန်မပေးနိုင်တော့တာလား။ အင်းပေါ့လေ ... ဒီလမ်းကို တစ်ယောက်တည်းပြန်ခဲ့ရတာ ခြေဖဝါးမှာ အသားမာတောင် တက်ခဲ့ပြီပဲ။ ကျွန်တော် စိတ်မကောင်းဖြစ်ရုံလေးပါလို့တော့ တွေးမနေပါနဲ့နော်။ နောက်နေ့ဆိုတာ မသေချာတတ်လွန်းလို့ အဲဒီညက အိပ်မပျော်ခဲ့ပါဘူး နွေမွန်သော်တာရယ်။

(၆)

တူ ... တူ ... တူ ... နဲ့ ပြတ်တောက်သွားတဲ့ ဖုန်းလိုင်းထဲမှာ ဘာတွေများ ရှိနေသေးပါသလဲ။ အချစ်လား၊ အမုန်းလား၊ အောင်မြင်မှုလား၊ ဆုံးရှုံးမှုလား။ ဒါမှမဟုတ် နောက်ဆုံးအဆုံးသတ်တစ်ခုလား။ ကျွန်တော် ကောင်းကင်ဆီ ငေးရီနေမိတယ်။

"ကျွန်မကို ကိုကြီး အဲ ... အလုပ်ရှင်သူဌေးက လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းတယ်။ အဲဒါ ဘယ်လိုလုပ်ရမှာလဲဟင်”

ကျွန်တော် စူးစူးအက်အက်ကို နာကျင်သွားမိတယ်။ နွေမွန်သော်တာရယ် မင်းလက်မခံချင်လို့ ငြင်းမယ်ဆိုရင် ငါ့ကို ခုလို ဘယ်ပြောပါ့မလဲနော်။ ငါမသိအောင် တစ်ခါတည်း ငြင်းခဲ့မှာပေါ့။ ခုတော့ ငါက ဘာပြောပေးရမှာလဲ၊ မင်းကြားချင်တဲ့ တစ်ခုခုပဲပေါ့လေ။ ရပါတယ် နွေမွန်သော်တာ၊ ငါ့ဘက်က မခက်ခဲစေရပါဘူး။

“ကျွန်တော် ဝမ်းသာပါတယ် နွေမွန်သော်တာ၊ ပြီးပြည့်စုံတဲ့ ဘဝတစ်ခုဖြစ်ပါစေ”

“ကျေးဇူးပါပဲ ကိုဖြိုးဝေရယ်၊ သူကလေ တကယ်ချစ်လို့ လက်ထပ်ခွင့်တောင်းတာပါ။ ကျွန်မလည်း ဒီကိစ္စမှာ အရင်တုန်းကလို တွက်ချက်ပြီး လက်ခံမှာ မဟုတ်ပါဘူး။ ဟိုလေ ကိုဖြိုးဝေ တစ်မျိုးထင်မှာစိုးလို့ပါ”

“ဟာ . . . မထင်ပါဘူး။ နွေမွန်သော်တာက တကယ်စာတတ်သွားပြီပဲဟာကို”

“ကိုဖြိုးဝေကလည်း ပြောတော့မယ်။ ဒါပဲနော် . . . ကျွန်မခရီးကပြန်ရောက်မှာ မဟုတ်သေးဘူး . . . ဘိုင့် . . . ဘိုင်”

ဖုန်းလိုင်းထဲက ကျွန်တော့်စကားသံတွေဟာ ငွေ့ရည်ဖွဲ့မယ်ဆိုရင်တောင် မိုးအဖြစ်ရွာကျလာမှာ မဟုတ်တော့ပါဘူး။ ကျွန်တော့်တစ်ကိုယ်စာ မျက်ရည်အဖြစ်နဲ့ပဲ ကမ္ဘာမြေထဲမှာ ဆိတ်သုဉ်း





ပျောက်ကွယ်သွားတော့မှာပါ။ Good Bye နွေမွန်သော်တာရေ၊ မင်းပြန်ပေးခဲ့တဲ့ **အရာအားလုံးထဲမှာ** သိမ်းထားချင်စရာ အကောင်းဆုံးကတော့ ‘**အလွမ်း**’ လို့ ငါက သတ်မှတ်လိုက်ပါရဲ့။

သူမဟာ ကျွန်တော်ထုဆစ်ခဲ့တဲ့ ပန်းပုရုပ်ကလေးတစ်ရုပ်ပါ။ ကျွန်တော်က မလိုအပ်တဲ့ အပိုင်းအစများစွာကို ဖယ်ခွာချခဲ့သလို အသက်ဝင်သွားတဲ့ ပန်းပုရုပ်ကလေးကလည်း ထုဆစ်ခဲ့တဲ့ လက်အစုံကို ပြန်လည်ဖယ်ခွာခဲ့ရှာလေးပါ။ ဘယ်သူတွေမှ မမှားကြပါဘူးလေ။

လောကကြီးရဲ့ အစီအစဉ်တကျ လွဲချော်မှုတွေထဲမှာ ကျွန်တော်နဲ့ ပန်းပုရုပ်လေးက ခပ်သေးသေးအမှုန်လေးတစ်ခုသာ ဖြစ်ခဲ့ပါတယ်။ ရင်အုပ်အဝါကျား ငှက်ကလေးတစ်ကောင်ရဲ့ မပီမသ အော်မြည်သံကိုလည်း အဝေးက ကြားနေရတယ်။ မမြင်နိုင်ပေမယ့် လွမ်းဖွယ်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အပြစ်မမြင်သော အချစ်ဝတ္ထု

ကျောက်ဖြစ်ရုပ်ကြွင်းအကြောင်း လူတစ်ချို့ ပြောနေကြသောအချိန်တွင် လူတစ်ချို့က လကမ္ဘာပေါ်သို့ ချေချပြီးနှင့်ခဲ့ပြီ။ သင်ဘာတွေ တွေးနေသလဲဟု ကျွန်တော်မသိသောအချိန်တွင်လည်း ကျွန်တော်က သီချင်းတစ်ပုဒ်နားထောင်နေမိသည်။

အပြစ်မမြင်ပါဘူးတဲ့။ ဝိုင်းစုခိုင်သိန်းဆိုသည်။ ကောင်းသည်။ ကျွန်တော်ကြိုက်၍ ဖြစ်သည်။ ကန့်ကွက်ကြောင်း ထောက်ခံစာတွေမလို။ ပို၍ တေးရေးဇဝါကို ကျေးဇူးတင်သည်။ သူတို့နှစ်ယောက်ကြောင့်ပင် လကမ္ဘာပေါ် ရောက်နေသော ကျွန်တော့်စိတ်ကူးသည် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တူးဖော်နေခဲ့မိပြီ။ လတ်တေဇအောင်ကြောင်သည်ဟု ဆိုရိုးရှိက ဆိုစေ။





ကျွန်တော်သည် ဇာတ်ဆောင်လား၊ ဇာတ်လမ်းပြောပြသူလား။ ဒါမှမဟုတ် တတိယလူသားနေရာမှ ပါဝင်ပြောဆိုခြင်းလား။ ဟုတ်ချင်လည်း ဟုတ်မည်။ သို့မဟုတ် အကုန်ဟုတ်ချင်မှလည်း ဟုတ်မည်မဟုတ်။ ကျွန်တော့် သိစိတ်အလျှင်တိုင်း သင်တို့အား လိုက်ပါစေရန် ဖိတ်ခေါ်ခြင်းသာ ဖြစ်၏။ တစ်လှေတည်းစီးပြီး တစ်ခရီးတည်း သွားကြပါမည်။ ထိုထက်ပို၍ ပျော်ပျော်ပါးပါး လှေလှော်သွားကြမည်။ ကြာပန်းများလည်း ခူးကြပါမည်။ လိုက်လိုက လိုက်ကြပါ။ ဤစကားပြေ ဖတ်နေသောသင်သည် ငါ့မှာလည်း သည်လိုဇာတ်လမ်းတွေရှိတာပဲဟု တွေးကောင်းတွေးနေမိနိုင်ပါသည်။ မငြင်းပါ။ လာခဲ့ပါ။ ဒီစာချုပ်မှာ သင်နှင့်ကျွန်တော် လက်မှတ်ထိုးလိုက်မည်။

မင်းကြားနေရသလား မိသူဇာ။ အသံတွေရဲ့ အရောင်ကို မင်းကြားနေရသလား။ ကျွန်တော် ရေဒီယိုကို ဖွင့်လိုက်သည်။ မိသူဇာသည် အသံထဲမှာ ကနေ၏။ ချစ်သောမိသူဇာ။ ငါ့နှလုံးသားရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းလေး မိသူဇာ။ ပြတင်းပေါက်ကို ဖွင့်လိုက်ပါ။ ငါ . . ချစ်တယ်ဟု ပြောပြဦးမည်။ အရင်ကလည်း ချစ်သည်။ ခုလည်း ချစ်မြဲချစ်နေသေးသည်။ မိသူဇာကို ကျွန်တော်ချစ်သည်။ ဆိုခဲ့စေမြဲစေ။

ချောကလက်ရောင် ကောင်းကင်အောက်မှာ မိသူဇာနှင့် ကျွန်တော်တွေ့ခဲ့ကြသည်။ ထိုနေ့က မိုးမရွာပါဟူသော စကားပြေမျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေးဦးမည်လား။ ထားလိုက်ပါ။ ထိုနေ့က နေကျဲကျဲ တောက်ပူနေသည်။ ချစ်သူများနေ့ဟု သတ်မှတ်ထားသော နေ့တစ်နေ့ ဖြစ်၏။ ရင့်မှည့်သောနေ့ ထွက်ပြေးရအောင်အမည်ရှိ ကဗျာစာအုပ် တစ်အုပ်လက်ဆောင်ရသည်။ ကျေးဇူးတင်ခဲ့ပြီးပြီ။ ထိုနေ့ကပင် နှစ်နှစ်ထောင်သက်တမ်းရှိ နှင်းဆီရွက်ကျောက်ဖြစ်ရုပ်ကြွင်း ခါတ်ပုံကို မိသူဇာအား လက်ဆောင်ပေးခဲ့သေးသည်။

ဖန်တီးနိုင်သော ဘဝတစ်ခုထက်ပို၍ မိသူဇာဖန်တီးခဲ့သည်။ အပြစ်မမြင်ပါး မိသူဇာ။ ကျွန်တော်က ချစ်ချင်တာပဲ သိတာပါ။ သီချင်းနဲ့ ရောသွားပြီလား။ ထိုသီချင်းကို ခုတစ်ပတ် နေရာအနှံ့ ကြားနေရသည်။ ထို့ကြောင့် မိသူဇာကိုချစ်သော ကျွန်တော့်အချစ်က 'ပေါက်' သည်။ သို့သော်လည်း ကျွန်တော့်နှလုံးသား၏ ကျောက်ဖြစ်ရုပ်ကြွင်းကို နှစ်တစ်သောင်းကြာမှ မိသူဇာတူးဖော်ယူနိုင်လိမ့်မည်။ ထိုအခါ ကျွန်တော့်အချစ် လူလားမြောက်ပြီ။

မြောက်ပြန်လေတွေ ခပ်ရိုင်းရိုင်း တိုက်နေကြသည်။ ကျွန် သည်ဟုတ်မဟုတ်တော့ ကျွန်တော်မသိ။ ကုန်လည်လေဟု ခဏခဏထည့်ရေးတတ်သော စာရေးဆရာတစ်ယောက်က စာအုပ်လက် ဆောင်ပေးသည်။ ထိုစာအုပ်သည်လည်း မိသူဇာထံမှာ။ ဘာဖြစ် သနည်း။ မိသူဇာကို လမ်းလျှောက်တတ်ရန် ကျွန်တော်သင်ပေးခြင်း မဟုတ်ပါ။ ချစ်တတ်လာအောင် သင်ကြားပြသခြင်းသာ ဖြစ်သည်။





မိသူဇာ ချစ်ခဲ့သည်။ ကျွန်တော့်ကို မဟုတ်။ တစ်စုံတစ်ယောက်ကို။ နောက်ဆုံးတွင် ဟုတ်ယောင်ထင်မှားမှုများကို အစစ်အမှန်ဟု ကျွန်တော်လက်ခံလိုက်ရ၏။ အရာအားလုံးသည် စနစ်တကျ ဖြစ်တည်နေခြင်းကိုလည်း ကျွန်တော်လက်ခံလိုက်ရပြီ။

ဟိုအဝေးမှာ စံပါယ်တွေ ဖွေးလှုပ်နေကြပြန်ပြီ။ မက်မက်မူမူး အိပ်မက်ကလေးလည်း ဝေးပြီ။ ကျွန်တော့်ဆီမှာ ဘာကျန်သေးသလဲ။ သေသေချာချာ သိမ်းထုတ်ထားသော အချစ်ကဗျာတစ်ပုဒ်လား။ မိသူဇာအကြောင်း သီကုံးထားသော ညဒိုင်ယာရီတစ်အုပ်လား။ မိုးတွေရွာနေပြီ။ မိုးရေတို့ဖြင့် ထိတွေ့၍ မိသူဇာ၏ဆံနွယ်ဆီမှ ထွက်လာသော ရနံ့တစ်မျိုးကို ကျွန်တော်ချစ်၏။ ကျွန်တော်ချစ်သော မိသူဇာကို သူ့ချစ်သူနှင့် တွေ့သောနေ့က အပြင်မှာ မိုးရွာပြီး ကျွန်တော့်ရင်ထဲမှာ ငိုသည်။ ချစ်ကြောင်းပြောပြဖို့ နောက်ကျခဲ့တာလား။ မိသူဇာ ချစ်သူရသွားတာများ စောလွန်းတာလား။ ဘာပဲဖြစ်ဖြစ် ချစ်နေမှာပဲ မိသူဇာ။ နှင်းဆီမျိုးကွဲပေါင်း နှစ်ထောင်ကျော်ထဲမှာ ကျွန်တော့်အချစ်ကို ရှာကြည့်လိုက်ပါ။

အပြာရောင်ဖန်သားနန်းဆောင်ထဲမှာ မိသူဇာ ချိုလွင်ငြိမ်းချမ်းနေပြီလား။ ဒဗ္ဗလင်မြို့သို့ ကျွန်တော့်ကို ပို့ကြပါ။ ကျွန်တော်သည် မိသူဇာကို စောင့်နေမည်မဟုတ်။ ပျော်စေငြိမ်းစေ။ ဘဝမှာ သူချစ်ကိုရစေ။ ဘဝမှာ  သူချစ်ကိုရစေ။ ဆုတောင်းပေးနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့ကိုယ်ထဲမှာလည်း ဆုတောင်းတွေကုန်ခဲ့ပြီ။ နောက်ဘဝမှာ အနည်းဆုံး လူအဖြစ်မှ ရပ့ါမလား။ လေးဖြူသီချင်းတစ်ပုဒ်ကို နားထောင်လိုက်ပါဦး။ အဲ့သည်မှာ သံယောဇဉ်ဆိုတာ ရှိသည်။ ငါ၏ အထပ်ထပ် ရှုံးနိမ့်ခြင်းတွေ ရှိသည်။ ပြောခွင့်မသာခဲ့သော စကားများရှိသည်။ ကြားနာခွင့်မရလိုက်သော မိသူဇာကို ကောင်းချီးပေးလိုက်ကြပါ။

ဒေင်မှာ တိုးချဲ့ဥယျာဉ်ပေါ်နေပြီလား။ တားမြစ်ထားသော အသီးအား မျိုးစေ့ချပေးကြပါ။ ထိုအပင်မှ အသီးသီးသောနေ့ကို ဒုတိယချစ်သူများနေ့ဟု သတ်မှတ်လိုက်မည်။ ပထမချစ်သူများနေ့ကို စိန့်ဗယ်လင်တိုင်းအား ပြန်ပေးလိုက်ကြပါ။ ကျွန်တော် မိသူဇာကို ဒုတိယအကြိမ်အဖြစ် ပထမဆုံးသော ချစ်ခွင့်ပန်ချင်ပါသည်။ ပြီးလျှင် ဒုတိယနေ့မိုးစက်များထဲ ကျွန်တော်တို့ မြူးတူးကြမည်။ ဒါစိတ်ကူးပါ မိသူဇာ။ ကျွန်တော် ခုပဲ ဆုတ်ဖြဲလိုက်ပါပြီ။

ကျွန်တော် လိမ်မပြောတတ်ဘူးအဖေဟု ဂျော့ချ်ဝါရှင်တန် ပြောခဲ့သည်။ ကျွန်တော်လည်း လိမ်မပြောတတ်ပါဘူး မိသူဇာ။ အရာရာဟာ လေးလေးနက်နက် နောက်ကျခဲ့တာပါ။ တိတ်တိတ်ကလေး အချစ်ကိုအရောင်တင်ရင်း ကျွန်တော်ကိုယ်ကျိုးနည်းခဲ့တာပါ။ အဝေးမှာ တိမ်ဖြူတွေ မျောလွင့်နေကြသည်။ ထိုတိမ်တွေကို မီးရောင်ဆိုးပေးလိုက်ကြပါ။ အဝါရောင်ကိုက်ခဲမှုများ ဖြစ်ထွန်းနေ





တာပင် ကြာခဲ့ပြီ။ လိမ္မော်အချိန်ကိုလွမ်းတိုင်း စက်တင်ဘာလသည် ရောက်ရောက်လာတတ်၏ ငါကော ဘယ်သောင်ဘယ်ကမ်း လှမ်းရဦးမှာလဲ။ ပြောပါ မိသူဇာ။ ငါ့ရဲ့ ရောက်တတ်ရာရာ ဆိပ်ကမ်းလေး မိသူဇာ။

ချစ်သည်။ ချစ်သည်။ ချစ်သည် . . . ။ အခွန်းပေါင်း တစ်သန်းပြောသော်လည်း မိသူဇာကြားနိုင်မည် မထင်တော့။ အပြစ်ဆိုတာ ဘာလဲ။ အဲ့ဒီအပြစ်အတွက် လတ်တေဇအောင် တစ်သက်လုံး လွမ်းစာတွေ ရေးနေရမှာလား။ ရှိတ်စပီးယား ကွယ်လွန်ခဲ့ပြီ။ သူ့ကဗျာများအား နောက်လူတို့ တူးဖော်ယူကြပါကုန်။

တစ်ခါမှ မလင်းပွင့်ခဲ့ပါလား မိသူဇာ။ ငါ့အချစ်တွေကို မြှက်ဝင်းနိုင်ဖို့ တစ်ခါမှ မျက်တောင်မခတ်ခဲ့ပါလား။ ငါနဲ့အတူရှိတုန်း ခိုးခိုးခစ်ခစ်တွေ မဖြစ်ခဲ့ပါလား။ ကြွပ်ကြွပ်အိတ်တွေကို ဆန့်ကျင်နေတာပင် ကြာခဲ့ပြီ။ မိသူဇာနှင့် ကျွန်တော် အနေဝေးခဲ့တာလည်း အတော်ကြာခဲ့ပြီ။

ဇာတ်လမ်းက ရိုးရှင်းလွန်းလှသည်။ ကောင်မလေးတစ်ယောက်နှင့် သိကျွမ်းပြီး တိတ်တခိုးချစ်နေမိသည့် အဖြစ် . . . ။ ချစ်ကြောင်း မပြောလိုက်ရဘဲ ကောင်မလေးမှာ ချစ်သူရသွားသော အဖြစ်။ ဒါကို အပြစ်မြင်နေရမှာလား။ ဒါမှမဟုတ် အရိုးထိအောင် လွမ်းနေရမှာလား။ ကိုယ့်ကိစ္စကိုယ်တာဝန်ယူပါမည်။ ဒါဆိုမယ့်



www.burmeseclassic.com

www.burmeseclassic.com



မိသူဇာကို ချစ်မြဲချစ်မည်။

ကျွန်တော့်နှလုံးသား နှင်းဆီပွင့်ချပ်များဖြင့် ပိနေသည်။ ကျွန်တော့် တစ်ကိုယ်လုံး နှင်းဆီဆူးချွန်များက ထိုးခွဲ။ အချစ်မှာ သူရဲကောင်းဖြစ်ခဲ့ရပြီ။ နေသာသော တစ်နေ့က ဖွင့်ပြောရန် ကြိုးစားဖူး၏။ ဒါပေမယ့် ကျွန်တော် မလုပ်နိုင်သော ခဏလေးတွေ အများကြီးပဲဆိုတာ သိခွင့်ရလိုက်၏။ မှတ်ဉာဏ်အပိုင်းအစတွေကို ခြားနားရင်း မိသူဇာကို မေ့ပစ်လိုက်ချင်သည်။ သို့သော် ဒီနေ့ ဒီအချိန်အထိ ကျွန်တော် မလုပ်နိုင်သေး။ အတိတ်သည် နောက်ကျောကို တွေ့ထားသော မဲးတစ်စင်းသာ ဖြစ်သည်။

မိုးရွာပြီး နေပူသောနေ့က သူခိုးလာပါသည်။ မိသူဇာကို ကျွန်တော့်လက်ထဲမှ ခိုးယူသွားသော သူခိုးနှင့် မိသူဇာ အတူလာသည်။ လက်ဆွဲနှုတ်ဆက်ရင်း သူခိုးကို မဲးရိုးကမ်းခဲ့ရ၏။ သူ့ချစ်သူပါတဲ့။ ကမ္ဘာကြီးသည် လေးထောင့်ဖြစ်သွားသည်။ ကျွန်တော့်အတွက် နေရာတိုင်းက နံရံ။ မိသူဇာ ကျွန်တော့်ကို အလွမ်းကန်ထဲ ပစ်ချခဲ့ပြီ။ သွားပါ မိသူဇာ။ လောကမှာ ချစ်၊ ကွဲ၊ ညား တစ်ခုခုတော့ ဖြစ်မှာပါပဲ။ ဒါတွေကိုပဲ ငါတို့တွေ တစ်နေ့တစ်နေ့ ဇာတ်လမ်းလုပ်နေကြတာ။

နောက်ဆုံးစာကြောင်းအတွက် ဘယ်လိုအားကောင်းသည့် စကားလုံးမျိုးသုံးစွဲရန် စဉ်းစားနေရင်းဖြင့် ကျွန်တော်အသက်ကြီးလာ





ရပြီ။ ချစ်နေပါမည်ဟု ပြောရင်းဖြင့်ပင် ကျွန်တော့်အလွမ်းကို သက်တမ်းတိုးလိုက်ရ၏။

**အဝေးမှာ . . . ။ မိသူဇာ . . . ။ အပြစ်မရှိ . . . ။ လွတ်စေ . . . ။**

* * * *



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်နှင့် မီးတောင်ပျို့များ

### မီးတောင် (၁)

လရိပ်ကျဲကျဲအောက်က ညဟာ မိုးဖြူတွေနဲ့ ဝေ့အူနေတယ်။ ဘယ်အချိန်ရှိပြီလဲဆိုတာ ကျွန်တော်မသိဘူး။ ခါတိုင်းလို ကားမပါလာပေမယ့် ဒီလမ်းအတိုင်းလျှောက်ရင် အိမ်ပြန်ရောက်မယ်ဆိုတဲ့ အသိကတော့ ကပ်နေသေးတယ်။ ဒီအချိန်ဟာ လူကောင်းတွေ အိမ်ပြန်ချိန်မဟုတ်ဘူးလို့ လူကြီးတွေ သတ်မှတ်ထားတဲ့အချိန်ဆိုတာလည်း ကျွန်တော်လက်ရှိမငြင်းနိုင်ပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ၊ ကျွန်တော့်သွေးထဲမှာ အခါးရည်တွေ ရာခိုင်နှုန်းများများ စီးဝင်နေလို့ပဲ။ ခြေလှမ်းကို မှန်အောင် ထိန်းလျှောက်ရင်း ကျွန်တော့်နားထဲကို ပွဲတော်ရဲ့ချော့မြူသံတွေက ခပ်





ကြမ်းကြမ်း တိုးဝင်လာတော့တယ်။

ဒီလိုနဲ့ ကောက်ကွေ့ယိမ်းထိုးနေတဲ့ ကျွန်တော့်ခန္ဓာကိုယ်ဟာ ပွဲတော်ဆီ ခြေချော်သွားလေရဲ့။ ရောင်စုံမီးတွေနဲ့ လူရောင်စုံတွေကြားမှာ ကျွန်တော့်စိတ်တွေကို ထူးခတ်မထားချင်တော့ဘူး။ လွတ်လပ်မှုဆိုတာ အခွင့်အခါကြုံမှ ပြည့်ဝလျှံပယ်စွာ ခံစားရတာ မဟုတ်လား။ ကျွန်တော့်ခြေလှမ်းတွေဟာ တစ်ခုခုပူးကပ်ခံထားရသလို ပွဲတော်နဲ့တစ်ထပ်တည်း ကျနေတော့တယ်။

ပွဲတော်ရဲ့ တေးတဝေဝေကြား မြူပ်နစ်လုဆဲဆဲမှာ ကျွန်တော့်ကိုယ်လုံး ရုန်းကြွသွားရတယ်။ ကျွန်တော့်ကို တစ်ယောက်ယောက်က လှမ်းခေါ်လိုက်သလိုပဲ။ သေချာပါတယ်။ ဒါပေမယ့် အဲဒီနာမည်က အဲဒီတစ်ယောက်တည်းကပဲ ကျွန်တော့်ကို ခေါ်တဲ့နာမည်။ လှမ်းကြည့်ရင်းနဲ့ ကျွန်တော့်ရဲ့ ရီဝေဝေစိတ်ဟာ မြို့ကလေးတစ်မြို့ဆီ ရောက်ရှိသွားပါတော့တယ်။

မိသူ . . .။ ကျွန်တော့်အမြင်အာရုံမှာ ကျောင်းသွားဖော်လေးကို ပြန်တွေ့လိုက်ရတယ်။ လုံးဝမမှားဘူး။ ကျွန်တော့်ရဲ့ပင်လယ်ငယ်ငယ်မှာ ရွက်လွှင့်ဖူးခဲ့တဲ့ ကောင်မလေး။ ကျွန်တော် သူ့ကို အရမ်းချစ်ခဲ့တယ်။ ဒါပေမယ့်လည်း တစ်မြို့တစ်ပြတွေဆီကို မိဘတွေရဲ့ခရီးနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ ဒဏ္ဍာရီဆန်ခဲ့ကြတယ်။ ပုံပြင်ဟောင်းဖြစ်ခဲ့ကြတယ်။ လူပြောများနေတဲ့ အချစ်ဦးဆိုတာ ဒီပေါ်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



မိသူ . . . ဘာဖြစ်လို့ ဒီလိုနေရာမျိုးမှာ ရှိနေတာလဲ။ ကျွန်တော်အသက်ရှူတွေ မြန်လာတယ်။ မိသူရဲ့ပုံစံက ဒီပွဲတော်ရဲ့နတ်သမီးလား။ ဖွဟဲ့၊ ဒီကံတရားလွဲပါစေ။ သူ့ဘေးနားက ယောက်ျားဖော်တစ်ယောက်ကို တီးတိုးပြောပြီး မိသူ ကျွန်တော့်နားကို ရောက်လာတယ်။ တရှိုက်နင့်နင့် ကြည့်မိ။ ကျွန်တော် နူးညံ့နာကျင်နေပါတော့တယ်။

"ဟုတ်တယ် ဖိုးအောင်၊ ငါ . . . ငါလေ"

"တော်တော့ မိသူ၊ ငါ ထပ်မကြားရပါစေနဲ့"

"ဟင့်အင်း . . . ဒါ အမှန်တရားပဲ ဖိုးအောင်၊ ဘဝဆိုတာကို ငါမယုံတော့ဘူး၊ ငါကြောက်လာပြီ၊ မေမေဆုံးသွားတာလည်းကြာပြီ၊ ဖေဖေလည်း အရက်စွဲနေပြီ၊ ငါပိုင်တာ ဘာမှမရှိဘူး၊ ငါ့မောင်လေး၊ ငါ့ညီမလေးအတွက် ငါ့စိတ်၊ ငါ့ခန္ဓာ . . ."

"အား . . . မပြောနဲ့၊ မပြောပါနဲ့ မိသူရယ်၊ ဘယ်အချိန်ဖြစ်ဖြစ် နင်ဟာ ငါ့ရဲ့ချစ်သူပဲ"

"ငါ အရမ်းပင်ပန်းနေပြီ ဖိုးအောင်"

"လာ . . . ငါတို့ တစ်ခုခုသွားစားရအောင်၊ ငယ်ငယ်တုန်းကလို နင် ငါ့ကို ဆုံးမဦးနော် မိသူ"

ပွဲတော်ဟာ တဖြည်းဖြည်း ဝေးကျန်ခဲ့ပါတယ်။ မိုးမြူတွေမသဲမကွဲနဲ့ ကျွန်တော့်နှလုံးသားဟာလည်း ထုံကျင်လာလေရဲ့။ ကျွန်တော် ဘာလုပ်ရမှာလဲ။ ကျွန်တော့်ရှေ့က မီးတော်တစ်ခုလုံးဟာပေါက်ကွဲတော့မယ်။ ချော်ရည်အဖြစ် အသွင်ပြောင်းလာမယ့် မျက်ရည်တွေကို ကျွန်တော်မမြင်ရက်ဘူး။

ကျွန်တော့်ပခုံးကို နွဲ့မှီရင်း မိသူ အိပ်ပျော်သွားတော့တယ်။ သူ့ရဲ့မနက်ဖြန်တွေကို ကျွန်တော် ရိုက်မချိုးရက်ဘူး။ ဘဝ၊ ငွေ၊ အနာဂတ်၊ မိသူ နင်မပေါက်ကွဲလိုက်ပါနဲ့။ ပွဲတော်ရဲ့ခေါင်မိုးဟာ နင် ခိုလှုံစရာဒေသမှ မဟုတ်တာ မိသူရယ်။

* * * *

## မီးတောင် (၂)

"လူကြီးတွေ စီစဉ်တာဆိုပေမယ့် ငါလက်ခံလိုက်တယ် အောင်အောင်၊ အဲဒါ မင်းအပေါ်မှာ မမ သံယောဇဉ်ရှိလို့ပဲ၊ မင်းလည်း မမလိုပဲလို့ ထင်တယ်"

ကျွန်တော့်လက်ကိုင်ဖုန်းဟာ လွတ်ကျမတတ်ပဲ။ မမနန္ဒာဆီက ဒီလိုစကားကြားရမယ်လို့ ကျွန်တော်ဘယ်တုန်းကမှ မထင်ခဲ့မိဘူး။ လှသလောက် ထက်မြက်တဲ့ မမနန္ဒာ။ သူ့ရဲ့အတ္တတွေကိုလည်း ကျွန်တော် မလွန်ဆန်နိုင်ပြန်ဘူး။ ဖေဖေတို့ မေမေတို့ အို . . . အားလုံးပါပဲ။ မမနန္ဒာတို့ ကျေးဇူးတွေနဲ့ ကျွန်တော့်ဘဝကို မတ်မိုးပေးခဲ့တာ။







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငြင်းလိုက်ရင် ကျွန်တော့်ကို . . .။ ဒါမှမဟုတ် မမနန္ဒာ တစ်ခုခုဖြစ်သွားနိုင်တယ်။ အရမ်းထက်မြက်သလောက် ထိရှလွယ်တဲ့ သူ့အတွင်းစိတ်ကို ကျွန်တော်ဘယ်လိုမျက်စိမှိတ်ထား နိုင်မှာလဲ။ မီးတောင်တစ်လုံးဟာ ပေါက်ကွဲဖို့ အသင့်ဖြစ်နေပြန်လေ ရဲ့။

"မမနန္ဒာရယ် . . . ကျွန်တော်လေ"

မိသူ . . . ငါပြောချင်တာက

(ကျွန်တော် ချိုလဲ့နဲ့ ချိန်းထားတာကို သတိရလာတယ်။)

* * * *

## မီးတောင် (၃)

ငြိမ်တိုးသဲ့နေတဲ့ ကန်ရေပြင်ဟာ ကျွန်တော်နဲ့ ချိုလဲ့ကြား မှာ ဆူညံမြည်ဟီးနေသလိုပဲ။ ကျွန်တော့်ချစ်သူ ချိုလဲ့ဟာ ဆွတ်ဆွတ် ဖြူစိတ်ထားလေးနဲ့ ချစ်စရာကောင်းတဲ့ ကောင်မလေးပါ။ ကျွန်တော် နဲ့သူ ချစ်သူတော်ခဲ့တာ ဘာထုထည်ကိုမှ မျှော်လင့်လို့ မဟုတ်ခဲ့ပါ ဘူး။ အချစ်ဆိုတာကို ဘာအကြောင်းပြချက်တွေမှမပါဘဲ နှစ်ဦး သဘောတူ ရွေးချယ်ရင်ခုန်ခဲ့တာပါ။

ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဝေယျာဝစ္စတွေ နည်းပါး လွန်းတယ်။ ချိုလဲ့ ကျွန်တော့်ကို ရစ်ပတ်ဖို့ ဘာအင်အားမှ မသုံးစွဲ





ခဲ့နှန်း ကျွန်တော်ယုံတယ်။ အရေပြားချင်း မီးတောက်တဲ့ ကမ္ဘာဦး သဉ်ကျေးမှုတွေ မပါသလို၊ အသားယူခဲ့တဲ့ အိပ်မက်တွေလည်း မမက် ခဲ့ကြဘူး။ မြင်ရရုံနဲ့ ကျေနပ်နေတာမျိုး မဟုတ်ခဲ့ပေမယ့် ကျွန်တော် တို့ ရှောင့်ရဲခဲ့ကြတယ်။ အလွန်လွယ်ကူတဲ့ကိစ္စတစ်ချို့ကို ဆွေးဆွေး နွေးနွေး မေ့ထားနိုင်ခဲ့တယ်။ ဟိုးအဝေးက ကောင်းကင်နဲ့ တိမ်လိုပဲ အမှတ်တရတွေကို သိမ်းမိုးထားချင်ခဲ့တာပါ။

ကျွန်တော် ချိုလဲ့ကို ချစ်တယ်။ ဒါ . . . အမှန်တရားဆိုတာ ဘယ်သူ့ဆီကမှ သက်သေယူစရာမလိုဘူး။ ချိုလဲ့ ကျွန်တော့်ကို ချစ် တယ်ဆိုတာဟာလည်း နူးညံ့တဲ့ ဝင်သက်၊ ထွက်သက်တွေနဲ့ သံသယ ဆိုတာ ဝေးဝေး။ ဘယ်တော့ လက်ထပ်မှာလဲလို့ ကျွန်တော့်ကိုမေးဖို့ ချိုလဲ့ ဆွံ့အနေတာမဟုတ်မှန်း သိမိပါရဲ့။ ကျွန်တော့်ရဲ့ကိုယ်ရေး ကိုယ်တာတွေကို ချဲ့ထွင်ဖို့ မကြိုးစားတာဟာလည်း ချိုလဲ့ရဲ့သစ္စာ တရားဖြစ်တယ်။

"ထားခဲ့ရင် နေခဲ့ပါ့မယ် မောင်"

ရင်မှာ ဆွတ်ဆွတ်ကျင်ကျင် ဖြစ်ရတဲ့စကားပါ။ ဒီမီးတောင် လေးကိုလည်း ကျွန်တော်မပေါက်ကွဲစေချင်ဘူး။ ကျွန်တော် ဖျားနေ တဲ့ညတွေမှာ ယောင်အော်နေမိတယ်။

* * * *

"ချိုလဲ့ . . . မောင့်ကို ခွင့်မလွှတ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မမနန္ဒာရယ် . . . အချစ်နဲ့ဘဝ ဆိုတာကလေ . . ."

"ငါတို့ ထပ်ဝေးဖို့ဆိုတာ သိပ်မဝေးတော့ဘူး မိသူ"

* * * *

မီးတောင်သင့်သူ

ဖြစ်နိုင်မယ်ဆိုလျှင် ကျွန်တော့်ထံသို့ လီလီပန်း*များ ပို့လိုက်ကြပါ။

* * * *

*(လီလီပန်း) = အနောက်နိုင်ငံအချို့ရှိ အသုဘအခမ်းအနားများ၌ အလှဆင်ရာတွင် အသုံးပြုသော ပန်းတစ်မျိုး။



## ထိုးဇာတ်

အိပ်မက်ဆိုရင်တောင်မှ ဒီအဖြစ်အပျက်တွေဟာ အပျော်ဇာတ်တော့ ဖြစ်လာမှာမဟုတ်ဘူး ညီမလေး။ အရာအားလုံးထဲမှာ ဇာတ်အနာဆုံး အိပ်မက်တစ်ခုပါပဲ။ ကိုယ်တို့ဟာ ရိုးရိုးမှုန်မှုန်လေး လေးခဲ့ကြတာပါ။ ဘယ်သူမှ ထပ်ပြီး သရုပ်ဆောင်ခွင့်မရှိတဲ့ ထိုးဇာတ်တစ်ခုမှာ ညီမလေးက ကြားစကားနဲ့ ထားသွားတဲ့သူ၊ ကိုယ်က ဖြေရှင်းခွင့်မရှိတဲ့ အမှန်တရားတွေထဲမှာ ကြွင်းကျန်ရစ်ခဲ့သူ၊ ကိုယ့်ကံပါလေ။ လောကဟာ မာယာများတယ်ဆိုတာ ကျမ်းအစောင်စောင်ထဲမှာ ကြားနာဖူးပါရဲ့။ ဒါပေမယ့်လည်း ညီမလေးရယ် အလွမ်းဆိုတာကို ယဉ်ပါးရင့်ကျက်ဖို့ ကိုယ်က သတ္တိကောင်းတဲ့ကောင်ပါ။ အင်း . . . အကြောင်းအရာတွေမလိုဘဲ ကိုယ်ကတော့ ရိုးရိုးလေး သတိရ

www.burmeseclassic.com

ရုံပေါ့။

ညီမလေးရေ . . .

လွမ်းမှုလွမ်းရာတွေထဲမှာ ခါးသက်ချိုမြိန်ဖူးခဲ့ပြီလေ။

(၁)

နှောင်းမိုးတွေ သည်းထန်စိုလူးပြီ ညှိုအိနေတဲ့ သဲလမ်းလေး ထဲမှာ မျက်လုံးဝိုင်းဝိုင်းနဲ့ ညီမလေးကို ကိုယ်က စပြီးသတိထားမိခဲ့ တယ်။ အသားညိုညိုနဲ့ ညီမလေးဟာ အရိုင်းဆန်ဆန်လေးလှတယ်။ ကိုယ့်အကြောင်း (အကောင်းရော အဆိုးရောပေါ့) တော်တော်များ များ သိထားကြတဲ့ ဒီပတ်ဝန်းကျင်ထဲကို ညီမလေး ဘယ်လိုရောက် လာခဲ့သလဲ။ ညီမလေးနေတဲ့ အိမ်ရှေ့က ဖြတ်လျှောက်တိုင်း ကိုယ် စူးစမ်းရှာဖွေတတ်လာပြီ။ အဲဒီမျက်လုံးလေးတွေနဲ့ တစ်စက္ကန့်လောက် ဆုံဖို့အရေး ကိုယ်တစ်နာရီလောက် အားယူခဲ့ရတယ်ဆိုရင် ညီမလေး ရယ်များရယ်နေမလား မသိဘူးနော်။ ဒါတွေဟာ ကိုယ့်ဘက်က တစ် ဖက်သတ်ချည်းပဲ မဟုတ်ပါစေနဲ့လို့ ရွေးချယ်ရင်ခုန်ရင်း အိပ်မက် တစ်ခုကို အတင်းယုံကြည်မိလိုက်တယ်။

နောက်ဆုံး ရှုံးမယ်ဖွဲ့ရမယ်ဆိုရင်တောင်မှ ကံကိုဘေးဖယ် ထားပါ။ တာဝန်မယူလိုက်ရတဲ့ အချစ်တွေနဲ့ ညီမလေးကို စူးစူးနစ် နစ်ချစ်ခဲ့ဖူးပါတယ်။





လျှာပေါ်မြက်စိုက်တဲ့ညတွေနဲ့ အနုပညာရဲ့လောင်မြိုက်မှု ကို အရသာရှိနေတဲ့ကိုယ့်မှာ အတိတ်ခါးခါးတွေနဲ့ သဘာဝမကျတဲ့ ချစ်သူတစ်ယောက်တော့ သဘာဝကျကျ ရှိခဲ့ဖူးတယ်။ ခု ညီမလေး ရောက်နေတဲ့ ပတ်ဝန်းကျင်ကလည်း အပေါ်ယံတွေကို သိမ်းကြုံးပြီး သူနဲ့ကိုယ့်ကို ချစ်သူစစ်စစ်တွေပဲလို့ သတ်မှတ်ထားကြတယ်။ အနု ပညာနဲ့ ငွေကြေးကို ခွဲခြားပြီး ဆူဝေခက်ထန်နေတဲ့အဖြစ်ကို ဘယ် သူတွေသိမှာလဲ။ နားလည်မှာလဲ။ သက်တမ်းကုန်လုဆဲဆဲ ချစ်သူ ရှိတဲ့ ကိုယ်က ညီမလေးကို ချစ်မိနေရုံလေးနဲ့တင် လိပ်ပြာမလုံချင် မှန်ဘူး။ ဒီပတ်ဝန်းကျင်က ညီမလေးကို ဘာပြောကြမလဲ။ ကိုယ့်ကို ရော ဘာတွေမေးငေါ့ကြဦးမလဲ။

ထားလိုက်ပါလေ။ ဝတ်မှုန်ကူးတဲ့နေ့မှာ ပန်းတွေ သန့်ရှင်း နေဖို့ပဲ အရေးကြီးတယ် မဟုတ်လား။ ကိုယ့်ကိုတော့ ယုံကြည်လိုက် ပါတော့ ညီမလေးရေ . . .။ တကယ်ရဲရဲ။

(၂)

အဲဒီနေ့က . . .။ မနက်ဦး မိုးစက်တွေဟာ သစ်ရွက်စိမ်း အဖျားလေးတွေမှာ ခိုသီးလို့။ တိမ်အုပ်ကိုဖြိုခွဲပြီး ဟန်ချက်ညီညီ ဖြတ်ထိုးကျလာတဲ့ နေခြည်နဲ့အတူ စိမ်းဖန့်စိုလက်နေကြတယ်။ မြက် ခင်ဖျားလေးတွေမှာလည်း ရေသီးသေးသေးလေးတွေဟာ နေရောင်


www.burmeseclassic.com

www.burmeseclassic.com



လှုံနေတုန်း။ ကိုယ်က သပ်ရပ်တဲ့ သဲလမ်းလေးထဲ လျှောက်နေမိပြန်တယ်။ လမ်းဘေးဝဲယာမှာလည်း မိုးနှောင်းပန်းရိုင်းတွေ ပွင့်ဝေနေကြပြီ။ မျက်တောင်တစ်ခတ်မှာ ပန်းကလေးတစ်ပွင့်ဟာ သွဲ့သွဲ့နွဲ့နွဲ့လေး ယိမ်းထိုးလာလေရဲ့။ ကိုယ် ကမ်းကုန်အောင် ပျော်မိသွားတယ်။ ကိုယ်က အဲသည်နေ့က ညီမလေးနဲ့ စကားပြောခွင့်ရရင် သိပ်ကောင်းမှာပဲလို့ မျှော်လင့်ထားတာကိုး။

ကိုယ်ဖျတ်ကနဲ ပြုံးပြလိုက်တော့ ညီမလေးက ရှက်ဝါးဝါးလေး ပြန်ပြုံးပြတယ်။ ကိုယ်တို့ အင်တာဗျူးဆန်ဆန် စကားပြောဖြစ်ကြသေးတယ်လေ။ အချစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ မပါပေမယ့် ကိုယ့်မျက်လုံးတွေကို ညီမလေးကျွမ်းကျင်မှာပါ။ ညီမလေးက နယ်ကနေ အလုပ်လုပ်ဖို့လာတယ်လို့ ကိုယ်သိရတယ်။ ဘယ်နယ်က လာတယ်ဆိုတာအထိပေါ့။ ပြီး ညီမလေးရဲ့နာမည်က စနေနာမ်နဲ့စတယ်။ နောက် ကိုယ်ငယ်ငယ်က ညီမလေးနေခဲ့တဲ့ ပြည်နယ်မှာ နေခဲ့ဖူးတယ်လို့ပြောတော့ ညီမလေး အရမ်းအံ့ဩသွားတယ် မဟုတ်လား။ ဟုတ်တယ်လေ။ ဘာမှမဆိုင်ပေမယ့်လည်း ကိုယ်တောင် အရမ်းချစ်မိသွားတာကိုး။ အရှုံးအမူးပဲ ညီမလေးရယ်။

နောက်နေ့တွေမှာ ကိုယ်နဲ့ညီမလေးဆုံတိုင်း အပြုံးတွေအလဲအထပ် လုပ်ခဲ့ကြတယ်လေ။ ကိုယ့်အကြည့်တွေက အရောင်တွေပါလာတဲ့အခါ ညီမလေးအပြုံးတွေမှာ ကိုယ်စားပြုတွေရှိမှန်း ကိုယ်သိ





တတ်ခဲ့ပါတယ်။

တစ်ယောက်နဲ့တစ်ယောက် ချည်နှောင်ဖို့ဆိုတာ ခွန်အားသုံးစရာ မလိုပါဘူး။ ရင်ထဲကို ကိုယ်စီငုံ့ကြည့်ရုံလေးပါ။ အပြန်အလှန်တော့ လေးမြတ်ကြမယ်နော် ညီမလေး။

နေ့လည်ခင်းတစ်ခုဟာ ထပ်မံလှပသွားခဲ့ပါတယ်။ ညီမလေးကို တွေ့လိုက်ရလို့ပါပဲ။ ကိုယ်ကလည်း အဲသည်နေ့မှာမှ လိပ်ပြာသန့်သန့် ရင်ခုန်နေတာပါ။ ညီမလေးကြောင့်မဟုတ်တဲ့ အကြောင်းအရာတွေနဲ့ ကိုယ့်အရင်က ချစ်သူက လတ်လတ်ဆတ်ဆတ် ပေါင်းသွားပြီလေ။ သာမန်ရွှမီးတောင်တစ်လုံး အချိန်တန်လို့ ပွင့်ထွက်သွားတာမျိုးပါ။ သဘာဝကျကျပါပဲ။ အခုမှ ရည်းစားနဲ့ ပြတ်လာတဲ့သူက ရည်းစားစကား ထပ်မပြောရဘူးလို့ ဘယ်သူပြောမလဲ။ နှစ်ခါချစ်ဖူးလည်း အရှုံးမှမဟုတ်တာ။ ဒါပေမယ့် ကိုယ်မြှုသိပ်ခဲ့ပါသေးတယ်။

ကိုယ့်ဝပ်ကျင်းလေး သပ်ရပ်ခင်းကျင်းပြီးမှ ညီမလေးကို ခေါ်ချင်တာလေ။ တရားပါတယ်နော်။ ကိုယ် စစ်တိုက်နေတာ မဟုတ်ဘူး။ ကိုယ့်ကို နွေးနွေးလေး ဆွေးနွေးခွင့်ပြု . . . ။

ကိုယ် နောက်ကလိုက်လာတော့ ညီမလေးတောင် လှည့်ပြန်လာနေပြီ။ ကိုယ်တို့ရပ်ကွက်နားက ကုမ္ပဏီတစ်ခုကပါ။ အဲဒီမှာ ညီမလေးရဲ့ အစ်မဝမ်းကွဲတစ်ယောက် အလုပ်လုပ်နေတယ်လို့ ညီမလေးပြောဖူးတယ်။ ညီမလေးလည်း အဲဒီမှာပဲ အလုပ်လျှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ ခုလည်း အစ်မကို ထမင်းချိုင့်သွားပို့ပြီး ပြန်လာတာလေ။ ကိုယ်နဲ့လည်းဆုံရော ညီမလေးက အရင်အတိုင်း ရွှက်ဝါးဝါးလေး ပြုံးပြပြန်တယ်။ ကိုယ်အရဲစွန့်လိုက်မိတယ်။ ပြန်လှည့်ပြီး ဟိုဘက်နည်းနည်းလျှောက်ရအောင်လို့ ပြောလိုက်တာလေ။ ဒါကို ညီမလေးက အချိန်မရဘူးဆိုပဲ။ ကိုယ် ဒိတ်ကနဲ စိုးရိမ်သွားမိတယ်။ ဒါပေမယ့် ကိုယ်ပျော်ရပါတယ်။ ညီမလေးက ပြန်လှည့်ပြီး ကိုယ်နဲ့လိုက်လျှောက်လာလို့။

နှစ်ယောက်သား တိတ်ဆိတ်နေကြသေးတယ်။ ကိုယ့်ရင်ထဲမှာတော့ ဆူညံရင်ခုန်လို့ပေါ့။ ကိုယ်အရင်စမေးခဲ့ပါတယ်။ အမှန်တော့ ဘယ်သူမှ မကြွပြားသေးတဲ့ ကိုယ့်အကြောင်းကို ပြတ်သားစေချင်လို့ပါ။ ညီမလေးကို ကိုယ့်အကြောင်းတွေ သိထားလားလို့ မေးမိတယ်။ ညီမလေးက တစ်ခုခုသိထားတယ်ဆိုရင် ကိုယ်က ရှင်းပြဖို့အသင့်လေ။ ထူးဆန်းလွန်းပါရဲ့။ ညီမလေးက သူများနဲ့ပတ်သက်တဲ့အကြောင်းတွေကို မသိချင်ပါဘူးတဲ့။ ကိုယ့်မှာ လုပ်စရာတစ်ခုပဲရှိတော့တယ်။ အဲဒါက ညီမလေးကို ချစ်တယ်လို့ ပြောလိုက်တာပဲ။ ညီမလေးက မျက်နှာကို ထီးကလေးနဲ့ကွယ်ပြီး ရှက်သွားလား မသိဘူး။ ကိုယ်က အသည်းယားပြီး ထီးလေးကို ဆွဲဖယ်လိုက်တော့ အရှက်ငွေ့ငွေ့မျက်နှာလေးနဲ့ ချစ်သော ညီမလေး။

ဒါတွေဟာ ဒီအတိုင်းဆက်ပြီး အသက်ဝင်နေခဲ့ရင်တော့





ဒီမိုးမှာ ဒီလိုလွဲခဲ့မှာ မဟုတ်ပါဘူးလေ။ စဉ်းစားဦးမှာပေါ့ဆိုတဲ့ စကားက ညီမလေး အားနာခဲ့တာ မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်။ ဒါပေမယ့် နောက်နေ့တွေမှာ ပြုတ်ကျပျောက်ကွယ်သွားတဲ့ ညီမလေးရဲ့ အပြုံးတွေကို နားမလည်တော့ဘူး။ ဆုံခွင့်မရှိတော့တဲ့ မျက်ဝန်းတွေနဲ့ ကိုယ့်လမ်းဟာ ကြမ်းတော့မယ်ဆိုတာ ကိုယ့်အလွမ်းကိုယ်မထမ်းချင်ပါရဲ့နဲ့ သိလာခဲ့ရတယ်။ ညီမလေးနဲ့ပတ်သက်တဲ့ လူတွေရဲ့ မျက်နှာဖုံးတွေကိုလည်း ကိုယ်တူးဖော်မိပါရဲ့။ ကိုယ်ရှင်းပြတာကိုတောင် နားမထောင်ရဲလောက်အောင် ဘယ်သူတွေက ပြုစားလိုက်တာလဲ။ သေသေချာချာ မသိဘဲနဲ့ သတ္တိတွေကုန်သွားတဲ့ ညီမလေး။ ကိုယ့်မှာတော့ ရှင်းပြခွင့်မရတာကိုက ဆိုးတယ်။

ရိုးရိုးလေးပါ။ ဘာမှ အသိခေါက်ခက် အဝင်နက်စရာ မလိုပါဘူး။ အလွမ်းဆိုတာက ကိုးရိုးကားယားရောက်လာလည်း လွမ်းရမှာပဲပေါ့။ ဒီလမ်းမှာ ဒီပန်းကို ထားခဲ့ပါ့မယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော် ညီမလေး။ ကိုယ့်အပေါ် စိတ်လှုပ်ရှားခဲ့တယ်ဆိုရုံလေးပဲလို့တော့ လွယ်လွယ်ပေါ့ပေါ့ မပြောလိုက်ပါနဲ့။ ကိုယ်က ပတ်ဝန်းကျင်ကို အရိုးခံနားလည်ပေးနိုင်တယ်ဆိုရင် ညီမလေးလည်း ကိုယ့်ဘာသာတစ်ယောက်တည်း တိုးတိုးလေးဝန်ခံပေးပါ။ အဲဒီထက် ပိုခဲ့ပါတယ်လို့လေ။

ကိုယ်ကလည်း တောက်မခေါက်ဘဲနဲ့ လွမ်းနေမယ့်ကောင်



www.burmeseclassic.com

www.burmeseclassic.com



ပါ ညီမလေးရယ်။ အချစ်ဆိုတာ ဘာလဲလို့ မေးစရာမလိုလောက် အောင် ညီမလေးလည်း ဒီအရွယ်ရောက်နေပြီပဲ။

ညီမလေးရေ . . . ၊ ဝလုံးလေးတော့ ဝိုင်းဝိုင်းရေတတ်နေ ရောပေါ့။

* * * *



## အပြေမရလိုက်သော အချစ်ဝတ္ထု

ကျယ်ပြန့်နက်စူးလှသော မြန်မာစာပေဝေါဟာရများကို နက်နက်ရှိုင်းရှိုင်း မလေ့လာဘူးသော်လည်း သူ့ကို ကျွန်တော်စတွေ့ သည့်နေ့မှာတော့ နဖူးစာရွာလည်ဆိုသည့် စကားကို (ကျွန်တော့်အဖို့) လုံးဝလက်ခံလိုက်ရသည်။ ထိုနေ့သည် အခြားနေ့များလိုပဲ တိမ်တစ် မျိုးမျိုး ကောင်းကင်မှာ ဖြစ်ထွန်းနေသည့် နေ့တစ်နေ့သာ ဖြစ်သည်။ သူနှင့် တွေ့ဆုံရမည်ဟုလည်း နမိတ်တစ်ခုခု မမြင်မိ။ ဂရင်းနစ်စံချိန် တွင် မဝင်စေကာမူ ကျွန်တော့်အတွက်တော့ နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်လာခဲ့ပါသည်။

လုံလောက်သော အကြောင်းပြရမည်ဆိုလျှင် ပညာရေးဌာန ကြီးလက်အောက်ရှိ တက္ကသိုလ်တစ်ခုတွင် တက်နေသည့် ပြုန်ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



က ရှာလွန်ရှက်တိုက်ပြီး သမဝါယမဝန်ကြီးလက်အောက်ရှိ သမဝါယမ ဒီဂရီကောလိပ်သို့ အလည်ရောက်သွားခြင်းကိုပဲ ပြောရလိမ့်မည်။ နဖူးစာရှာလည်ဟု ဆိုခဲ့ပြီးပြီ။ ရှာလွန်ရှက်တိုက်လို့လည်း ရှာလည် ခြင်းဖြစ်မည်။

ထားပါတော့။ အချစ်ဆိုတာ ကျွန်တော့်အတွက် သူ့လက် မောင်းသား ညိုညက်ညက်ကလေးကို မြင်လိုက်ရခြင်းက စမည်ထင် သည်။ ဖြူဝင်းနေလျှင်လည်း ကျွန်တော်ချစ်မှာပဲ။ ဘာဖြစ်လို့လဲဆို တော့ သူ့မျက်နှာပေါ်မှာ ကျွန်တော်နှစ်သက်သည့်အရာ တော်တော် များများ ကုံလုံကြွယ်ဝနေလို့လည်း ဖြစ်သည်။ လှလို့ချစ်တာလား ချစ်လို့လှတာလား။ ဒီမေးခွန်းရိုးသည်။ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားခြင်းအား ဘယ်သူကိုမှ ငါတကယ်ချစ်တာပါဟု လေးလေး နက်နက် တိုင်တည်ရန်လည်း ဆန္ဒမရှိခဲ့ပါ။ အရေးကြီးတာက ကျွန် တော်ချစ်နေတာ သူသိဖို့ပဲ လိုသည်။ ကျွန်တော် ပထမဆုံးကြိုးစား ရခြင်းသည် သူ့နာမည်မဟုတ်။ အတန်းပညာမဟုတ်။ မျိုးရိုးနှင့် ငွေကြေးမဟုတ်။ နောက်ဆုံး သူ့ခန္ဓာကိုယ်အမျိုးအစားမဟုတ်။ လူ တော်တော်များများ ထင်ထားတာတွေ လုံးဝမဟုတ်ပါ။ သူနှင့်အကြည့် ချင်း တစ်လက်စာလောက် ထိထိမိမိဆုံရန်သာ ဖြစ်သည်။ ပါးပါး လေး မဖြစ်စေရ။

ချစ်မိပြီဆိုတော့မှဖြင့် သူ့နာမည်ကို အလိုလိုသိလာရတော့





သည်။ ကျွန်တော်ဘယ်သူ့ကိုမှ မမေးခဲ့တာ အမှန်တရားပါပဲ။ သူ့ နာမည်လေးလုံးထဲမှာ အလယ်နှစ်လုံးကို ခပ်တိုးတိုး စာလုံးပေါင်းမိ သည်။ ကျွန်တော်မကြိုက်။ ဒါကြောင့်ပဲ အရာအားလုံးကို မျက်ကွယ် ပြုပြီး သူ့ကို "ပူတူး" ဟု နာမည်ပေးလိုက်၏။ ထိုနာမည်သည် ကျွန် တော့်မှာ ညီမလေးတစ်ယောက် အမေက မွေးပေးခဲ့လျှင်ခေါ်ဖို့ ရည် ရွယ်ထားခဲ့သော နာမည်ဖြစ်သည်။ ညီမ,မရှိတော့မှ ချစ်မိသူကိုပဲ ပူတူးဟု ခေါ်တော့မည်။ အဲဒီနာမည်ကို သူငြင်းခွင့်ရှိမရှိ ကျွန်တော် မသိချင်တော့။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ချစ်သူကို ပူတူးဟု ခေါ်မည်။ ကျွန်တော့်အခွင့်အရေးသည် ကျွန်တော့်လက်ထဲ မှာပဲ ဖြစ်သည်။ ကျွန်တော်ပူတူးကို ချစ်သည်။ အသေအချာ။

ပူတူးနှင့်ဆုံအောင် ဖန်တီးရသော နေရာသည် သမကော လိပ်ကျောင်းသူ/ကျောင်းသားများ နေထိုင်ကြသည့် အဆောင်များ အနီးမှ ကျူးပစ် (Cupid) အမည်ရှိ စာအုပ်အငှားဆိုင်ထဲမှာ ဖြစ် သည်။ တမင်လုပ်ကြံ၍ ဒီနာမည်မျိုး ကျွန်တော်ရွေးပြောခြင်း မဟုတ် မှန်း နောက်ပိုင်းမှ သိလိမ့်မည်။ ဘာပဲပြောပြော စာအုပ်ဆိုင်နာမည် ကိုက နမိတ်ကောင်းသည်။ နမိတ်ကြီးလေးပါးနဲ့တော့ မဆိုင်။ ထို့ အပြင် ပူတူးကို ချစ်မိခြင်းဟာလည်း နောင်တတစ်ရာ့ဆယ်ပါးထဲမှ တစ်ခုခုနဲ့ မငြိစွန်းကြောင်း ကောင်းကောင်းအာမခံနိုင်သည်။

စာအုပ်ငှားရင်း ပူတူးကိုစောင့်သည်။ မဟုတ်ဘူး ပူတူးကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရင်း စာအုပ်ငှားနေတာ။ ဘယ်လိုပဲဖြစ်ဖြစ် အခါတော်ပေးအရ ပူတူးလာတော့မည်။ သူမလာခင် သူ့အကြောင်းကို စာအုပ်ဆိုင်ထဲမှာ တီးခေါက်ဖို့ လိုသေးသလား။ ပူတူးအကြောင်း အကောင်းရော အဆိုးပါ လက်ခံမည်ဟု ဆုံးဖြတ်ထားသော ကျွန်တော့်အတွက် ဘယ်စကားမှ အရာရောက်မည်မထင်ပါ။ သိပ်မကြာဘူး ပူတူးရောက်လာပြီ။

ဒီနေရာမှာ မွှေးရီချိုရှသော ရနံ့တစ်မျိုးမျိုး ဆိုင်ထဲသို့ ဝဲပျံ့ရောက်ရှိလာခဲ့သည်ဟု သုံးဖို့လိုသေးသလား။ ပူတူးက ကျွန်တော့်စိတ်ထဲတွင် မွှေးသင်းခဲ့ပြီးပြီ။ လူအနည်းငယ်ရှင်းနေသော စာအုပ်ဆိုင်ထဲမှာ ကျွန်တော့်ဘက်ကို တစ်ချက်မှ မစူးစမ်းသည့်အတွက် ပူတူးကို စိတ်ဆိုးသည် အပြစ်မတင်ရက်ပါဟု မဆိုလို။ နောက်ထပ်လည်း လာချင်လာမည်။ ကဲ . . . သီချင်းနဲ့ ရောသွားပြန်ပြီ။ ဆိုင်ထဲရှိ စာအုပ်များထဲမှ စာအုပ်တစ်အုပ်ကိုလည်း ကျွန်တော်ရွေးထားပြီးပြီ။ တာရာမင်းဝေ၏ "မိုးခေါင်လို့ တီးတဲ့ပုံသံ" ဆိုသော ကဗျာစာအုပ်ဖြစ်သည်။ စာအုပ်ထဲမှာ ပြင်းထန်လေးနက်မှုများ ထိုးထိုးထောင်ထောင် ထွက်နေ၏။ ထိုကဗျာတွေထဲက တဗျာခေါင်းစဉ်တစ်ခုလို ကျွန်တော်က "နတ်ပူးနေတဲ့ကောင်" လား။ အချစ်နဲ့ အနုပညာ ရောပြန်ပြီ။ မိုးခေါင်နေတဲ့ နှလုံးသားမှာရော ပူတူးဟာ ပုံသံတစ်ခေတ် ဖြစ်လာနိုင်ပါ့မလား။ ညနေက တဖြေးဖြေးသိမ်းနေသည်။





စီးကရက်သောက်ရင်း ကျွန်တော့်သူငယ်ချင်းက အပြင်မှာ စောင့်နေ၏။

ပူတူးစာအုပ်ရွေးပြီးသွားပြီ။ ဘုရားရေ။ တာရာပွဲကြီးတဲ့။ ရုပ်ပြစာအုပ်ကြီး။ ကျွန်တော့်မှာ သူ့ကို ပြုဌာန်းခွင့်မရှိ။ ကျွန်တော်တောင် ပူတူးလို သူစိမ်းကို ချစ်ခဲ့သေးသည်။ ပူတူးလည်း တာရာပွဲကြီးကို ကြိုက်တာအမှားမရှိ။ ရယ်စရာတွေကို လွယ်အိတ်တစ်လုံးနှင့် အပိုင်သိမ်းသွားချင်တာလည်း ဖြစ်နိုင်သည်။ ကြီးလာလေ ဘဝအမောတွေများတယ်လို့ လူတွေပြောနေကြတာကိုး။

အဲဒီအချိန်ထိ ပူတူး ကျွန်တော့်ကို ကျွန်တော်မှန်း မသိသေး။ စာအုပ်နှစ်အုပ်ကို ရှေ့ဆင့်နောက်ဆင့် မှတ်နေသော ဆိုင်ရှင်က ပြုံးသည်။ အမျိုးအစားမတူသော စာအုပ်နှစ်အုပ်၏ ကလောင်နာမည်အစမှာ "တာရာ" တွေပဲ ဖြစ်နေလို့လား။ ပူတူးပါးစပ်က စကားသံထွက်လာ၏။ ကျွန်တော်က သူ့အသံကို ဘယ်လိုမှ ခန့်မှန်းမထားသောကြောင့် ချိုသည်ခါးသည်ဟု တစ်လီလီ မပြောချင်ပါ။ နည်းနည်းတော့ ကီးနိမ့်သည်။ ဆိုလိုတာက တိုးဖွဖွလေး။ ဟိုလေ . . . တာရာမင်းဝေ ဝတ္ထုတွေက ရယ်ရတယ်ဆို ဟုတ်လား။ ကျွန်မ,မဖတ်ဘူးလို့။ ကျွန်တော့်သူငယ်ချင်းတစ်ယောက် အဲဒီလို မေးဖူးတုန်းက တာရာမင်းဝေကိုယ်စား စိတ်ဆိုးဖူးသည်။ စာမဖတ်တဲ့ကောင်ပဲ။ သို့သော်လည်း ခုတော့ ကျွန်တော့်ရှေ့က အသီခေါက်ခက် အဝင်



www.burmeseclassic.com

www.burmeseclassic.com



နက်ကလေးကို မငြိုငြင်မိ။ အချစ်သည် ပုဂ္ဂိုလ်ရေးရာဆန်သည်။ ဘယ်သူငြင်းမလဲ။ မဟုတ်ဘူးဟု အခိုင်အမာငြင်းနိုင်လျှင် အင်မက်တာတစ်လုံး လက်ဆောင်ဝယ်ပေးရန် ကျွန်တော်ဝန်မလေးပါ။ ကျွန်တော်ကတော့ လက်ရှိ "င" အုပ်စုထဲမှာ နေထိုင်ပါသည်။ အရေးထဲ ရှုပဗေဒက ပါလာပြန်ပြီ။ မထူးတော့ပါဘူး။ သက်ရောက်မှုတိုင်းမှာ တန်ပြန်မှုရှိသည်ဟု တလက်စတည်း ရေးလိုက်မည်။ ဆက်စပ်လို့လည်း ရသွားပြီ။ ပူတူးရဲ့အပြောကို ကျွန်တော်က တုန့်ပြန်ပစ်လိုက်သည်။ ရှုပဗေဒသည် အစစ်အမှန်ဖြစ်သည်။ ပူတူးနှင့်ကျွန်တော် မျက်လုံးချင်းဆုံကြသည်။ ဒီနေရာမှာ (WHY) ဘာကြောင့်ဟု မတွေးစေလိုပါ။ (HOW) ဘယ်လိုဆိုတာနဲ့ပဲ ဆက်သွားကြမည်။ ဘယ်လိုလဲဆိုတော့ မျက်လုံးနှင့် စကားတွေ ပြောလိုက်ရသည်။ ဘာကြောင့်လဲဆိုတာကတော့ ချစ်လို့ပေါ့ဟု ရေးပြလျှင် ကျွန်တော်သတိမကောင်းသူ ဖြစ်သွားမည်။ ပူတူးကိုချစ်ကြောင်း ရှေ့စာကြောင်းလေးဆယ်လောက်ကပဲ ကျွန်တော်ရေးပြပြီးခဲ့ပြီ။ သံတူကြောင်းကွဲများသည် ကျွန်တော့်မိတ်ဆွေများကဲ့သို့ နေရာတကာမှာ ရှိနိုင်၍ ဖြစ်သည်။

ဆက်သွားကြမည်။ အဲဒါဝတ္ထု။ အပြင်မှာ ကျွန်တော်ပြန်လာခဲ့ရသည်။ ရှေးရာဇဝင်ထဲကလို ပူတူးအဆောင်ရှေ့မှာ ဂစ်တာသွားတီးဖို့ စိုးစဉ်းမျှ စိတ်မကူးဖူးတာ အမှန်ဖြစ်သည်။ ကျွန်တော်က





ညဘက်အပြင်ထွက်တတ်သည့် အလေ့အကျင့်နည်းသည်။ ကျွန်တော့်မျက်စိက အဝေးမှုန်လို့ဟု ရှင်းပြဖို့လိုသလား။ ပူတူးလည်း သိမည်မထင်ပါ။

ထိုသို့ဖြင့် သမကောလိပ်သို့ ခြောင်းပေါက်ခဲ့ပါပြီ။ တစ်ရက်ပြီးတစ်ရက် ညိုစင်လာခဲ့သည်။ ကျွန်တော်ချစ်တာကိုလည်း ပူတူးသိနေပြီ။ တစ်လောကလုံး သိနေပြီလို့တောင် ကျွန်တော်က ရဲရင့်ချင်သေး၏။ စာအုပ်ဆိုင်ပိုင်ရှင်လေးရော ဘာထူးလဲ၊ သူလည်း သိနေပြီပေါ့။

ဒီနေရာမှာတော့ မေတ္တာစစ်တို့မည်သည် မဖြောင့်ဖြူးဟုဆိုသော ရှေးစာသားကို ခိုးချရပါလိမ့်မည်။ အကြောင်းကံတရားကခေါင်းဖို့ဖန်လာတာမျိုး မဟုတ်ပါ။ ဇာတ်ကနာမှ ဖြစ်တော့မည်။ ဒါသုပ်ကြံဖန်တီးတာဟု အချက်အလက်နှင့် အပြင်းအထန် စွပ်စွဲသူရှိခဲ့သော် ထိုလူ့တစ်သက်စာအတွက် မြန်မာဗီဒီယိုကားများ ဝယ်ပေးရန် ဝန်မလေးပါ။ ကျွန်တော်နှင့် ပူတူး၏အနေအထားက စာအုပ်ငှားရင်း ခင်ရာကနေ စာအုပ်မငှားဘဲ "ဥဩ" လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်အထိ အလီလီချီတက်ခဲ့ပြီးပြီ။ ပူနွေးစိုပြေလာသည့် ဆက်ဆံရေးနယ်ပယ်တစ်ခု ဖြစ်နေပြီ။ ကျွန်တော့်လက်တကမ်းမှာပင် ပူတူး၏နှလုံးသားရှိနေပြီဟု အခိုင်အမာ ပြောချင်သေး၏။

အဲဒီအချိန်မှာ မြူန်းကနဲပေါ်လာသည့် ဗီလိန်သည် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သည့် ငနဲတစ်ကောင်မဟုတ်။ ကျွန်တော့်အား တစ်ဖတ်သတ်ကြိုက်နေသော ငါးခုံးမတစ်ကောင်မဟုတ်။ ကျွန်တော်နှင့် ဘာအညိုအတေးမှ မရှိသော ပူတူး၏ သူငယ်ချင်းမလေးသာ ဖြစ်သည်။ ဒါဆို ဒီကောင်မလေးက ခုမှဘယ်လိုပေါ်လာတာလဲ။ ဒီမေးခွန်းမျိုး မမေးသင့်ပါ။ မေးလျှင်တော့ ဖြေပါမည်။ ပူတူးရဲ့ အရှက်သည်းမှုနဲ့ ကျွန်တော့်ရဲ့ မကျော်ကြားလိုတဲ့ စိတ်ကြောင့်ပဲ။ အချစ်သည် လူတိုင်းစိတ်ဝင်စားကြသော ဒြပ်မဲ့သာ ဖြစ်သည်။ ဝေယျာဝစ္စတွေတော့ များပြားလွန်းမှာပဲ။ ထိုဝေယျာဝစ္စများကြောင့်လည်း လူပြောများလာတာ ဖြစ်သည်။ ထိုသို့ဆိုလျှင် ပူတူး၏ သူငယ်ချင်းမအကြောင်း ရှင်းလောက်ပြီ။

အဲဒီပူတူး၏သူငယ်ချင်း ကောင်မလေးမှာ ချစ်သူရှိသည်။ သမကောလိပ်ကျောင်းသားတစ်ယောက် ပါပဲ။ အစစအရာရာ ကျွန်တော်က သူ့ရည်းစားထက် မသာလွန်သလို တန်ဖိုးနည်းသူလည်း မဟုတ်။ သူ့ရည်းစားကို ချစ်သလောက် အဲဒီကောင်မလေးက ကျွန်တော့်ကို မုန်းသည်။ ပူတူးကိုလည်း တူးခါးခိုင်းသည်။ အကြောင်းအရင်း စစ်လိုက်တော့ ရေရေရာရာ မရှိလှ။ ကျွန်တော့်နှင့် ပူတူးသည် တစ်ကျောင်းတည်းက မဟုတ်လို့။ ကျွန်တော့်ကို လေ့လာဖို့ သင့်တယ်ဆိုတာမျိုးတို့၊ ကျွန်တော့်နောက်ကြောင်းကော ရှင်းရဲ့လားလို့၊ ဒါမျိုးတွေ ကြားလာရသည်။ အစိပ္ပာယ်မရှိတာလို့ မပြောချင်။ ဒီကျောင်း





နှစ်ကျောင်း၏အထက်က ဝန်ကြီးဌာနချင်း မတူတာကိုပဲ ရှိုးမယ်ဖွဲ့ရမှာလား။ ထားလိုက်ပါတော့။ သူ့သူငယ်ချင်းရှေ့မှာ ပူတူးက ကျွန်တော့်ကို ရှောင်လာသည်။ ဒါရှေ့တင်မှာ။ နောက်ကွယ်မှာရော။

ပူတူးက စနေ၊ တနင်္ဂနွေဆိုလျှင် ပါရမီကားဂိတ်နားက အိမ်ကိုပြန်သည်။ ကျွန်တော် ပူတူးနဲ့ မျက်နှာချင်းမဆိုင်ရတာ တစ်ပတ်တိတိရှိသောနေ့မှာ ဖြစ်သည်။ ကျူုပစ်စာအုပ်ဆိုင်ပိုင်ရှင်ကမေးလို့ ကျွန်တော်နဲ့ ပူတူးအကြောင်း ထပ်လောင်းပြောခဲ့ရသေးသည်။ ထိုဆိုင်ပိုင်ရှင်က ကျွန်တော်တို့ကို ချစ်သူတွေ ဖြစ်သွားစေချင်ပုံရသည်။ သူသည်ပင် ကျွန်တော့်လို ပညာရေးဝန်ကြီးဌာနလက်အောက်က တက္ကသိုလ်မှာ သမိုင်းအဓိကဖြင့် အဝေးသင်တက်နေသည် မဟုတ်ပါလား။ သူက ကျွန်တော့်ကို အားပေး၏။ သူမပေးလည်း ကျွန်တော် အားရှိပါသည်။ ခန္ဓာသန့်စွမ်း စိတ်ရွှင်လန်းဖို့ ဘာအားဆေးမှ သောက်စရာမလိုဘဲ ပါရမီကားကို တက်စီးခဲ့သည်။ သူ့သူငယ်ချင်းက လိုက်ပို့သောကြောင့် တစ်ဂိတ်ထဲမှာ ပူတူးနှင့်အတူတက်ပြီး မစီးရပါ။ ကျွန်တော်က "ကျွဲဘုရား" ဟုအမည်ရသည့် ကားမှတ်တိုင်မှာ တက်စီးရသည်။ ပူတူးနှင့် တစ်ခုံတည်း အတူမထိုင်ရ။ နောင်ဘဝရော တစ်တိုင်းတည်းနားရမည်လား။ မသေချာ။

ပါရမီကားဝန်းနားက လက်ဖက်ရည်ဆိုင်လေးထဲမှာ စကားတွေ ပြောဖြစ်သည်။ ပူတူးကို ချစ်တယ်ဟု အသေအချာ ပြောခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



**သည်။ ပူတူးအရွတ်**သည်းကြောင်း အထက်မှာ ပြောခဲ့ပြီးပြီ။ ခုလည်း **မှုက်တာနဲ့ သူ့သူငယ်ချင်းသိမှာ၊** စိတ်ဆိုးမှာကို အသေအချာ စိုးရိမ်**နေပြန်သည်။** ကျွန်တော်က ကိုယ့်အချစ်ကိုယ် တာဝန်ယူနိုင်ကြောင်းကိုပဲ ကောင်းကောင်းအာမခံလိုက်သည်။ ပူတူး၏အချစ်ကို ကျွန်တော်က စကားနှင့်မဆွတ်။ ဘာထုထည်နဲ့မှလည်း မဖျားယောင်း။ ဆွတ်ဆွတ်ဖြူသည့် အချစ်အကြောင်းများဖြင့် ပူတူးမျက်နှာပေါ် အစ်ကြောင်းထပ်စေသည်။

ပူတူး ရှက်နေပြီ။ ဒါသူငယ်ချင်းဘဝရဲ့ နေဝင်ချိန်။ အချစ်ဆိုတာ လက်ချင်း လင်းလင်းရဲရဲတွဲပြီး ရည်ရွယ်ချက်မရှိဘဲ လမ်းလျှောက်ခြင်းဟု ဆရာဇော်ဇော်အောင်က စာလုံးပေါင်းသွားပြီးပြီ။ ကျွန်တော်က လမ်းသစ်ထွင်မယ်ဟုတွေးကာ ခြေထောက်ချင်းချိတ်ပြီး ငယ်ငယ်တုန်းကလို ပြေးရအောင်လို့ မထွင်စကောင်း။ တစ်ခါတစ်လေ ပြန်ဆိုတေးတွေက အလုပ်ဖြစ်ကြောင်း သိပြီးကြလိမ့်မည်။ တစ်ခုတော့ လိုလိမ့်မည်။ အဲဒါထက် ဘယ်လိုပိုဆန်းသစ်မလဲ။ ပို့စ်မော်ဒန်ကနေ ပို့စ်ပို့စ်မော်ဒန်သို့ ရွေ့နေပြီဟု ဆရာသစ္စာနီပြောတာ ဖတ်ခဲ့ရသည်။ ခေတ်သစ်အနုပညာက ပါလာရပြန်ပြီ။ မဟုတ်ဘူး ပါကိုပါလာရမည်။ ပူတူးလည်း ကျွန်တော့်ဘက်ကို တဖြေးဖြေးညွတ်ပါလာပြီ။ သူ့ရဲရင့်ချင်လာပြီ။ အဲဒါအချစ်ပဲ။ ဆင်ခြင်တုံတရားနဲ့ အချစ်ဟာ ဒီလိုတိုက်ခိုက်ရတာ နိယာမတရားပဲ။ ပူတူးရေ နင့်ကို





ချစ်တယ်။ ငါ့ကိုချစ်ပါ။ ဘယ်အရာက အတ္တပိုပါသလဲ။ ငါ့ကိုယ်ငါပြီးရင်တော့ နင့်ကိုချစ်တယ် ပူတူးရယ်။

လက်မောင်းညိုလုံးလုံးလေးမှ စီးဆင်းလာသော လက်ဖဝါးလေးများသည် ကျွန်တော့်လက်ထဲသို့ ရောက်ရှိနေခဲ့ပြီ။ ပူတူးအရှက်ကတော့ အရောင်မလွင့်သေး။ အပြင်မှာ မှောင်လာပြီ။ အဆောင်ပြန်ရောက်အောင် ကားအတော်ကြာစီးရဦးမည်။ ညဘက်ဆို အမြင်အာရုံက သဲကွဲချင်တာမဟုတ်။ ဒါနဲ့ပဲ ပူတူးဆီက အဖြေတောင်းလိုက်သည်။ ရှက်နေသော ပူတူးက မဖြေ။ အခြေအနေကောင်းကြောင်းတော့ ခံစားရသည်။ တကယ်ပဲ ပျော်သည်။ ပူတူးက ပြန်တော့ဟု ဆိုသည်။ ပြီး မနက်ဖြန်ညနေ ကျူးပစ်စာအုပ်ဆိုင်မှာ ကျွန်တော့်အတွက် အဖြေရေးထားသော စာထားခဲ့မယ်ဟု ထပ်ပြောသည်။ ဒီထက်ပိုပြီး ထပ်မပြောတော့။ ကျွန်တော်လည်း ဒီလောက်နဲ့ပဲ ကျေနပ်ရမည်။ ချစ်သူဖြစ်ဖို့ တစ်ရက်နောက်ကျတာ သူငယ်ချင်းသက်တမ်းတစ်ရက် ရင့်တာပေါ့ဟု ကြည်စင်စွာ ပြောခဲ့သေးသည်။

ပါရမီကားနှင့်ပင် အဆောင်ပြန်လာခဲ့သည်။ အမှောင်က တလောကလုံးကို သိမ်းမိုးကျက်စားနေခဲ့ပြီ။ ကားပေါ်မှဆင်းကာ လမ်းဖြတ်ကူးလိုက်၏။ ရုတ်တရက် မမြင်။ ကျွန်တော်က အဝေးမှုန်လို့ ပြောခဲ့ပြီးပြီ။ အနားရောက်မှ အရှိန်ပြင်းပြင်းမောင်းလာသော ကားတစ်စီးမှန်း သိလိုက်ရ၏။ ကျွန်တော်သေဆုံးပြီးချိန်မှ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျမှန်းသိခဲ့ရသည်။

ဝမ်းနည်းစရာတစ်ခုပဲ ရှိတော့သည်။ အဲဒါကတော့ မနက်ဖြန် ကျူးပစ်စာအုပ်ဆိုင်ရောက်နေမည့် ကျွန်တော့်အတွက် ပေးခဲ့သော ပူတူး၏အဖြေကို မကြည့်လိုက်ရခြင်း ဖြစ်သည်။ ကျွန်တော်သိနေသော အရာက အမှန်ဖြစ်ချင်မှဖြစ်လိမ့်မည်။ နှုတ်တစ်ရာစာ တစ်လုံးဟူ၍ပင် စကားရှိသေး၏။ ကျွန်တော့်အတွက် အဖြေက ဘာလဲ။

မနက်ဖြန် ကျွန်တော့်သတင်းကြားပြီး ပူတူး ကြေကွဲနေမည်လား။ အချိန်တွေ ရှားပါးလွန်း၍ ဘယ်သူ့ကိုမှ အကူအညီမတောင်းချင်ပါ။ အဖြေမပါသော ဒီစာကို ဖတ်နေရသော သင့်ကိုပင် အားနာလွန်းလှပြီ။ လမ်းကြုံလို့ ရောက်ခဲ့ရင်ပဲ ဖြစ်ဖြစ်ပေါ့။ သမကောလိပ်အနားက ကျူးပစ် (Cupid) ဟုအမည်ပေးထားသော စာအုပ်ဆိုင်လေးသို့ ရောက်ခဲ့လျှင် ကျွန်တော့်အတွက် အဖြေကို ဒီဝတ္ထုလေးပြည့်စုံအောင် ဝင်ကြည့်ပေးခဲ့ပါလို့ တောင်းပန်လိုက်ရပါသည်။

* * * *



## နွေရာသီအတွက် မိုးညဒိုင်ယာရီ

(၁)

အဝါရောင်ညီးညီးတွေ တစ်နေကုန် ရေခန်းမိုးခန်း လောင်ကျွမ်းပြီး ကြွင်းမှုန်ကျန်ရစ်ခဲ့တဲ့ ခပ်ပြေပြေညနေခင်းလေးတစ်ခုမှာ သူမကို ကျွန်တော်စတွေ့ခဲ့တာပါ။ လူသားနှစ်ယောက် စတွေ့ဆုံခြင်းမှာ ဘာတွေများ အထူးပြုလုပ်ပြဖို့ လိုအပ်ခဲ့ပါသလဲ။ သူမရဲ့အကြည့်တစ်ချက်နဲ့တင် ကျွန်တော်ဘာမှ မတတ်နိုင်ပါဘူး။ ချစ်သူရယ် . . . ငါတို့ ဒီထက်စောတွေ့ကြဖို့ ကောင်းပါရဲ့။

စာအုပ်အငှားဆိုင် ကျဉ်းကျဉ်းလေးတစ်ခုထဲမှာ သူမနဲ့ ကျွန်တော် အကြည့်တွေ ခလုတ်တိုက်ခဲ့ရတယ်။ မျက်ခုံးထင်းထင်းထူထူလေးအောက်က မျက်ဝန်းနက်နက်တွေထဲမှာ ကျွန်တော်ဘစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



အစ်ခုတို့ အငင်းမရရှာဖွေဖူးတယ်။ ဆံစခွေခွေလေးတွေရဲ့ အနားသတ်က ဝူခိုးသားဖြူဖြူလေးတွေကိုလည်း ကျွန်တော်ခိုးပြီးငေးခဲ့ဖူးတာပဲ။ ရမွှက်အနည်းငယ်လား . . . ဟင့်အင်း . . . မပါခဲ့ပါဘူးချစ်သူ။ မင်းရဲ့ညအိပ်ဝတ်စုံဆန်ဆန် အင်္ကျီဆန်းဆန်းလေးတွေကိုငါသဘောကျခဲ့ဖူးတယ်ဆိုတာကိုတော့ ဝန်ခံရပါရဲ့။ ထပ်ပြောရမယ်ဆိုရင်တော့ ကျွမ်းရှတဲ့ နွေနှောင်းညနေတစ်ခုမှာ ချစ်သူကို ချစ်မိခဲ့သွားတာပါ။

ဟိုး . . . မိုးကုတ်စက်ဝိုင်းရဲ့တစ်ဖက်ကို ညနေအလင်းဟာခြေဆင်းစပြုတော့မယ်။ ကောင်းကင်ပင်လယ်မှာလည်း ပုစွန်ဆီရောင်တိမ်လှိုင်းတွေ အထပ်ထပ် ခတ်ရိုက်ကုန်ကြပြီ။ မနေ့ညက အိပ်မက်တွေနဲ့အတူ စာအုပ်ဆိုင်လေးအနားကို ကျွန်တော်ရောက်နေခဲ့ပြန်တယ်။ ချစ်သူမလာမချင်းကတော့ လေညှင်းကလည်း ကျွန်တော့်ရင်ကို ဟာင်းလင်းဖြစ်စေတာပဲ။ ဘယ်လိုမှ အေးမြမနေခဲ့ပါဘူးကွယ်။ ဖြစ်နိုင်ရင် ချစ်သူလာရာလမ်းကို ကျွန်တော်ထမ်းပိုးထားချင်လွန်းခဲ့တယ်။ ဒီလိုနဲ့ မိုးချုပ်နေဝင်သွားတော့မှာလား။ ခပ်နွမ်းနွမ်း သဲလမ်းကလေးကို တစ်လှမ်းလောက်တော့ သတိရပါ။ ကျွန်တော်ကတော့ချစ်သူရဲ့ ခြေတစ်လှမ်းကို အာသာငမ်းငမ်း တပ်မက်လွန်းခဲ့တယ်။ တစ်လောကလုံး ပန်းတွေမဝေရင်တောင် ချစ်သူရဲ့ ကိုယ်သင်းရနံ့လေးနဲ့ ကျွန်တော်ခဏလေး သင်းထုံနေပါရစေ။ ကျွန်တော် ရပ်စောင့်





နေတတ်ခဲ့ပြီချစ်သူ။

(၂)

မနက်ခင်းက လင်းလင်းရီရီရှိနေပြန်ရဲ့။ မနေ့ညအိပ်မက်ထဲက ရယ်သံချိုချိုတွေဟာ ကျွန်တော့်ကို ဝါးမျိုနေတုန်း။ ကံဆိုတာအလုပ်ဆိုပေမယ့် ချစ်သူရယ် . . .၊ အိပ်မက်ကောင်းရင် သူ့ရဲကောင်းလည်း ဖြစ်ချင်နေခဲ့တယ်။ အပြစ်မပြောရဘူးနော်။ လုံလောက်တဲ့အကြောင်းပြချက်တွေနဲ့ လိုအပ်တဲ့ စွန့်စားမှုလေးတော့ ကျွန်တော့်ကို ခွင့်ပြုပါ။ ချစ်သူကို ချစ်မိနေခြင်းဟာ နေကြတ်ခြင်းလောက်မမြင့်မြတ်ပေမယ့် လမိုက်ခြင်းလောက်လည်း အလင်းမပျောက်ခဲ့ပါဘူး။ သောကကင်းကင်းနဲ့ ချစ်သူရဲ့ခြေရာတွေကို ကောက်သင်းကောက်ချင်မိတာပါ။ ဒီလိုနဲ့ ချစ်သူလာရာလမ်းကို ငေးမျှော်ရင်းကျွန်တော့်အိပ်မက်တွေကို ကုလားဖန်ထိုးမိခဲ့ပြန်ရော။

ကိုယ့်အချစ်ကိုယ် တာဝန်ယူရဲတဲ့စာရင်းမှာမှ ကျွန်တော်ဆိုတဲ့ ဒီကောင်က အမည်ပေါက်ချင်သတဲ့လေ။ စွန့်စားတယ်ဆိုတာကို မစွန့်လွှတ်ရဲလို့ပါဆိုပြီး ကျွန်တော်က ခေါင်းစဉ်ပြောင်းချင်နေမိခဲ့ပေါ့။

ကျွန်တော်က ချစ်သူရဲ့ မနက်ခင်းအပိုင်းအစလေးတွေကိုခရုပုတီးလေးတွေလို သီခဲ့ပြီးပါပြီ။ ခါတိုင်းလို ချစ်သူကို မြင်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ညနေရီနဲ့တင် မရောင့်ရဲနိုင်တော့တဲ့ ကျွန်တော် မနက်ခင်းလေး တစ်ခုကို စခိုးယူမိခဲ့တယ်။ အဲဒီနေ့မနက်မှာတွေ့ရမယ့် ချစ်သူရဲ့ ပုံရိပ်ကို စိတ်ကူးနဲ့ရှုးတယ်ပဲပြောပြော ကျွန်တော်တစ်စချင်း လိုက် ဆက်စပ်နေမိပြန်တယ်။ ကားမှတ်တိုင်လေးတစ်ခုဆိုပေမယ့် ကျွန် တော့်အတွက်တော့ အဲဒီနေရာဟာ ဂန္ထဝင်ဆန်နိုင်တာပဲလေ။ လူ တွေကို အကာအကွယ်ယူထားရင်းနဲ့ ကျွန်တော့်ရင်တွေဟာ ကြယ် တွေလို ဖြာလင်းသွားခဲ့ရတယ်။

ကျွန်တော့်အတွက်တော့ ချစ်သူက ဘယ်လိုနေနေ တရို တသေ လှနေမှာပဲဆိုတာကို ယုံပြီးသားလေ။ တစ်လှမ်းချင်းလျှောက် လာတဲ့ ချစ်သူရဲ့ခြေလှမ်းတွေက ကျွန်တော့်ရင်ခုန်သံကို ဘယ်မီနိုင် ပါ့မလဲ။ လေအတိမ်းနဲ့ ယိမ်းလာသလို ချစ်သူလို့အမည်ပေါက်တဲ့ စံပယ်လေးတစ်ပွင့်ဟာ ရဲရင့်တည်ငြိမ်သွားခဲ့ပါပြီ။

အဖြူရောင်လက်ပြတ် အကျီကလေးရယ်၊ အဖြူပေါ်မှာ အနက်ပွင့်ပါးပါးလေး ရက်ဖောက်ထားတဲ့ စကတ်ဖြူဖြူလေးနဲ့ ချစ် သူဟာ ကျွန်တော့်အတွက် စံပယ်တစ်ဖူးလို ယိမ်းဆူစရာပါပဲ။ ဆံပင် ခွေခွေလေးတွေ ဝန်းခဝိုင်းရံထားတဲ့ ပါးပြင်ပေါ်က သနပ်ခါးပါးပါး ကို သတိလွှတ်ပြီး ငေးရီနေမိတယ်။ ဒါပေမယ့် ချစ်သူကို ကျွန်တော် စိတ်ကူးနဲ့တောင် ခိုးမနမ်းခဲ့ဘူးနော်။ ကျွန်တော် တိတ်တိတ်ကလေး နောက်ကရပ်နေတာဆိုတော့ ချစ်သူဘယ်သိပါ့မလဲ။ ကျွန်တော်က





တော့ ကျော့ရှင်းတဲ့ လည်တိုင်လေးပေါ်က ရွှေပိုးမျှင်လေးကိုလည်း တွေ့တာပဲ။ သွယ်ပျောင်းတဲ့ ချစ်သူလက်ကောက်ဝတ်လေးအဆုံး က အပြာရောင်နာရီလေးကိုလည်း တွေ့မိပါရဲ့။ ဖြစ်နိုင်ရင် ကျွန် တော်ကျုံ့ပြီး ချစ်သူရဲ့ဆွဲခြင်းနီနီလေးထဲ ဝင်လိုက်သွားချင်လိုက်တာ။ ဟင့်အင်း . . . ဆောရီးချစ်သူ၊ ကျွန်တော်က ချစ်သူကို ထမ်းခေါ် ချင်တဲ့ ကောင်ပါ။ ဘာမှ မရဘူးဆိုရင်တောင် ချစ်သူနင်းထားတဲ့ ခဲကြေလေးလို နေရစ်ဖို့ သဘောတူမိမှာပဲ။ ဒါပေမယ့် ချစ်သူရဲ့ ငွေရောင်ဖိနပ်လေး အနေအထားပျက်မှာလည်း စိုးပြန်တယ်။ ချစ်သူ ချော်လဲရင်များ ခက်ရချည်ရဲ့။

စေ့ဆော်မှုတစ်ခုရဲ့ အကျိုးဆက်နဲ့ ချစ်သူရဲ့အကြည့်တစ် ချက်ဟာ ကျွန်တော့်ဆီ ဆတ်ကနဲ ဝဲပျံရောက်ရှိလာခဲ့တယ်။ ကျွန်တော့် ရဲ့မျက်နှာကို အထားအသို ရှွေနေချိန်မှာပဲ ချစ်သူရဲ့အံ့ဩမှင်သက် တဲ့ ပြကွက်ကလေးက ပြီးသွားခဲ့ပြီလေ။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ပါတယ်။ ဒါဟာ ရိုးစင်းလှတဲ့ သရုပ်ဆောင်မှုတစ်ခု မဟုတ် တာတော့ ကျွန်တော်သိနေခဲ့လို့ပါပဲ။ ချစ်သူကို သိမ်းကြုံးထည့်ခေါ် သွားတဲ့ ကားအဟောင်းကြီးကို ကျွန်တော်မျက်စေ့တဆုံးငေးရင်း ကျောက်ရုပ်တစ်ရုပ်လည်း ဖြစ်ခဲ့ဖူးတယ်။ အဲဒီနေ့က အဲဒီထက်မပို ခဲ့ပါဘူး။

ညနေအလင်းတွေ မှေးစင်းလာချိန်မှာတော့ ချစ်သူက



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ဆိုင်လေးကို ရောက်လာခဲ့ပြန်တယ်။ ကျွန်တော့်ကို စူးစမ်းသလို မကြည့်ပါနဲ့ ချစ်သူ။ ကျွန်တော်က အုံ့အုံ့ပျပျချစ်မိသူပါ။ ဘေးနားက အတူပါလာတဲ့ လူတစ်ယောက်ကို ချစ်သူနဲ့ ဘာမှမပတ်သက်နိုင်ဘူးလို့ သိထားပေမယ့် ကျွန်တော်တုန်လှုပ်မိခဲ့တယ်။ ဒါဟာ နိမိတ်အမျိုးမျိုးဖြစ်နိုင်ပေမယ့် ကျွန်တော့်နှလုံးသားကတော့ တဒင်္ဂ နှတ်ပူးလို့သွားခဲ့ပါပြီ။ ဘုရားရေ . . . ကျွန်တော်က နှလုံးသားရေးရာမှာ စုန်းပြူးဖြစ်ရတော့မှာလား။

(၃)

ကျွန်တော့်ရင်ထဲမှာ ဘယ်သူမှ သွန်းဆစ်မပေးနိုင်တဲ့ ကိုယ်ရေးကိုယ်တာ နာမ်စားတစ်ခုက ရှိပြီးသားမို့ ချစ်သူရဲ့နာမည်ကိုတောင် သိအောင်မကြိုးစားခဲ့ပါဘူး။ မျိုးရိုး၊ အတန်းပညာနဲ့ ငွေကြေးဥစ္စာကိုလည်း ကျွန်တော့်မှတ်ဉာဏ်က မတွက်ချက်ချင်ပြန်ဘူး။ ယုတ်စွအဆုံး ချစ်သူရဲ့အိမ်လိပ်စာကိုလည်း ကျွန်တော်ဒိုးဝေးလွန်းခဲ့ပါတယ်။ အဲဒါတွေဟာ နောက်မှ ကျွန်တော်ယူကြုံးမရတဲ့ အဖိုးတန်မိုက်မဲမှုတွေပါတဲ့လေ။ ကျွန်တော့် ရုပ်နဲ့နာမ်ဟာ ချစ်သူရဲ့အကြည့်တစ်ချက်ကို ဘာသာပြန်ဖို့လောက်ပဲ ချဉ်ခြင်းတပ်နေခဲ့လို့ပါ။ ခုထိ ချစ်သူက ကျွန်တော့်ကို တစ်ချက်မရယ်ပြဖူးသေးပါဘူး။ နှုတ်ခမ်းထောင့်စွန်းလေး ကွေးရုံလေး တစ်ချက်နဲ့ တုံးရှုန်းလဲကျသွားမယ့်





ဒီကောင့်အတွက် ချစ်သူရဲ့နှလုံးသားများ စုံလုံးကန်းသွားခဲ့ပြီလား။ ဖွဟဲ့ . . . ဒီကံတရားလွဲပါစေ။

မိုးမှုန်ဖွားဖွားလေးတွေက နောက်တစ်ပတ်လောက်မှာ ခပ်စောစောရောက်လာခဲ့ပြန်တယ်။ မြေသင်းနဲ့ ထုံထုံအီအီလေးနဲ့အတူ ကျွန်တော်ချစ်သူကို လာစောင့်ကြည့်တဲ့ နှစ်ဆယ့်ငါးရက်မြောက်သောကြာနေ့လည်း ဖြစ်တယ်။ အချစ်ဆိုတာ ဒီနေ့အရ ငုပန်းလေးတစ်ပွင့်ပါပဲ။ ချစ်သူဟာ အဝါရောင်ဝမ်းဆက်ကလေးနဲ့ ရိုးစင်းဆန်းပြားလွန်းနေတယ်။ ညနေတွေမှာ ပြာလဲ့လဲ့အကြည့်တွေ ရီဝေသလောက် မနက်ခင်းတွေဆိုရင် ချစ်သူရဲ့ဟင်းလင်းမျက်ဝန်းတွေကဘာကြောင့် မလင်းတောက်တော့တာလဲ။ တစ်ခုခုဆိုတဲ့ လွဲချော်မှုလေးကိုတောင်မှ ကျွန်တော်လက်မခံရဲလောက်ပြန်ဘူး။ ကားပေါ်ကို မသိမသာ တက်လိုက်လာတဲ့ ကျွန်တော့်ကို ချစ်သူက အနီးမှုန်တစ်ချက်လှမ်းကြည့်တယ်။ မျက်ဝန်းထဲက အလင်းမာမာတစ်ပွင့်ဟာ နယ်ခြားမျဉ်းတစ်စင်းဆိုရင်တောင် အဝေးထိန်းခလုတ်နဲ့ ကျွန်တော့်နှလုံးသားကို ဂငယ်ကွေ့ခိုင်းဖို့ မဖြစ်ဘူးနော် ချစ်သူ . . .။ ဒီခုံတန်းမှာ လွမ်းမကျွန်ရစ်ခဲ့ချင်ဘူး။

ဈေးအပြင်တန်းက ကံကြမ္မာကို လက်မှတ်လုပ်ပြီး ရောင်းတဲ့ဆိုင်ဟာ ချစ်သူရဲ့ဆိုင်လေးပေါ့။ ကံမကောင်းတတ်တဲ့ ကျွန်တော့်မှာ အားငယ်မိပြန်တယ်။ ဂြိုဟ်စီးဂြိုဟ်နင်းတွေနဲ့ အမြဲမရှင်းမလင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတတ်တဲ့ ကျွန်တော်က အချစ်ဆိုတာကို ကံတရားတစ်ခုလို့ မသတ်မှတ်ရဲခဲ့ဘူး။ ကံဆိုတာ လူက အလွယ်တကူ ချိုးခေါက်ထားတဲ့ စက္ကူကျူရိုးခြောက်လေးမဟုတ်တာ ကျွန်တော်သိမိပါရဲ့။ ချစ်သူရဲ့ဆိုင်ရှေ့က လက်ဖက်ရည်ဆိုင်လေးမှာ ကျွန်တော်ငေးထိုင်နေခဲ့တယ်။ ဆိုင်အဝလေးမှာ ထိုင်နေတဲ့ ချစ်သူဟာ ကျွန်တော်ကြည့်နေမှန်းလည်းသိရော တစ်ချက်လှမ်းကြည့်ပြီး ဆိုင်ထဲကို ဝင်သွားခဲ့တယ်။ မသဲကွဲလွန်းလို့ အဲဒီအကြည့်တွေကို မဝေခွဲတတ်ခဲ့ဘူး ချစ်သူ။ တစ်ခုခုဆိုရင်တောင် ခံစားဖို့ အသင့်မဖြစ်သေးတဲ့သူပါ။ ချစ်သူနောက်ထပ် ထွက်မလာခဲ့ဘူး။ အိမ်အပြန်လမ်းဟာ နွမ်းကြေလွန်းပါတယ်။ လေနီတွေတသင်းသင်းနဲ့ အမှောင်တွေကိုပါ မိုးရိပ်တွေက ခပ်ဆိုးဆိုးဖွဲ့စည်းနေပေါ့ ချစ်သူရယ်။

(၄)

အိပ်မပျော်တဲ့ ညတွေဟာ အခန်းထဲအထိ စီးနင်းလာကြတယ်။ မိုးစက်တွေဟာလည်း အက်စစ်လို ပြင်းရှတိုက်စားပြန်တယ်။ ညနေဒိုင်ယာရီတွေမှာ ချစ်သူရောက်မလာခဲ့တော့။ မိန်းကလေးတစ်ယောက်ရဲ့ မာယာဆိုလည်း ထားလိုက်ပါတော့လေ။ တစ်ကိုယ်စာလောင်ကျွမ်းရင်း သက်ပြင်းတွေကို ပြာလိုခြွေချနေရတာ ဘယ်သူတွေသိမှာလဲ။ အိပ်မပျော်တဲ့အတူ ချစ်သူကို လွမ်းတာကမှ ကိုယ်





သင်းရနံ့လေး ကျန်ခဲ့ဦးမယ်။ အလွမ်းဆိုတာ သင်ရိုးမရှိပါဘူး။ ချစ်သူတခုတ်တရ သင်ပေးရင်ပဲ ကျွန်တော်က တယုတယ လွမ်းမယ့်ကောင်ပါ။ သက်မဲ့ဆန်ဆန် အေးစက်မှုတွေက ခုလိုမိုးညဒိုင်ယာရီထဲမှာ ကညစ်တစ်ချက်ပြီးတစ်ချက် ရေးစွက်ဖို့ သက်သက်ပဲလား ချစ်သူ . . . မဖြေလည်း ရပါတယ်။

ချစ်သူရဲ့မနက်ခင်းတွေဆီ ကျွန်တော် အလင်းဝင်နေတုန်းပါ။ ချစ်သူ ဘာစီရင်ချက်မှ မချနိုင်အောင် ကျွန်တော်ကလည်း ဘာမှမပြောဖူးသေးတာကိုး။ ညနေတွေမှာ စာအုပ်ဆိုင်လေးဆီကို ချစ်သူမလာလည်း မနက်တွေဆို ကျွန်တော့်မှာ ငေးရုံလေး ဆန်တက်နေတုန်းပါ။ စကားတစ်ခွန်းမှ မပြောဘူးသေးတဲ့ ချစ်သူရဲ့စက္ကူပုံရိပ်လေးတစ်ခုကိုတော့ တိတ်တိတ်ကလေး အဝေးက ခိုးရိုက်နိုင်ခဲ့တယ်လေ။ သိပ်မပီပြင်ပေမယ့် ဒါချစ်သူပဲဆိုတာ နှစ်ယောက်တော့ သိမှာပါ။ တာယကံရှင် ချစ်သူနဲ့ ကျွန်တော်ပေါ့။ အိပ်မပျော်တာ ကြာပေါ့ချစ်သူ။ အဲဒီအတွက် ဓါတ်ပုံလေးတစ်ပုံလောက်နဲ့ မလုံလောက်ပေမယ့် ကျွန်တော်ဘာများ တတ်နိုင်ဦးမှာလဲလေ။ လောလောဆယ်ကျွန်တော့်ဇာတာက ချူချာလွန်းပါရဲ့။ ချစ်သူတစ်ခုခုဆုံးဖြတ်ဖို့ ကျွန်တော်စတင်ကြိုးစားရတော့မယ် ထင်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



(၅)

မိုးတွေ သဲသဲမဲမဲရွာပြန်ပြီပေါ့။ ကျွန်တော့်ရင်ထဲအထိ အေး လောက်အောင်တော့ မဆွတ်စိမ့်နိုင်ခဲ့ပါဘူး။ ကျွန်တော်က ချစ်သူ ဆိုင်ရှေ့က ဝပ်ကျင်းလေးတစ်ခုထဲမှာပါ။ ချစ်သူကို ရည်မျှော်ရင်း အလွမ်းက မိုးလိုပဲ မှုန်လာတယ်။ ကျွန်တော် ဘယ်ခေတ်မှာ ဘယ် လမ်းကို မှားဝင်ခဲ့ဖူးပါသလဲ။ နောက်ထပ် ဒဏ္ဍာရီသစ်ထဲမှာ တစ် လမ်းမောင်းစနစ်ကိုပဲ ပြဋ္ဌာန်းပေးကြပါ။ ချစ်သူဆီ တန်းတန်းကြီး ရောက်ဖို့ မိုင်တိုင်တွေ စီပစ်လိုက်သေးတယ်။ အဲဒီထက် မလျော့ပါ ရစေနဲ့။

အရှူးတစ်ယောက်ထက်ကို သည်းသည်းအုံ ရင်ခုန်နေမိ တယ်။ ကျွန်တော် ချစ်သူရှေ့ကို ရောက်နေလို့ပါပဲ။ ဒီစကားတွေကို ကျွန်တော့်ရာဇဝင်ထဲမှာ နှလုံးသွေးနဲ့ သွတ်သွင်းခဲ့ချင်လို့ပါ။ အိပ် မက်ကို နောက်တစ်မျက်နှာတိုးဖို့ အရင်လို ခိုးခိုးမကြည့်နိုင်တော့ဘူး လေ။ စိတ်မဆိုးလောက်ဘူးဆိုတာက ကျွန်တော့်ရဲ့ တစ်ဖက်သတ် အတွေးပါ။ ခါးခါးသက်သက်ပဲ ခွင့်ပြုတော့ ချစ်သူရယ်။ ထီတစ် စောင် ဘယ်လောက်လဲလို့ တုန်တုန်ရီရီမေးလိုက်တဲ့ ကျွန်တော့်ကို ချစ်သူက ခပ်တည်တည်မျက်နှာပေးလေးနဲ့ ဈေးနှုန်းက ပါပြီးသား လေလို့ ပြောတယ်ထင်ပါတယ်။ ရင်ခုန်နေတာနဲ့တင် ကျွန်တော် မလုံချင်တော့ပါဘူး။ ကျွန်တော်က ပေါက်မယ့်ထီ လက်မှတ်လေးပဲ





ရောင်းပါလို့ နောက်မိပြန်ရော။ ကျွန်တော်ချစ်နေတာ သိတဲ့ချစ်သူ က ပြုံးစစ (ကျွန်တော့်အထင်ပါ) လေးဖြစ်သွားသလိုနဲ့ အဆုံးမှာ လှလှလေးမဲ့သွားပါတယ်။ ထီထိုးပြီးသွားတော့ အလုပ်သဘောလို စာအုပ်ကလေးအပြင်ထုတ်ပြီး လိပ်စာရေးခိုင်းတယ်။ မလိုတော့ဘူး ထင်ပါရဲ့။ ကံကြမ္မာက ကျွန်တော့်ကို လိပ်စာတပ်မှားနေပါဦးမယ်။ လိပ်စာတစ်ခုထက်ပိုပြီး မြင့်မြတ်သက်ဝင်လှတဲ့ ချစ်သူအကြောင်း ကို ကျွန်တော်က စာလုံးတွေလှလှလေး ပေါင်းပေးထားခဲ့တယ်။ တစ် သက်စာကို တစ်မျက်နှာနဲ့တော့ မလုံလောက်ဘူးပေါ့နော်။ ဒါပေမယ့် ရင်နဲ့ရင်းကြည့်မိရင် နောင်ဘဝပါ ဒီစကားပဲ့တင်စေကွဲ့။

ကျွန်တော်သုံးရက်စလုံး အိမ်မှာ အရှုံးကျင့်နေခဲ့တယ်။ ချစ်သူဆီက အဖြေတစ်ခုအတွက်ပါ။ ဆွတ်ဆွတ်ကျင်ကျင်နဲ့ တကယ် ရှိုခဲ့ပါရဲ့။ အဲဒီမျှော်လင့်ချက်တွေဟာလည်း ချစ်သူရဲ့ဆိုင်ရှေ့မှာ သပ် သပ်ရပ်ရပ် ရှင်းလင်းသွားခဲ့တယ်။ ဟင်းလင်းပွင့်ဆိုတာ ပန်းတစ်မျိုး မဟုတ်ပါဘူး။ ကြယ်တွေအဆုပ်လိုက် ကြွေပျက်ပျောက်ကွယ်သွား သလိုလို အရာရာဟာ မှောင်ကျသွားတာမျိုးပါ။ ချစ်သူရဲ့ဆိုင်တံခါး ကို ချိတ်ပိတ်ထားတဲ့ သော့လေးက ဘာမေးခွန်းမှ သူမဖြေနိုင်ပါဘူး တဲ့။ မရှိတော့တဲ့ ဆိုင်းဘုတ်တွေက ဗလာနယ်ကို ရည်ညွှန်းပြန်တယ်။ နယ်ဝေးကုတ်နဲ့ ဖုန်းနံပါတ်ငါးလုံးက မရှိတော့ဘူးဆိုတာကို လုံးဝ မငြင်းဆိုတော့ . . . အရာအားလုံးဟာ အေးအေးသက်သာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုးရေထဲ လွဲခဲ့တာပေါ့။ နွေရာသီဒိုင်ယာရီက မိုးရေထဲစုတ်ပြဲ . . .။ အားလုံးဟာ မသဲမကွဲပေါ့လေ။ ချစ်သူ ဒီမြို့လေးမှာကို မရှိတော့ပါဘူး။ လိုက်စုံစမ်းရအောင်လည်း အချက်အလက်ဆိုတာထက် ချစ်သူရဲ့နာမည်လေးတောင် ကျွန်တော်က မသိမိခဲ့တာလေ။ အားလုံးဟာ အတုံးအရုံးနဲ့ အဆုံးအရှုံးပွဲပါချစ်သူ။

ဟုတ်ဟုတ် မဟုတ်ဟုတ် ပါလေ။ ချစ်သူနောက်ကို တစ်ကောက်ကောက် လိုက်ခဲ့ဖူးတဲ့ . . .။ လွမ်းတနင့်နင့် ငေးစွင့်ဖူးခဲ့တဲ့ . . .။ ဘဝမှာ တစ်ခါပဲ စကားပြောဖူးပြီး ပျော်ရွှင်စွာ နာကျင်ဖူးခဲ့တဲ့ . . . ကျွန်တော့်ကြောင့်များလား။ ကျွန်တော့်ဆီက တစ်ခုခုကို ချစ်သူထပ်စိုးရိမ်တာမျိုးလား။ ဓါတ်ပုံတစ်ပုံထက် ပိုဆိုးလာမယ့် အကျိုးဆက်ကို တွေးမိလို့လား။ ချစ်သူရေ . . . ကြုံသလို မတွေးလိုက်ပါနဲ့။ အကြောင်းတစ်ခုခု (ချစ်သူရဲ့ကိုယ်ရေးကိုယ်တာ) လို့ပဲ မှတ်ယူပါရစေတော့။

မမြင်ရနိုင်တော့ပေမယ့် ပြောပြချင်သေးတယ် ချစ်သူ။ မြို့လေးဟာ မိုးမှုန်တွေနဲ့ အေးလဲ့နေပြန်တယ်လေ။ ဟိုးအဝေးက တိမ်အိုအိုတွေက ကျွန်တော့်အလွမ်းကို ဆေးကြမ်းထပ်ဆိုးပြန်တယ်။ ဖေရယ်ဖူး(လ်)နဲ့ စရှုခဲ့တဲ့ ဒီကောင် . . . မိုးရေတွေကြားထဲ ခုထိအလွမ်းခွက်တွေ ဆွဲနေတုန်းပါပဲ။ အဲဒီခွက်ထဲမှာ ပေါက်မပေါက် မစုံစမ်းဖြစ်တဲ့ ထီလက်မှတ်တစ်စောင်ရယ်၊ သိပ်မပီပြင်တော့တဲ့





ဓါတ်ပုံလေးတစ်ပုံရယ်၊ နောက်ပြီး တစ်ကြိမ်ပဲပြောခဲ့ဖူးတဲ့ စကားလုံးအချို့ရယ်က ဆံပင်ခွေခွေနဲ့ ကောင်မလေးတစ်ယောက်အတွက် ပေါက်မြောက်ရာ ပန်းတွေပေါ့ကွယ်။ ဟော . . . မိုးတွေမှုန်လာပြန်ပြီ ချစ်သူ။ နွေရာသီအတွက် မိုးညဒိုင်ယာရီလေးကို ခုချိန်ထိ ကျွန်တော် မတည်းဖြတ်နိုင်သေးပါဘူး။ အားလုံးဟာ ခုထိတဖွဲဖွဲပါပဲ။ မိုးနဲ့အတူ အလွမ်းတွေလည်း ငွေ့ရည်ဖွဲ့နေကြလေရဲ့။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## လာရောလမ်းအတိုင်း ပြန်ထွက်သွားတဲ့ အချစ်ဝတ္ထု

ဖြစ်နိုင်မယ်ဆိုရင် ဘေးတစ်ဖက်တစ်ချက်စီမှာ ခရေပင်တွေ စီရီသွယ်တန်းနေတဲ့ မြေနီလမ်းကလေးကို မင်းသတိရလိုက်ပါ။ ခုအချိန် အဝေးကို မင်းလှမ်းကြည့်ရင်တော့ အဆုံးမရှိနိုင်တဲ့ ကောင်းကင်ပင်လယ်ကျယ်ကြီး မြင်ရမှာပဲ။ ဟေး . . . ဟန်နီ၊ ငါလည်းပဲ မြင်နေရတယ်။ ဒီလိုဆို ငါတို့ တကယ်ပဲ ဝေးသွားကြပြီလား။ မဖြစ်နိုင်ဘူးနော်။ သံသရာဆိုတာကို ငါယုံတယ်။ ပြီးတော့ ကျောချင်းကပ်ဝေးကွာခဲ့တဲ့ မင်းနဲ့ငါလည်း တစ်နေရာရာမှာ မျက်နှာချင်းဆိုင် ပြန်မဆုံနိုင်ဘူးလို့ ဘယ်သူက လာပြောရဲမှာလဲ။ ငါလောင်းရဲတယ် ဟန်နီ။ အသည်းနှလုံး တစ်စုံကြေးပေါ့။

ငါပြောရဦးမယ်။ ဘယ်က စပြောရမှာလဲ။ အရမ်းကွေးနေ





တဲ့ မင်းရဲ့ဘယ်ဘက်ခြေသန်းလေးက စရမှာလား။ ဒါမှမဟုတ် လူပြောများတဲ့ မင်းနှုတ်ခမ်းကလေးက စရမှာလား။ ဘာပဲဖြစ်ဖြစ်ပေါ့ ဟန်နီရယ်။ အချစ်ဝတ္ထုတစ်ပုဒ်မှာ မင်းနဲ့ငါကတော့ သရုပ်ဆောင်ဖြစ်ခဲ့ရပြီ။ သေချာတာကတော့ ငါတို့တွေ ချစ်၊ ကွဲ၊ ညား တစ်ခုခုနဲ့ အဆုံးသတ်ရမှာပဲ။ အဲဒါပဲ ဟန်နီ။ လူတိုင်းဟာ ကိုယ့်သမိုင်းကိုယ် ကောင်းတယ်လို့ ထင်နေကြတာ။ ဖြစ်နိုင်ပါတယ်။ ငါ့သမိုင်းမှာတော့ မင်းကို ချစ်တယ်ဆိုတာကလွဲရင် ဘာကျောက်ဖြစ်ရုပ်ကြွင်းမှ ရှိမှာမဟုတ်ဘူး။

ဆိုကြပါစို့။ ဒါဟာ လူကြိုက်များနိုင်တဲ့ ဇာတ်လမ်းတစ်ခုတော့ မဟုတ်နိုင်တာ အသေအချာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ငါကြားမှာ ဟာသမရှိဘူး။ တစ်ယောက်နဲ့တစ်ယောက်ကို ရိုးရိုးကျင့်မြင့်မြင့်ကြံခဲ့တာ။ ပြီးတော့ လူပြိန်းကြိုက်ကိစ္စတွေရော ရှိခဲ့လို့လား။ ဝလေတိုးနစ်စ်လပ်ဖ်လို့ မပြောရဲပေမယ့် ငါတို့တွေ အတိုင်းအတာတစ်ခုထိ ဖြူခဲ့ကြတယ်လေ။ ဥပမာပြောရရင် အိမ်ပြန်ချိန်ရောက်မှ မင်းကို ဖွဖွနမ်းတာမျိုးပေါ့။ ဒါဟာ ငါ့ရဲ့သစ္စာပါ။ မင်းကို ချစ်တယ်။ ပြီးတော့ ငါ့စိတ်ကို ငါအလိုမလိုက်ခဲ့ဘူး။

တိမ်တွေ ရွေ့နေပြန်ပြီ ဟန်နီ။ အနုပညာနဲ့ ပတ်သက်ပြီး ငါ့စိတ်ကိုပါ မီးရှို့နေတုန်းပဲ။ ငါတိုင်ပင်ကြည့်တော့ လူတွေက ကဲ့ရဲ့ပြန်တယ်။ သွားစမ်းပါကွာလို့ ငါပြောပြလိုက်တယ်။ ငါလုပ်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်ပြီး ငါချစ်ချင်တဲ့ မိန်းမကို ချစ်နေခဲ့တာ မရဘူးလား။ အနုပညာကို မစွန့်လွှတ်ဘဲ မင်းကိုချစ်မြဲချစ်တယ်။ အဲဒီအကြောင်းတွေ ပြောပြောပြီးတိုင်း ငါအောက်မှာ လက်မှတ်ထိုးခဲ့ရတာများပြီ။

မင်းနဲ့ ငါကြားမှာ တစ်ယောက်ကိုတစ်ယောက် ဖြေဖျော်ဖို့ အချိန်တွေ မလုံလောက်ခဲ့ဘူးနော်။ ကိစ္စတွေများနေကြတဲ့ခေတ်မှာ ငါတို့က လူဖြစ်လာတာကိုး။ ကိုယ့်အိပ်မက် ကိုယ်တစ်မျက်နှာ တိုးဖို့ အတွက် အချစ်ဆိုတာကို တစ်ခါတစ်ခါ မြှုပ်ထားရတယ်။ အဝါရောင် ဒရမ်သံတွေကြားမှာ မင်းက ငွေရှာနေချိန် ငါကလည်း ဟောဒီအနုပညာလွင်ပြင်ကျယ်ကြီးမှာ ငါ့နာမည်တစ်လုံးအတွက် မျိုးစေ့ချနေတုန်းပဲ။ ကိုယ့်အတ္တနဲ့ ကိုယ်ပေါ့ ဟန်နီရယ်။ ကိုယ့်အဆိပ် ကိုယ်ဖြည်းဖြည်းချင်း မျိုချနေသလိုမျိုးပေါ့။ ကိုယ်စိုက်ပျိုးတာကို ကိုယ်ပဲ ရိတ်သိမ်းရမှာပါ။ ဒီလိုနဲ့ပဲ ငါတို့ အတ္တတွေ ကြီးရင့်လာခဲ့ကြတယ်။

ဟိုးအရင်လို မြေနီလမ်းကလေးမှာတောင် ငါတို့ မဆုံဖြစ်ကြတာ ကြာပြီနော်။ မင်းဝယ်လိုက်တဲ့ ဟန်းမ်ဖုန်းနံပါတ်ကို ငါခဏခဏ မေ့နေတတ်သလို မင်းကလည်း ငါ့ဆီမှာ ဘာအနုပညာတွေ ထွန်းကားနေပြီလဲဆိုတာ မစူးစမ်းခဲ့ဘူး။ ငါက မင်းဘယ်လောက်ခိုင်နေပြီလဲဆိုတာ မလေ့လာသလို ဒီမှာ ငါဘယ်လောက် ယိုင်နေပြီဆိုတာကိုလည်း မင်းမေ့နေပုံရတယ်။ ထားလိုက်ပါလေ။ နားလည်မှုဆိုတာ ညှိယူမှ ရမယ်ဆိုပေမယ့် ငါတို့ ဖုံးဖေးခဲ့ကြတယ်။ ကိုယ့်တီးနဲ့





ကိုယ်နေထိုင်ရင်း ငါတို့ရဲ့ ဂစ်တာအိုလေးဟာ အက်ကြောင်းထလာလေရဲ့။ အသံကြောင်ကြောင်တွေကြားမှာ နေထိုင်ရင်း ငါတို့နှစ်ယောက်ကြားမှာ မုသာဝါဒတွေ ပွားများလာခဲ့ကြပြီနော်။

မှတ်မိနေသေးတယ် ဟန်နီ။ အနုပညာနဲ့ ရှာလို့ရတဲ့ ငွေစတစ်ချို့နဲ့ မင်းကို ကျွေးမွေးချင်လို့ ဖုန်းဆက်တဲ့နေ့ကပေါ့။ မင်းက ဟိုတယ်တစ်ခုမှာ မင်းရဲ့ဘော့စ်နဲ့ ညစာစားနေခဲ့ကြတယ်။ မင်းတို့ရဲ့ ပတ်သက်မှုကို ငါမျက်စိမှိတ်ထားပါတယ်။ ငါကြားထားတဲ့အကြောင်းတွေကိုလည်း ရေငုံထားခဲ့ပါတယ်။ မင်းနှာစေးပျောက်အောင် ငါဘယ်ဆေးတိုက်ရမယ်ဆိုတာ တကယ်မသိဘူး။

အချစ်ဆိုတာက ဘဝမှာ ဘယ်လောက်ရာခိုင်နှုန်းလောက် အရေးပါသလဲ။ အဲဒီမေးခွန်းက ငါ့ကို ဖျားနာစေတယ်။ မင်းဘာသဘောနဲ့ မေးခဲ့တာလဲ ငါမသိဘူး။ ဒါပေမယ့် မင်းမျက်ဝန်းတွေကတော့ မြေနီလမ်းကလေးမှာ အဖြေပေးခဲ့တဲ့ နေ့တုန်းကလို အရည်လဲ့မနေတာ အမှန်ပဲ။ သံသယဆိုတာ ငါတူးဖော်ရမယ့် မြေစိုင်မြေခဲပဲလား။ အဲဒီနေ့က မင်းကို သိပ်ချစ်ပါတယ်လို့ ငါကပဲ ထပ်ပြောခဲ့တယ်နော်။ အဲဒါဟာ ငါ့ကို မထားခဲ့နဲ့လို့ အယူခံဝင်တာတော့ မဟုတ်ခဲ့ဘူး။

နောက်ပိုင်းရက်တွေမှာ မင်းနဲ့ငါ သိပ်မတွေ့ဖြစ်ကြတော့ဘူး။ ငါကပဲ ဆက်သွယ်မှုဇရိယာပြင်ပကို ရောက်နေတာလား၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် မင်းကပဲ လူကြီးမင်းနဲ့ တိုးနေတာလား။ သေချာတာကတော့ မင်းနဲ့ငါတွေ့ဖို့ မကြိုးစားဘဲ လွဲနေခဲ့ကြတယ်။ ခေတ်အဆက်ဆက်က လူပြောများခဲ့တဲ့ အချစ်ဆိုတာကို နေရာမှားကြပြီထင်ပါရဲ့။ ဘာပဲဖြစ်ဖြစ်ပေါ့ ဟန်နီရယ်။ ငါ့ကို မင်းဂရုမစိုက်တော့ရင်ဆိုတောင်မှ မင်းကိုယ်မင်း ဂရုစိုက်နေပါနော်။ ငါဆုတောင်းပေးနိုင်တာက မင်းဘဝလေး အနာအဖျားကင်းဖို့ရယ်ပါ။

ခု ငါ့နားမှာ ခရေတွေ တဖြုတ်ဖြုတ် ကြွေသံကို ကြားနေရတယ်။ ငါရပ်စောင့်နေတဲ့ မြေနီလမ်းပေါ်မှာရော မင်းခြေရာအကြွင်းအကျန်လေးတွေကို တွေ့မလား ငါရှာမိနေသေးတယ်။ ထားပါတော့။ ငါ ဒေင်ဉယျာဉ်ထဲမှာ ကမ္ဘာဦးဂီတကို နားဆင်နေရတာတော့ မဖြစ်နိုင်ဘူး။ အစိမ်းတေးကိုဆိုရင်း မငြိမ်းအေးစွာဘဲ ငါဖြန်ရမှာပါ။ မင်းဒီတစ်ခေါက်တော့ ငါ့ဆီရောက်အောင် လာမယ်ဆိုတာ ငါယုံပါတယ်။

ငါ့လမ်း ငါမယိုင်မနဲ့ဘဲ ဆက်လျှောက်နိုင်ဖို့အတွက်။ ပြီးတော့ မင်းဘဝမှာ မင်းက သစ္စာမဲ့သူဆိုတဲ့ အရိပ်ဆိုးကြီး ရှိကျန်မနေဖို့အတွက် ငါတို့တွေ တိတိပပ နှုတ်ဆက်ရလိမ့်မယ်။

ဟန်နီ . . . မင်းလာခဲ့ပါ။ ပြီးတော့ မေ့လိုက်ပါတော့ဆိုတဲ့ စကားပဲဖြစ်ဖြစ်ပေါ့။ ဒါမှမဟုတ် ကျွန်မတစ်ယောက်ယောက်နဲ့ လက်ထပ်တော့မယ်ဆိုလည်း ရပါတယ်။ မင်းကို ငါသတိရတိုင်း ပြန်ကြား





ယောင်နေရမယ့် စကားလုံးတွေပေါ့နော်။ ပြီးရင်တော့ လာရာလမ်းအတိုင်း မင်းပြန်လို့ ရပါပြီ။

မြေနီလမ်းနဲ့ ခရေပန်းတွေကတော့ ငါတို့ရဲ့ တစ်ခန်းရပ်ဇာတ်လမ်းကို မျက်နှာလွှဲထားကြပါလိမ့်မယ်။

* * * *

www.burmeseclassic.com

## ကောင်လေးရဲ့အိပ်မက်မြို့

မြူပြာတွေနဲ့ မရှင်းလင်းသေးတဲ့ မနက်ခင်းလေးတစ်ခုမှာပါ။ အာရုဏ်ဦးနှင်းစက်တွေကိုတော့ မြောက်ပြန်လေ တစ်ချို့တသယ်သုတ်နေလေရဲ့။ မြေနီလမ်းလေးအတိုင်း လျှောက်လာရင်းနဲ့ကောင်လေးဟာ ဆောင်းကို ကြိုဆိုလိုက်ပါတယ်။ သူ့အတွက်တော့ဆောင်းမှမဟုတ်ပါဘူး။ နွေကိုလည်း ဦးညွှတ်ရမှာပဲ။ မိုးဆိုလည်းဝပ်ဆင်းပြရမှာပါ။ ကောင်လေးက ဆင်းရဲပါတယ်။ ရာသီပေါ်အစားအစာတွေနဲ့ ရာသီအလိုက် ပွင့်တဲ့ပန်းတွေဟာ သူ့အတွက် ဘုရားပေးတဲ့ လက်ဆောင်တွေဆိုရင်လည်း မမှားပါဘူး။ စပါယ်တွေ ထစ်ချုန်းအောင် ပွင့်တဲ့နေ့ဟာတော့ သူ့အတွက် စံပါယ်ပင်လယ်ကြီးတစ်ခုပေါ့။ ကြိုးကလေးတွေနဲ့သီပြီး ရိုးသားစွာ ရောင်းခဲ့ဖူးပါတယ်။





ခရေတွေ သဲသဲမြိမ့် လွင့်ကြွေကျရင်လည်း ခရေပင်ကြီးအောက်မှာလက်ဖြန့်ခဲ့ဖူးတာပဲ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ သူ့အတွက် ဘဝကောင်းကင်ဟာ အစိမ်းခေါက်ခေါက်နဲ့ ယက်ဖောက်ထားတဲ့ လွင်ပြင်ဆိုလည်း ကောင်လေးဟာ ငြိမ်းအေးလွန်းပါတယ်။ သူဘာမှမရသေးတဲ့ လောကကြီးအပေါ်ကို အပြစ်မမြင်ဘဲ သူဘာမှမဆုံးရှုံးသေးဘူးလို့ ခံယူထားသူတစ်ယောက်ပါ။ ဒီလိုနဲ့ ကောင်လေးဟာ အရိုးတွေရင့်လာခဲ့ရတယ်။

သူတို့ မြို့ငယ်လေးဟာ ဆားငံလေ တဝင်းဝင်းနဲ့ အမြဲလင်းချင်းလှပလွန်းတယ်။ ပင်လယ်တစ်မျက်နှာ၊ ရိုးမတစ်မျက်နှာနဲ့ လူတွေကလည်း မှူတပြီး ချစ်စရာကောင်းလွန်းတယ်။ အဲဒီမြို့ငယ်လေးက အထက်တန်းကျောင်းတစ်ခုဟာ ကောင်လေးရဲ့အတောင်ပံတွေကို အမြင့်ဆုံး ခတ်ထုတ်ပေးနိုင်စွမ်းတဲ့ ခေါင်းလောင်းတို့အုပ်မိုးရာဒေသတစ်ခုပေါ့။ ဒါပေမယ့် ကောင်လေးဟာ ကျောင်းအမြဲနောက်ကျတတ်ပါတယ်။ ရောက်ရင်လည်း သူစာသင်တဲ့ အခန်းလေးရဲ့ဝန်းကျင်ကို အမြဲသန့်ရှင်းလေ့ရှိတယ်။ ဘာကြောင့် ကျောင်းနောက်ကျရသလဲလို့ ဆရာ/ဆရာမတွေက မမေးကြသလို ကျောင်းနောက်ကျရတဲ့ အကြောင်းကိုလည်း ကောင်လေးက အမြဲရှင်းပြလျက်ပါ။ သူကဘဝမှာ အမြဲရိုးသားပြီး လိပ်ပြာလုံချင်သူတစ်ယောက်ဆိုလည်း မမှားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလိုပဲ ကောင်လေးဟာ ကျောင်းတက်နောက်ကျပြန် တယ်။ အသားမာတက်နေပြီဖြစ်တဲ့ သက်ပြင်းကို အလီလီချရင်း အတန်းပိုင်ဆရာမရုံးခန်းကို သွားလိုက်တယ်။ သူ့အနေနဲ့ အနည်းဆုံး အပြစ်တစ်ခုခုတော့ ခံယူချင်တာပါ။ ဆရာမရဲ့ နားလည်ခွင့်လွှတ် ခြင်းတွေဟာ အေးမြသလိုလိုရှိပေမယ့်လည်း သူ့ရင်ထဲမှာ အပူက မစင်ခဲ့ပါဘူး။

ခေါင်းလေးငုံ့၊ လက်ကလေးပိုက်ပြီး ဆရာမရုံးခန်းထဲ ဝင် သွားလိုက်တယ်။ ဆရာမရဲ့ ဂရုဏာသက်နေတဲ့ မျက်ဝန်းတွေကို သူ မခံယူချင်ဘူး။ ဒါကြောင့်လည်း ဆရာမကို မကြည့်ရဲတာပါ။ ဆရာမ က အရင်လိုပဲ 'ကဲ . . . ပြောပါဦး၊ ဒီနေ့နောက်ကျရတာက' လို့ ပြောရုံမဟုတ်ဘဲ 'ပန်းရောင်းတာ မကုန်လို့လား၊ အဖေ့ဆေးတွေကို ဈေးသွားပို့တာက နောက်ကျတာလား၊ ဒါမှမဟုတ် အမေ့ဆိုင် ဝိုင်း သိမ်းပေးနေရလို့လား' ဆိုပြီး ဆက်မေးပါတယ်။ ဒါဟာ ဆရာမက ကောင်လေးကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ နားလည်နေတာ ပါ။ ကောင်လေးက မော့မကြည့်သေးဘဲ 'ကျွန်တော့်ညီမလေး နေ မကောင်းလို့ပါ' လို့ တိုးတိုးလေး ဖြေလိုက်ပါတယ်။ ဆရာမက ဘာမှ ဆက်မပြောသေးပါဘူး။ ကောင်လေးက သူလွယ်ထားတဲ့ စစ်လွယ် အိတ်အဟောင်းလေးထဲက နှင်းဆီနီနီလေးတစ်ပွင့်ကိုထုတ်ပြီး ဆရာမ ကို တရိုတသေ လှမ်းပေးလိုက်ပါတယ်။





ဆရာမကို မော့အကြည့်မှာ ကောင်လေးမျက်ဝန်းထဲကို နှင်း တွေအဆုတ်လိုက်ကြွေပြီး သွန်းသစ်ထားတဲ့ အသက်ရှိထင်ရှားလေး တစ်ခုက အမှိုက်ကလေးတစ်စလို တိုးဝင်သွားတော့တယ်။ ကောင်လေး ရဲ့ဇီဝဖြစ်စဉ်တစ်ခုလုံး ရုန်းကန်လဲပြိုသွားမတတ် မင်သက်နေမိတယ်။ သူ့ဘဝတစ်လုံးဟာ အမှောင်ရဲ့အခြားတစ်ဖက်ကို ခေတ္တရောက်ရှိ သွားတာမျိုး၊ မျက်လုံးကို စုံမှိတ်ပြီး ပြန်အဖွင့်မှာတော့ အရာရာဟာ စနစ်တကျပြန်လည် ဖြစ်တည်သွားပါပြီ။ ကောင်လေးရဲ့အသိထဲမှာ သူမမြင်ဖူးတဲ့ ကျောင်းသူအသစ်လေးတစ်ယောက် ဆရာမဘေးနား မှာ ရှိနေတယ်။ ဒါပါပဲလေ . . . ကောင်လေးဟာ မျက်စိတမှိတ် အတွင်းမှာ ကိုယ့်ဘဝကိုယ်ရောင့်ရဲ နေတတ်သူဖြစ်နေပြန်တော့တယ်။

သူ့အတွက် တာဝန်တစ်ခုပြီးဆုံးသွားသလိုမျိုး ကောင်လေး ဟာ စစ်လွယ်အိတ်အဟောင်းလေးကို ရင်မှာပိုက်ပြီး ဆရာမကို ပြန် ခွင့်တောင်းလိုက်တယ်။ ဟုတ်တယ်လေ။ သူ့အတွက် ခွေးသိပ်တရား စီရင်ရာ ဒီနေရာလေးမှာ ဘယ်နေချင်တော့မှာလဲ။ ရွယ်တူကောင်မ လေးတစ်ယောက် ရှေ့မှာကြောင့်လား။ ဒါမှမဟုတ် ဘာကြောင့်မှန်း မသိဘဲ ကောင်လေးရဲ့ရင်ဘတ်ထဲကို ရှက်ငွေ့တွေဟာ ပထမဆုံး ထုတ်ချင်းဖောက်ဝင်သွားတယ်။

ကိုယ့်ကိုယ်ကို အံ့ဩမှုတွေနဲ့ ရွှဲနစ်နေချိန်မှာပဲ ဆရာမက ကောင်လေးကို လှမ်းပြောလိုက်ပါတယ်။ 'မနှင်းဆီကို စာသင်ခန်းထိ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွားလိုက်ပါတဲ့'။ သူ့နောက်က ပါလာတဲ့ အသက်ရှူသံလေး တစ်ခုဟာ သူ့ကို အမြင့်ဆုံးထိခေါ်ဆောင်သွားပြီး လွှတ်ချလိုက်သလို မျိုး ကောင်လေးဟာ သူ့ဘဝကိုသူ ဖြူဖြူစင်စင် နာကျည်းနေပါတော့ တယ်။

ကောင်လေးဟာ ပျော်နေပါတယ်။ သူ့အတွက် ပျော်ရွှင်မှု ဆိုတာ ကစားစရာအသစ်တစ်ခုရသလိုမျိုး မဟုတ်ပါဘူး။ သူမမြင်ဖူး သေးတဲ့ ပန်းလေးတစ်ပွင့် ယိမ်းဝင့်ရှင်သန်လာတာကို ကြည့်ပေးရင်း နဲ့ပျော်နေတာပါ။ သူ့ကျောင်းကို တတ်နိုင်သမျှ အစောကြီးလာမယ်။ မနှင်းဆီဆိုတဲ့ ကောင်မလေးကို ရယ်ရွှင်နေတာတွေ့ရရင်ပဲ သူ့တစ် နေ့လုံး အသက်ရှုဝသွားပါပြီ။ မိုက်မဲတယ်ဆိုတာ လွယ်ကူမှန်းမသိ တာ မဟုတ်ပါဘူး။ ကိုယ့်ရင်ဘတ်ကို ကိုယ်ညာလို့မရအောင် ကောင် လေးရဲ့နှလုံးသားဟာ နုသက်လွန်းတာပါ။ မဖြစ်နိုင်တာ မရှိပေမယ့် မဖြစ်သင့်တာတော့ နားလည်ပါတယ်။ ဒီလိုနဲ့ ဒီဆောင်းဟာ ကောင် လေးကို အရိုင်းဇာတ်နဲ့ ယဉ်ပါးခိုင်းတော့တာပဲ။

မနှင်းဆီဟာ အရမ်းလှတယ်။ သူတို့ မြို့ငယ်လေးကို တာ ဝန်ကျလာတဲ့ ဆရာဝန်ကြီးရဲ့သမီး။ စာတော်တယ်။ ထက်မြက် တယ်။ အချိန်တိုတိုလေးအတွင်းမှာ ကျော်ကြားလာတဲ့ မနှင်းဆီဟာ ကောင်လေးကို သတိထားမိလာတယ်။ အဲဒါကတော့ အတန်းထဲမှာ အမြဲတန်း ပထမရတဲ့ကောင်လေးဟာ မနှင်းဆီအတွက် ဒုတိယအ





ကိုပဲ လက်ခံယူတော့တယ်။ သူ့ကျောင်းစာအုပ်တွေကို မနှင်းဆီ တောင်းယူကြည့်တဲ့နေ့ကို ဘယ်တော့မှ မမေ့နိုင်ပါဘူး။ ခေါင်းကို ဖြည်းဖြည်းနွဲ့နွဲ့လေး ခါယမ်းသွားရင်း မနှင်းဆီပြောလာတယ်။ 'နင် အရမ်းတော်တာပဲ' တဲ့ ဒီစကားတစ်ခွန်းတည်းနဲ့ ခေတ်အဆက်ဆက် အရှုံးပေးချင်တာဟာ ကောင်လေးရဲ့ကိုယ်ကျင့်တရား ဖြစ်လာပါ တော့တယ်။

ကောင်လေး မနက်မနက် ပန်းရောင်းနေရလို့ ကျောင်း နောက်ကျတတ်မှန်း မနှင်းဆီသိလာခဲ့တယ်။ တစ်ခါတစ်လေ ကျောင်း နားပတ်ဝန်းကျင်မှာ မျက်လှည့်ပြရင်း ဆေးနည်းတိုလေးတွေ ရောင်း တဲ့လူကို ကောင်လေးရဲ့ အဖေမှန်းလည်း သိလာတယ်။ သူ့ကို နေ့တိုင်း နှင်းဆီနီနီတစ်ပွင့်စီရောင်းဖို့ ပြောလာတဲ့နေ့ကမှ ကောင်လေးဟာ မနှင်းဆီနဲ့ သုံးခါမြောက် စကားပြောဖူးတာပါ။ ဘာကြောင့်မှန်းမသိ ဘူး။ ကောင်လေးဟာ ဝမ်းနည်းကျိုးကြေသွားတယ်။ ဒါပေမယ့် အောက်နှုတ်ခမ်းကို မကိုက်မိအောင် ကြိုးစားရင်း မနှင်းဆီကို ခေါင်း ညိတ်ပြခဲ့တယ်။ ကောင်လေးဘဝမှာ လူးလူးဆတ်ဆတ် အမှတ်ရနေ ခဲ့တဲ့ နေ့တစ်နေ့ဆိုလည်း မမှားခဲ့ပါဘူး။

အဲဒီအချိန်မှာ ကောင်လေးဖြစ်ချင်တဲ့ဆန္ဒက သူ့လက်နဲ့ နှင်းဆီတစ်ရုံလောက် မနှင်းဆီအတွက် ပျိုးချင်လာတာပါ။ ဒါပေမယ့် ကောင်လေးမှာ အပိုငွေမရှိဘူး။ သူလက်နဲ့ ယက်ဖောက်နိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီတစ်ပွင့်ဆိုတာလည်း ဝေလာဝေးပဲ။ ဒါကြောင့် သူပန်းဝယ်နေတဲ့ နှင်းဆီခြံထဲမှာပဲ မနှင်းဆီအတွက် တစ်ပွင့်စီသွားဝယ်ရတယ်။ သူ့ကို မနှင်းဆီပေးတဲ့ ပိုက်ဆံတွေက တစ်ခါတစ်လေ ပန်းတစ်ပွင့်ရဲ့ တန်ဖိုးထက်များနေတယ်။ သူအတင်းပြန်ပေးလည်း မနှင်းဆီက မယူပြန်ဘူး။ ကောင်လေးဟာ အဲဒီငွေပိုလေးတွေ စုထားရင်း တွေးမိတယ်။ ဒီပိုက်ဆံလေးနဲ့ ရှားပါးတဲ့ နှင်းဆီမျိုးစေ့တွေကိုဝယ်ပြီး သူ့လက်နဲ့ ပျိုးမယ်။ ကောင်လေးဟာ အိပ်မက်တွေကို အခန်းဆက်မိပြန်ပြီ။ ဒါတွေကို မနှင်းဆီ သိမှာမဟုတ်တာကိုလည်း သူနားလည်နေသားပဲ။ နှောင်တဆိုတာ နှင်းဆီရိုးတံက ဆူးတွေလိုပဲ သူ့ကို စူးစေမှာ သိသိနဲ့ သူရှေ့တိုးလိုက်တာပါ။ မိုက်မဲတာနဲ့ စွန့်စားတာကို ကောင်လေးဟာ ဂဃနဏ မဝေခွဲချင်တော့ဘူး။

နောက်ပြန်လှည့်ကြည့်ရင် ဘာမှမရှိတဲ့ ဘဝမှာ တံလျှပ်ကို ရွှေထင်မိတဲ့ အနာဂတ်ဖြစ်ပါစေ။ တစစ်စစ် လောင်ကျွမ်းခံရင်း ခဏလေးရွှေရောင်ရှင်းတောက်ခွင့်တော့ ရှိချင်သေးတာပဲလေ။ ဒါ သဘာဝပါပဲ ဆိုတဲ့စကားအပြင် သူရှာလို့ မတွေ့တော့ပါဘူး။

နှင်းဆီပန်းကိုချစ်တဲ့ မနှင်းဆီအတွက် ကောင်လေးဟာ နှင်းဆီပန်းတစ်ပွင့်စီကို နေ့တိုင်းသွားပေးစမြဲပဲ။ ဒီကိစ္စဟာ ကျန်တဲ့ ကျောင်းသားတွေအမြင်မှာ ဘာမှထူးထူးဆန်းဆန်း မဟုတ်ပေမယ့် ကောင်လေးအတွက်တော့ စိတ်တစ်ခုလုံးနစ်မြုပ်နေတာပါ။ ဒါကို





မနှင်းဆီသိ,မသိ သူလည်းမသိဘူး။ သိရင်လည်း ပျော်ရွှင်ပြည့်ဝသွားမှာ မဟုတ်သလို မသိရင်လည်း ဝမ်းနည်းနေမှာ မဟုတ်တာသူသိတယ်။ သူ့ဘဝမှာ ဘယ်အရာကိုမှ လက်နဲ့ထိလို့ ရွှေမဖြစ်နိုင်ဘူးဆိုတာ ကောင်လေးသိသားပဲ။ ဒါပေမယ့် နောက်ဆုံးမှာတော့ မနှင်းဆီအတွက် ပွင့်လာမယ့် နှင်းဆီဖြူတစ်ပွင့်ကို ဖွက်ထားတဲ့ နှင်းဆီမျိုးစေ့တစ်ခုကို စိုက်ပျိုးနိုင်ခဲ့တယ်။ ပထမဆုံး ပွင့်လာမယ့် နှင်းဆီဖြူကို ကောင်လေးက ‘အိပ်မက်ဖြူ’ လို့ နာမည်ပေးထားလိုက်တယ်။ အဲ့ဒီအချိန်မှာ ဆောင်းဟာ လွန်းထိုးဆုတ်ခွာသွားလို့ မြူပါးပါးပဲ ကျန်တော့လေရဲ့။ ကျောင်းတက်ရက်တွေကလည်း နှစ်တစ်ဝက်ကျိုးခဲ့ပြီ။

‘အိပ်မက်ဖြူ’ ဟာ တဖြည်းဖြည်း ပြိုင်းရရှိင်း ယိမ်းဝင့်ရှင်သန်လာခဲ့တယ်။ အရိပ်တကြည့်ကြည့်ဆိုတာ နေ့ဖက်မှာလို့ အဓိပ္ပါယ်ရရင် ကောင်လေးအတွက် မလုံလောက်နိုင်ပါဘူး။ သူ့ရဲ့ ညတွေမှာလည်း ‘အိပ်မက်ဖြူ’ အမြန်ပွင့်လာဖို့ ကောင်လေးဟာ အမြဲမျှော်လင့်နေတာပါ။ ဒီအဖြစ်တွေကို တလောကလုံး မျက်စိမှိတ်ထားကြပါစေ။ မနှင်းဆီရဲ့ မျက်တောင်လေး တစ်ဝင့်တစ်ခတ်လောက်နဲ့ ကျေနပ်နိုင်ပါတယ်။ အဲဒါကိုယ့်ဟာကိုယ် မျိုချထားတဲ့ သစ္စာပဲ။ ပယောဂဆိုတာ တစ်ပါးသူလာထိုးစိုက်မှ မဟုတ်ပါဘူး။ နှင်းဆီတစ်ရုံလို ကိုယ်ကိုယ်တိုင် ပျိုးရိုက်လို့ရမှန်း ကောင်လေးသိနှင့်ပြီးသားပါ။

‘အိပ်မက်ဖြူ’ ကိုကြည့်ပြီး မနှင်းဆီ အံ့ဩတုန်ခါသွားမယ့်



www.burmeseclassic.com

www.burmeseclassic.com



နေ့တစ်နေ့ပေါ့။ အဲ့ဒီနေ့ကိုတော့ ဘယ်နတ်ဆိုးကမှ တန်ခိုးတစ်မျိုးမျိုးနဲ့ တားထားမှာ မဟုတ်ပါဘူးနော်။

တဖြည်းဖြည်းနဲ့ အတန်းတင်စာမေးပွဲကြီးက နီးကပ်လာတယ်။ 'အိပ်မက်ဖြူ' က မပွင့်လာသေးဘူး။ စာမေးပွဲဖြေဖို့ တစ်လလောက်အလိုမှာတော့ မနှင်းဆီပြောလာတဲ့ စကားကြောင့် ကောင်လေးတုန်လှုပ်သွားရတယ်။ မနှင်းဆီက သူ့မွေးနေ့ကို မနက်ဖြန် အိမ်မှာလုပ်မယ်။ လာခဲ့ပါလို့ ဖိတ်တယ်။ ပြီးတော့ ကောင်လေးကိုလည်း နှင်းဆီပန်းတွေ မဝယ်နိုင်းတော့ပါဘူးလို့ ရယ်ရယ်မောမော ဆိုတယ်။ မနှင်းဆီရဲ့မွေးနေ့ပွဲကို မငြင်းရက်သလို နှင်းဆီပန်း ထပ်ပေးဦးမယ်လို့လည်း ကောင်လေးမှာ စောဒကတက်ခွင့် မရှိပြန်ဘူး။ ပေါ့ပေါ့ပါးပါးပြောသွားတဲ့ မနှင်းဆီကို ငေးရီဆွဲအရင်း ဝမ်းသာဝမ်းနည်းဆိုတာကို ခံစားလိုက်ရလေရဲ့။ ဒါပါပဲ။ ဘဝဆိုတာ တစ်ခါတစ်ခါမှာ ရွေးချယ်ခွင့်တွေ မရှိမှန်း သူသိပြီးသားပါ။ မြူပြာတွေနဲ့ ကောင်းကင်လို ရင်ထဲမှာလည်း အမာရွတ်တစ်ခုက အုပ်မိုးရှင်သန်လာခဲ့ရတယ်။

မနှင်းဆီရဲ့ မွေးနေ့ပွဲဟာ မီးရောင်စုံနဲ့ လူတွေကလည်း ကုံလုံလွန်းပါတယ်။ သူငယ်ချင်းတွေပေးကြတဲ့ လက်ဆောင်တွေကို ကြည့်ပြီး မနှင်းဆီဟာ ပျော်ရွှင်နေတယ်။ သူငယ်ချင်းတွေကြားထဲက မနှင်းဆီကို ကောင်လေးဟာ ခပ်လှမ်းလှမ်းက ကြည့်နေမိတယ်။





သူ့မှာ ပေးစရာလက်ဆောင်လည်း မပါခဲ့ဘူး။ မနှင်းဆီက မပေးနဲ့လို့ ပြောထားတဲ့ နှင်းဆီတစ်ပွင့်တော့ ပါလာခဲ့တယ်။ မယူချင်တဲ့သူကို အတင်းပေးလို့ မရမှန်းသိပါတယ်။ ဆူညံပျော်ရွှင်နေတဲ့ လူတွေကြားထဲ ငြိမ်ဆိတ်နေတဲ့ ကောင်လေးကို မနှင်းဆီတွေ့သွားလေရဲ့။

အနားကို ရောက်လာပြီး ဘာလက်ဆောင်ပေးမှာလဲလို့ မေးတယ်။ ပြောပြီးမှ ကောင်လေးကိုကြည့်ရင်း ဆောရီးလို့ ထပ်ပြောတယ်။ အရမ်းလည်း အားနာသွားတဲ့ ပုံစံပဲ။ ဒီထက်ပိုပြီး ဝမ်းနည်းစရာမရှိတဲ့ ကောင်လေးက ပြုံးပြီး အသက်တစ်ရာအနာမရှိ ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းနိုင်ပါစေလို့ တိုးတိုးလေးဆုတောင်းပေးလိုက်တယ်။ မနှင်းဆီမျက်နှာလေး ပြုံးသွားချိန်မှာပဲ ကောင်လေးက မြေပြင်ပေါ်က သစ်ရွက်ကြွေလေးတစ်ရွက်ကို ကောက်ပြီးပေးလိုက်ပါတယ်။ မင်သက်ပြီး မနှင်းဆီ ကြောင်ကြည့်နေသေးတယ်။ ပြီးမှ သဘောပေါက်ပြီး သစ်ရွက်ကြွေကလေးကို လှမ်းယူလိုက်တယ်။ ကမ်းလာတဲ့ လက်သွယ်သွယ်လေးဟာ သစ်ရွက်ကြွေလေးနဲ့ မထိခင်မှာဘဲ ကောင်လေးက သူ့လက်ကို ဆတ်ခနဲ လှုပ်လိုက်တယ်။ မနှင်းဆီ လက်ထဲရောက်သွားတဲ့ အချိန်မှာတော့ သစ်ရွက်ကြွေလေးဟာ နှင်းဆီတစ်ပွင့် ဖြစ်သွားလေရဲ့။ ချက်ချင်းလှည့်ထွက်ခဲ့တဲ့ သူ့အကြောင်း မနှင်းဆီ ဘာတွေးနေမှာလဲ။ သူ့အဖေဟာ ဆေးရောင်းရင် မျက်လှည့်ပြတတ်တာပဲလို့ တွေးနေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မနှင်းဆီဟာ ပျော်ရွှင်ရလွန်းလို့ မျက်ရည်ဝဲမတတ် ဖြစ်သွားရတယ်။ ရင်ထဲကလည်း 'ကောင်လေးရယ်' လို့ တိုးတိုးညည်းမိတယ်။ ဒီထက်ပိုပြီး မနှင်းဆီ ဘာတွေတွေးနေမှာလဲဆိုတာ ကောင်လေး မသိနိုင်တော့ပါဘူးလေ။

မနှင်းဆီ လက်မခံတော့တဲ့ နှင်းဆီပန်းတွေဟာ သူတို့ခြံတံခါးဝမှာ နေ့တိုင်းတစ်ပွင့်စီ ညှိုးခြောက်နေတာ မနှင်းဆီ တွေ့မလားတော့မသိဘူး။ ကောင်လေးကတော့ သူ့ရိုးရာကို အပျက်မခံနိုင်တာ စာမေးပွဲနောက်ဆုံးနေ့အထိပါပဲ။

စာမေးပွဲဖြေပြီးသွားတော့ ကောင်လေး အားနည်းလွန်းလို့ ဖျားပါတော့တယ်။ ဆင်းရဲတဲ့သူဆိုတော့လည်း အစားချို့တဲ့တာနဲ့ အိပ်ရေးပျက်တာ ရောသွားတာပေါ့။ သူများတွေလို အကောင်းစားအားဆေးတွေလည်း မမှီဝဲနိုင်ဘူးလေ။ အိပ်ယာထဲမှာ သုံးရက်လုံးလုံး မထနိုင်ဘဲ အပြင်းဖျားနေခဲ့ပြီး သူ့အဖေရဲ့ ဆေးနည်းတိုတွေနဲ့ပဲ ပြန်နေကောင်းလာခဲ့တယ်။

အိပ်ယာက ထနိုင်တဲ့အချိန်မှာ ကောင်လေး ပထမဆုံး သတိရတာ 'အိပ်မက်ဖြူ' ပဲ။ အမြန်လူးလဲထပြီး ခြံထဲကို ပြေးဆင်းသွားလိုက်တယ်။ မှုန်ဝါးနေတဲ့ အမြင်အာရုံဟာ တဖြေးဖြေးကြည်လင်လာချိန်မှာပဲ ကောင်လေးပါးစပ်ဖျားက ဟာခနဲ ရေရွတ်လိုက်မိတော့တယ်။ ဟုတ်ပါတယ်။ 'အိပ်မက်ဖြူ' ဆိုတဲ့ နှင်းဆီဖြူလေးတစ်





ပွင့်ဟာ ပင်ပျို့ထဲက ထိုးထွက်ပွင့်ဝေနေပါပြီ။ ဖူးသစ်စ 'အိပ်မက်ဖြူ'ကို မထိမတို့ရက်ဘဲ တယုတစိမ့်ကြည့်ပြီး ကောင်လေးဟာ ကတုန်တယင် ဖြစ်နေမိတယ်။ ဒီအချိန် သူဘာလုပ်ရမှာလဲ။ 'အိပ်မက်ဖြူ' ကိုခူးပြီး မနှင်းဆီကို သွားပေးလိုက်ရမှာလား။ ဒါပေမယ့် 'အိပ်မက်ဖြူ' ကို သူမခူးရက်ဘူး။ ဒီပန်းပင်လေးဟာ သူကိုယ်တိုင် ဖျိုးခဲ့တာဆိုပေမယ့် မနှင်းဆီနဲ့လည်း ဆိုင်တယ်လေ။ ဒါနဲ့ပဲ ပွင့်နေတဲ့ ပန်းအိုးလေးအတိုင်းပဲ ပေးဖို့ဆုံးဖြတ်လိုက်တယ်။

သွားမပေးခင် 'အိပ်မက်ဖြူ' ကို တဝကြီးငေးကြည့်နေတုန်း ကောင်လေးရဲ့ သူငယ်ချင်းတစ်ယောက်ဟာ သတင်းမေးဖို့ဆိုပြီး ရောက်လာပါတယ်။ နေကောင်းနေပြီဖြစ်တဲ့ ကောင်လေးကိုကြည့်ရင်း စာမေးပွဲပြီးတဲ့နေ့က သူငယ်ချင်းတွေ ဘယ်လိုစုပြီး ပျော်ကြတယ်။ ဘာညာနဲ့ ပြောပြတယ်။ ပြောရင်းနဲ့ စကားလမ်းကြောင်းသွားလို့လားမသိဘူး။ မနှင်းဆီတို့မိသားစု ဒီမနက်ပဲ သူ့အဖေတာဝန်ကျတဲ့မြို့ကို ပြောင်းသွားပြီလို့ လွှတ်ခနဲ ပြောမိတယ်။ သူငယ်ချင်းက ကောင်လေးရဲ့ ဖြစ်စဉ်တွေကို မသိဘူးလေ။

အဆုံးအရှုံးဆိုတာဘာလဲ ကောင်လေး မသိချင်တော့ဘူး။ သူကြုံးမရစိတ်တွေနဲ့ ပိုင်ရှင်မဲ့သွားတဲ့ 'အိပ်မက်ဖြူ' ကို အနားတိုးပြီး ပြောလိုက်တယ်။ အိပ်မက်ဆိုတာ ဖြူဖြူလေး မက်ခဲ့ရတာပဲ ကောင်းပါတယ် . . . အိပ်မက်ဖြူရယ်။ ဒီနေ့ကိုမှ မိုးမှောင်ခဲ့တဲ့ နတ်ဆိုးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအပြစ်ဆိုရပ့ါမလဲ။ အားလုံးဟာ ဖြူဖြူမှုန်မှုန် ပျောက်ကွယ်သွားတော့မယ်။

'အိပ်မက်ဖြူ' ကို ထိတွေ့တိုင်တည်နေတဲ့ ကောင်လေးရဲ့ လက်ဟာ ရုတ်တရက် စူးရှနာကျင်သွားတယ်။ ဆူးတစ်ခက်က သူ့လက်ကို သွေးစက်တွေ ဖြာထွက်သွားစေတာပါ။ ဒါပေမယ့် ကောင်လေးဟာ နာနာကျင်ကျင်ပဲ ကျေနပ်နေပါတော့တယ်။ 'အိပ်မက်ဖြူ' ကတော့ သခင့်အလိုကျ အစွမ်းကုန်ပွင့်ဝေလို့ပေါ့။

နောက်သုံးရက်မှာပဲ ဆူးစူးတဲ့ ဒဏ်ရာထဲကို မေးခိုင်ပိုးဝင်ပြီး ကောင်လေးဟာ ဆုံးပါးသွားခဲ့ပါတယ်။ အဲ့ဒီနေ့မှာပဲ 'အိပ်မက်ဖြူ' ဟာ လူမသိသူမသိဘဲ ညှိုးခြောက်သွားလေရဲ့။ ဘယ်နှစ်ဆောင်းတွေဝေလို့ ဘယ်နှစ်ဆောင်းတွေ ကြွေခဲ့ပြီမှန်း ကောင်လေးဟာ မသိနိုင်တော့ပါဘူး။

ဒါပေမယ့် ကောင်လေးလဲလျောင်းနေတဲ့ မြေပုံမို့မို့မှာတော့ တစ်ယောက်ယောက် လာစိုက်ထားသလို နှင်းဆီဖြူတွေဟာ မကြာခဏ ပွင့်ဝေလေ့ရှိတယ်။ ဆောင်းရာသီဆိုရင်တော့ နှင်းဆီပွင့်တာ အသဲဆုံးပဲ။ ဘယ်လိုပဲဖြစ်ဖြစ် နှင်းဆီဝတ်ရုံအောက်က ကောင်လေးဟာ 'အိပ်မက်ဖြူ' ကို ထာဝရမက်နေနိုင်ခဲ့ပြီပေါ့။

* * * *

စာအုပ်မြို့



# သူငယ်ချင်းဒိုင်ယာရီ

(၁)

အတိတ်ဆိုတာ
မျက်စိတစ်မှိတ်အတွင်းမှာ
ပြန်မြင်လာတတ်တဲ့ညမျိုး
ငါ့ကိုယ်ပေါ်ကိုလည်း
ခြေရာတွေလို တွားတက်လာတတ်တယ်။

ခဏခဏပါပဲ . . .
ပြန်မဆုံနိုင်တော့ဘူးဆိုတာ
မာရ်နတ်ရဲ့လက်နဲ့ ဖြည့်စွက်ခဲ့တဲ့အလား
အကြိမ်ကြိမ်ပြန်စဉ်းစားတိုင်း
သက်ပြင်းတွေ ရီဝေမှုန်မှိုင်းလာတတ်တာ
ကံကိုလည်း အပြစ်မတင်ရက်ပြန်ဘူး။

စာအုပ်မြို့

www.burmeseclassic.com

www.burmeseclassic.com

(၂)

တိမ်တွေဖြာခဲ့ပြီ . . .
လှပခြင်းကျောင်းဆောက်ဖို့လည်း
ငါတို့တွေ ပါရမီပါးခဲ့ရပြီ။
ဒါပါပဲ . . .
ညှိလို့မရတဲ့ကြိုးမှာ
ပြာမှုန်တွေအလိမ်းလိမ်းနဲ့
မီးတောက်တွေက ယိမ်းခဲ့လေတော့
ကိုယ့်ကိုယ်ကို သုတ်လိမ်းဖို့လည်း
သွေးစိမ်းတွေက အခန်းဆက်နဲ့လေ။

ယုံကြည်ရာရှာဖွေရင်း
ငါဟာ ဆူးပုံနင်းခဲ့မိတဲ့ကောင်ပါ။
ပြဇာတ်တစ်ပုဒ်လို
ငါ့ကိုယ်ငါ ရုံသွင်းပြီး
ရုန်းထွက်မရတဲ့ကောင်ပါ။
ဒါပဲလားဆိုတော့
ရေကြည်လာမှာကို မျှော်လင့်ရင်းနဲ့
မြက်နုကိုတော့ ပြက္ခဒိန်ထဲ ရှာမတွေ့ခဲ့ပြန်ဘူး။

စာဆုမြို့



(၃)

ဆိုခဲ့စေ မြဲစေ
ချစ်တယ်
ဟောဒီသံသရာထဲ ကမ္ဘာပျောက်မယ့်နေ့မှာမှ
မင်းစိတ်နဲ့ အိပ်စက်မယ့်ကောင်ပါ။

ချစ်သူတစ်ယောက်ရဲ့ ဝိုးတဝါးကို
သေချာတဲ့ဘာသာရပ်မှန်း
ကောင်းကင်က လျှပ်ပန်းလက်တယ်။

အစနဲ့အဆုံး
ရာဇဝင်တစ်ခုလုံးလည်း
တောက်ပခြင်းတွေ စုန်းစုန်းမြုပ်ခဲ့ပေါ့ပါ။

စာဆုမြို့

www.burmeseclassic.com

www.burmeseclassic.com



(၄)

ပီတိတွေ ဖြာတဲ့အခါ ဖြာမယ်
ဒီအသိမှာ ဆာတဲ့အခါဆာမယ်
ဒါပေမယ့်
အဲဒီမီးရှုံပဲ ငါယုံကြည်ခဲ့မိတာပါ။

လူ 'အန္ဓ' ရဲ့ ဖြစ်စဉ်တွေကိုလည်း
ပြာမှုန်တွေယှူကြုံးပြီး
နင်ယုံကြည်လိုက်ပါ။





(၃)

အခြေအနေမပီသလို့
တေလေပီသစွာပဲ ငါနေချင်နေမယ်။
နင့်အပေါ် ယုံကြည်ချက်ကတော့
တစ်စက်ကလေးမှ မယိုဖိတ်ခဲ့ပါဘူး။
အားလုံးကို အဲဒီစိတ်နဲ့ သွေးတိတ်စေခဲ့တာ။
ငါ့ကိုယ်ပေါ်က ဒဏ်ရာတွေလည်း
စံပယ်တွေတုံးမှ လုံးလုံးပျောက်တော့မှာလေ။
ဒါပေမယ့်
နောက်ဆုံးမင်းအကြည့်ကတော့
'သစ္စာ' ကို 'တဏှာ' က ခြောက်ခဲ့လေ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com


(၆)

ခေါင်းလောင်းသံတွေ ချိုတုန်းကတော့
ငါတို့ရဲ့အတိတ်တစ်ဒေသမှာ
ရယ်သံတွေ ပိုခဲ့ကြတယ်။
ကျောင်းတော်ဟာ စိမ်းစိုပြီး
ငါတို့နှစ်ယောက်လည်း
အဖြူနဲ့အစိမ်း လိမ်းခဲ့တာပေါ့။

ငါလိုကောင်အတွက်
ရုတ်တရက် မီးပြတ်တဲ့ညတွေဆို နင်က လင်းပွင့်
အသည်းတွေ ရင့်ခဲ့ရပြန်တယ်။

(၇)

မယုံရဲခဲ့ဘူး . . .
ဒါပေမယ့် အရှိကို မောင်းဖြုတ်ပြီး
နင့်ရှေ့ကို ရောက်ခဲ့တယ်လေ။
ငါ့ရဲ့သေတမ်းစာကို
အဲဒီတုန်းကပဲ ရေးသင့်ခဲ့မှန်း
မုန်တိုင်းသင့်မှ နားလည်ခဲ့ပေါ့။

မေ့သွားမှာပါ
အရူးတစ်ယောက် နှင်းဆီစူးတဲ့အဖြစ်မျိုး
နင် . . . မေ့သွားမှာပါ။
ဒဏ္ဍာရီထက် မပိုခဲ့ပေမယ့်
ဂါထာတစ်ပုဒ်နဲ့ နင်မန်းမှုတ်ခဲ့တာတော့
ငါ့မှာ စုံလုံးကန်းမတတ်ပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၈)

နှင်းမိုးတွေ တလဲ့လဲ့
ငါ့မှာ ညည်းတွားရတယ်။
စောင်းကြိုးပြတ်တဲ့ညတွေဆိုလည်း
ငါ့မှာ သိမ်းထုပ်ရပြန်တယ်။
အဖြူရင့်ရင့် ရင်ပြင်ပေါ်မှာ
ပန်းခိုးဖို့
ငါဟာ အတောမသတ်လည်း တိမ်းခဲ့ရတယ်။

ငါဆိုတဲ့ကောင်က
အတိတ်ကို ခိုစီးပြီး
အရိပ်ကို ပိုနီးစေခဲ့တာလား။
ဟင့်အင်း . . .
အဲဒီစိတ်နဲ့ဆိုရင်
'တပည့်တော်အချစ်စိတ်ကန်းပါရစေသား'
အဲဒီလိုလည်း ဆုတောင်းဖူးခဲ့တယ်။





(၉)

လူမသိ၊ လူမရှိတဲ့ အရပ်ကိုသွားပြီး
နင့်ကိုချစ်တယ်လို့ အော်ချင်တာ
နင်မကြားစေချင်လို့ပါ။

လွင်တီးခေါင်မှာမှ
မိုးကိုမျှော်နေမိတဲ့
ငါ့လိုအမိုက်ကန်းဆိုးမျိုး
မရှိနိုင်တော့ဘူးထင်ရဲ့နော် . . .။



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

အဝေးကိုပြေးမှ
သတိရစိတ်ဟာ ပိုမိုနီးကပ်လာရဲ့
ငါရွေးချယ်ခဲ့တဲ့ပန်းဟာလည်း
ချိုမြိန်တဲ့ ငရဲလမ်းဖြစ်ခဲ့ရပြီ။

ငါ . . . မသွားခဲ့ဘူး။
နင် . . . မလာခဲ့ဘူး။
ငါတို့ တိတ်ဆိတ်နေလိုက်ရင်ကော
ဒီဇာတ်လမ်းက မီးမှိတ်မှာတဲ့လား။





(၁၁)

ငါ . . . မသိစိတ်နဲ့တိုးမိရဲ့
နင် . . . သိစိတ်နဲ့ စွန့်မိရဲ့
နှလုံးသားလမ်းကြောင်းမှာ
နှစ်ယောက်စလုံး ကျွန်းခံမနေတော့လည်း
ရိုပ်မိလိုက်ကြရုံပေါ့
ငါတို့တွေ မိုက်လုံးကြီးခဲ့တာလေ။

ငါ့အတွက် ကြည်နူးစွာ ကြောက်ရွံ့နေရသလို
နင်
ကြောက်ရွံ့စွာ ကြည်နူးနေရတယ်
မတန်ပါဘူးကွယ် . . .
ဒီစိတ်တွေကို ပဲခွပ်နဲ့ ခုတ်လည်း
မျိုးမတုံးသွားတာက ခက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

ဘယ်အထိလဲ . . .

မျိုးစေ့ချခဲ့တဲ့မေးခွန်းဟာ

အညွန့်တလူလူတက်လာခဲ့ပြီ။

လိုက်မောခုန်ရီခဲ့ကြတဲ့ညတွေကို

သက်ပြင်းတွေ အစားထိုး

ငါတို့ . . . မျိုကျနိုင်ပါ့မလား . . . လို့။

သတိမရလို့မဟုတ်ဘူးနော်။

လင်းပခဲ့တဲ့နေ့တွေဆိုတာ

ငါ့အတွက် ရှားပါးသက်တမ်းတစ်ခုပါ။

ဒီခေတ်မှာ လူ့အဖြစ်ရတာကိုပဲ

နင့်တစ်ယောက်အတွက်နဲ့ ငါကျေးဇူးတင်တယ်။

www.burmeseclassic.com